
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ဖြန့်ချိရေး အောင်မြင့်စာပေ၊ ၂၀၁၄ ရုနစ် (ရုံးခွဲ) အုပ်ရေ (၅၀၀)၊ ပထမအကြိမ်၊

၈၉၅.၈၃
ကြီးဇော်
သုဝဏ္ဏကျိန်စာ ကျောက်မျက်နှာ/ကြီးဇော်။ - ရန်ကုန်၊
အောင်မြင့်စာပေ၊ ၂၀၁၄။
၂၅၁ - စာ၊ ၁၂.၅ x ၁၈.၃ စင်တီ။
(၁) ကြီးဇော်

# ဒေသနလက်ဆောင်

❖ ပျော်ရွှင်မှုနဲ့ အဆင်ပြေနေတဲ့အချိန်မှာ
မိတ်ဆွေစစ်တွေရဲ့ဆက်ဆံရေးကို
မတွေ့ရနိုင်ပေ။
ကြေကွဲမှုနဲ့ ဒုက္ခပင်လယ်ဝေတော့မှ
မိတ်ဆွေစစ်ရဲ့မျက်နှာကို တွေ့ရနိုင်ပါလိမ့်မယ်။

❖ အကယ်၍ သေရျာသောအလုပ်ကို လုပ်ဖို့
ထိုင်စောင့်နေလျှင်
ကုန်သွားတဲ့ အချိန်တွေက နမြောစရာပါ။
တစ်ခုခုလုပ်နေရင်းနဲ့ သေချာမှုကို
ရှာဖွေတာက ပိုကောင်းပါတယ်။

❖ ငြိမ်သက်နေတဲ့ ရေမျက်နှာပြင်ပေါ်
ကျောက်ခဲတစ်လုံးကျတာ
အချိန်မကြာလှပါဘူး။
လှိုင်းဂယက်တွေကတော့
အချိန်အတော်ကြာအောင် ထနေကြပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ သင့်မှာ ငွေတစ်ကျပ်ပဲရှိရှိ
ငွေတစ်သိန်းပဲရှိရှိ
ခြားနားခြင်းကို ရေတွက်နေခြင်းဖြင့်
အချိန်ကုန် ခံမနေပါနဲ့၊
ညီမျှခြင်းရအောင် ကြိုးစားသင့်ပါတယ်။

❖ သင်သည် အချစ်ကို တန်ဖိုးထားတတ်လျှင်
ချစ်သူကို ချစ်တာလား
ဒါမှမဟုတ် သင့်ရင်ထဲက အချစ်ကို ချစ်နေတာလား၊
ကွဲကွဲပြားပြားသိအောင် ကြိုးစားရပါမယ်။

❖ အချစ်ကို ပိုင်ဆိုင်ခွင့် ရခါနီးမှ
ဆုံးရှုံးလိုက်ရခြင်းသည်
သူ့အချစ်ကို လုံးဝမရလိုက်တာထက်စာရင်
ဖြေသာသော အကြောင်းတစ်ခု ဖြစ်ပါတယ်။

BURMESE CLASSIC

# ဒဿနလက်ဆောင်

❖ အချစ်က လောကရဲ့အလှတရားတွေကို
မဖျက်ဆီးနိုင်ပါဘူး၊
လောကရဲ့လှည့်စားမှုတွေကသာ
အချစ်ကို အစိတ်စိတ် အမြွှာမြွှာကွဲအောင်
ပြုလုပ်နိုင်ကြပါတယ်။

❖ စိတ်သည် မျက်စိပေါင်းများစွာဖြင့် ကြည့်ရှုနိုင်ပါတယ်၊
အချစ်က မျက်စိတစ်ခုပဲ ရှိပါတယ်၊
ဒါပေမယ့် အဲဒီ မျက်စိတစ်လုံး
အမှောင်ဖုံးသွားရင်တော့
လောကမှာရှိတဲ့ အရာအားလုံး
အမှောင်ဖုံးသွားတာနဲ့ အတူတူဖြစ်ပါတယ်၊

❖ လူတိုင်းမှာ အပြစ်ကိုယ်စီ ရှိခဲ့ကြသည်၊
နည်းတာများတာပဲ ကွာခြားသည်၊
ထိုအပြစ်ကို ဖုံးကွယ်ရန် ကြိုးစားသူကတော့
အတော်များများ ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com

# အသယနှလက်ဆောင်

❖ ဘဝမှာ အလင်းရောင် ပေါက်ပနေသော အချိန်၌
မိတ်ဆွေတွေများနဲ့
အရိပ်တစ်ခုက နောက်မှာရှိပါတယ်။
ဘဝအလင်းရောင် ပျောက်သွားရင်တော့
ထိုအရာများလည်း ရှိကြတော့မည် မဟုတ်ပေ။

❖ စိုးရိမ်စိတ်ကြောင့်
ကြိုတင်ကာကွယ်မှုများ ပြုကြသည်၊
ကြိုတင်ကာကွယ်မှု ပြုတာများတော့
အများအချို့လည်း ပါလာနိုင်ပေသည်၊

❖ အလုပ်တစ်ခုတွင်
အမြတ်ပေါ် အမြတ်ရအောင် ပြုလုပ်နိုင်ခြင်းမှာ
အရည်အချင်း မဟုတ်သေးပေ၊
အရှုံးထဲမှ အမြတ်ရအောင် ကြိုးစားနိုင်မှ
အရည်အချင်းကောင်းဖြစ်သည်၊

# ဤဝတ္ထု၌ ပါဝင်သောအခန်းများ


အခန်း(၁) ကွယ်ပျောက်နေသည့်ရတနာသိုက်များ
အခန်း(၂) ဦးသက္ကနှင့် အန္တရာယ် ခရီးအစ
အခန်း(၃) ရှေ့တုံးဖြင့် ဈေးဝယ်လာသောသူ
အခန်း(၄) တောနက်ထဲမှ အန္တရာယ်များ
အခန်း(၅) ကျောက်မျက်နှာတောင်ကြားမှ အဆက်အနွယ်များ
အခန်း(၆) သန်းခေါင်ယံအချိန်လာသော ဧည့်သည်များ
အခန်း(၇) ကျောက်မျက်နှာတောင်ကြားသို့ စတင်ခရီးထွက်ခြင်း
အခန်း(၈) လျှို့ဝှက်သော အကြံအစည်ရှိသူများ
အခန်း(၉) သရဲလက်မှ သဘက်လုသောအဖြစ်
အခန်း(၁၀) အသားထဲမှ လောက်ထွက်သူများ
အခန်း(၁၁) ဘဝဟောင်းမှ သွေးစဉ်မျိုးဆက်
အခန်း(၁၂) ငမှန်ကန်းဘုမ္မိသိုက်ကျမ်းအကြောင်း
အခန်း(၁၃) အမှောင်ဂိုဗ်အတွင်းမှ အန္တရာယ်များ
အခန်း(၁၄) မရဏကျိန်စာ ကျောက်မျက်နှာ
အခန်း(၁၅) မြလက်စွပ်နှင့် သွေးစဉ်မျိုးဆက် သက်သေ
အခန်း(၁၆) မရဏကျိန်စာ ကျောက်မျက်နှာ
အခန်း(၁၇) အချိုမြဆုံး အပြုံးမျက်နှာ


www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁)

# ကွယ်ပျောက်နေသည့် ရတနာသိုက်များ

တစ်နေ့သ၌ ဒေါက်တာမင်းထင်ကျော် နေအိမ်သို့ ဖိတ်စာတစ်စောင် ရောက်လာလေသည်။

ဒေါက်တာမင်းထင်ကျော်က ၎င်းထံရောက် လာသော ဖိတ်စာကို ကြည့်လိုက်သောအခါ ဖိတ်ကြားသူမှာ ၎င်းနှင့်ခင်မင်ရင်းနှီးသော ပွဲစားကြီး ဦးဘဆင်ဖြစ်ကြောင်း တွေ့ရှိလေသည်။ ဦးဘဆင်မှာ လမ်းမတော်ကမ်းနားလမ်းဘက်တွင် ပွဲရုံ အမြောက်



www.burmeseclassic.com

www.burmeseclassic.com



အမြားပိုင်ဆိုင်ထားသူဖြစ်ကာ ကိစ္စတစ်ခုတွင် ဒေါက်တာမင်းထင်ကျော်က ဝင်ရောက်အကူအညီပေးခဲ့သောကြောင့် နောက်မှတွေ့ကြရသည်ဆိုစေကာမူ ရှေးကတည်းက ခင်မင်သိကျွမ်းခဲ့သူပမာ ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံလေသည်။

ဖိတ်ကြားသော အကြောင်းအရာမှာ . ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူပြီးနောက် . ရေစက်ချအခမ်းအနားသို့တက်ရောက်ရန် တကူးတက ဖိတ်စာပို့ပြီး ဖိတ်ကြားခြင်းဖြစ်သည်။

ပြုလုပ်မည့်နေရာမှာတော့ ရွှေတိဂုံစေတီတော် စနေထောင့်၌ရှိသော ပုညကုသလ ဗဟုကုရအသင်း (စီ. အမ်. အေတန်ဆောင်း)တန်ဆောင်းသို့ဖြစ်ပြီး နံနက်ပိုင်းအချိန် ကြွရောက်ပါရန် ဖိတ်ကြားထားခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်မှာ အသက်(၃၀)ကျော်အရွယ် လူလတ်ပိုင်းအရွယ်ပင် ရှိသေးသော်လည်း လူကြီးပိုင်းရောလူငယ်ပိုင်းတို့နှင့်ပါမကျန် ခင်မင်ရင်းနှီးသူဖြစ်သည်။

သူသည် ရန်ကုန်တက္ကသိုလ်မှ သိပ္ပံဘွဲ့အပြင် နိုင်ငံခြားတက္ကသိုလ်မှလည်း ဒေါက်တာဘွဲ့ ထပ်မံယူခဲ့သေးသည်။

ငှင်းလေ့လာလိုက်စားသော ပညာရပ်မှာ ရှေးဟောင်းသုတေသန လုပ်ငန်းများပင်ဖြစ်သည်။

ရှေးဟောင်း သုတေသနလုပ်ငန်းဆိုသည်မှာ ရှေးနှစ်ပေါင်းများစွာကရှိခဲ့သော နေရာများနှင့် အရာဝတ္ထုများကို ရှာဖွေလေ့လာရခြင်းဖြစ်ရာ . . စွန့်စွန့်စားစား ခရီးရှည်များကိုလည်း





မကြာခဏ သွားလာရလေ့ရှိသည်။

ထိုကဲ့သို့သောခရီးရှည်များ သွားလာရခြင်း ပင် သူကများစွာနှစ်သက်သဘောကျပေသည်။

ဒေါက်တာမင်းထင်ကျော်အနေဖြင့် လျှို့ ဆန်းကြယ်သော ကိစ္စများကိုလည်း စိတ်ဝင်စားမှုရှိပေရာ မ ဒအဆိုသလို အန္တရာယ်များဖြင့် တွေ့ကြုံရပေသည်။

ထိုအတွေ့အကြုံများကပင် သူ့အတွက် နိုးမဖြတ်နိုင်သော အတွေ့အကြုံများ ဖြစ်ခဲ့ရသည်။

သူနေထိုင်သောနေရာမှာ ကုလားခြံရပ်က တွင်းတစ်နေရာ၌ ခြံကျယ်ကြီးတစ်ခုအတွင်းမှာ မိဘများ အ ပေးထားခဲ့သော ရှေးလက်ရာဖြင့် ဆောက်လုပ်ထားသည့် ကြီး၌ဖြစ်သည်။

ကုလားခြံရပ်ကွက်ဟု ခေါ်သောနေရာမှ . ယခု ရွှေတောင်ကြားရပ်ကွက်ဟုခေါ်သော နေရာဘက်ဖြ ၊ ရွှေတိဂုံစေတီတော် မြောက်ဘက်တွင်ရှိသဖြင့် . 'မြော ဘက်ကုန်း၊ မြောက်ဘက်ချောင်' ဟုလည်း ခေါ်ဝေါ်ကြသည်၊

ရှေးအခါက . တောင်ဒဂုံလမ်း(ယခု ဝတီလမ်း) မြောက်ဘက်တွင် လူနေအိမ် သိပ်မရှိဘဲ . သစ် ကြီးများနှင့်တောများရှိသည်။

နောက်ပိုင်းတော့ . နွှစားနွားမွေးသော လားများရောက်လာပြီး နွားမွေးသောခြံများ ပြုလုပ်ကြသ ဖြင့် ကုလားခြံရပ်ကွက်ဟု ခေါ်ဝေါ်ကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် ကုလားခြံများသာမကပဲ ပန်းနှင့် ရာသီထွက် အသီးအပင် စိုက်ပျိုးသူများပါ ရောက်လာပြီး လာရောက်နေထိုင်ခဲ့ရာမှာ ရပ်ကွက်တစ်ခုပမာ ဖြစ်လာခဲ့သည်။ ထိုအချိန်က. . သစ်ပင်ကြီးများနှင့် တောချုံများ ထူထပ်စွာရှိသဖြင့် မြွေမျိုးစုံတို့အပြင် အခြားတောကောင်များလည်း ပေါလှသဖြင့် တစ်ခါတစ်ရံ တောပစ်ဝါသနာပါသူတို့ ရောက်လာပြီး တောပစ်ကြသည်။

ထိုနေရာတွင် ရွှေခုံတိုင်(ယခုရွှေဂုံတိုင်)ဘက်မှ မြေနီကုန်းဘက်သို့ ဖြတ်လမ်းသဖွယ် ဖောက်ထားသော ဘောင်ဒရီလမ်းမကြီးတစ်လမ်းသာရှိပြီး. . အခြားလမ်းငယ်ကလေးများကတော့ နေထိုင်သူတို့က မိမိတို့အစီအစဉ်ဖြင့် ဖောက်ထားသော မြေနီလမ်းကလေးများသာ ရှိကြသည်။

ဒေါက်တာမင်းထင်ကျော်က အေးအေးချမ်းချမ်းနေလိုသူဖြစ်သောကြောင့် မြို့ထဲမှာနေရခြင်းထက် ထိုနေရာမျိုးမှာ နေရခြင်းကို ပိုမိုနှစ်သက်မှုရှိလေသည်။

ဒေါက်တာမင်းထင်ကျော်အနေဖြင့် အခြားသူများလက်အောက်၌ ဝန်ထမ်းဘဝဖြင့် လုပ်ကိုင်ရသည်ကို မနှစ်သက်သဖြင့် လွတ်လပ်စွာ နေထိုင်ခဲ့သော်လည်း. . အစိုးရဝန်ထမ်းများအပါအဝင် အလွှာစုံမှ လူအတော်များများနှင့် ခင်မင်ရင်းနှီးမှုရှိလေသည်။

တစ်ခါတစ်ရံ အကြောင်းတိုက်ဆိုင်ပါက ၎င်းတို့ထံမှ အကူအညီယူရလေ့ရှိရာ. . အားလုံးနှင့် ပေါင်းသင်းထားရလေသည်။





ထို့ကြောင့်လည်း ယခုအခါ ပွဲစားကြီး ဦးဘ. .င်မှ တကူးတကဖိတ်ကြားလာသောအခါ သွားရန်ဆုံးဖြတ်. . .်သည်။

အလှူပြုလုပ်မည့်နေ့မှာ (၁၉၃၅)ခုနှစ်၊ မ. . .က်တိုဘာလ(၁၁)ရက်၊ သောကြာနေ့၊ (၁၂၉၇)ခုနှစ်၊ သီတင်း. .ျတ်လပြည့်နေ့) ဖြစ်သည်၊

ထိုနေ့သို့ရောက်သောအခါ ကားမယူပေ. .ဘဲ မြောက်ဘက်မုခ်မှ တက်သောလမ်းအတိုင်း ရင်ပြင်တော်. . .ပေါ်သို့. . တက်သွားလေသည်။

သီတင်းကျွတ်လပြည့်၊ အဘိဓမ္မာအခါ. .ော်နေ့ ဖြစ်သဖြင့် ရင်ပြင်တော်ပေါ်တွင် ဘုရားဖူးရန် ရောက်. .ကြသည့် ရဟန်းရှင်လူ အတော်များများရှိကြသည်။

ယခုမျက်မှောက်ကာလကဲ့သို့ အခါကြီး. .်ကြီးတွင် ရင်ပြင်တော်ပေါ်တွင် လူတိုးမရလောက်သည့်အ. . .ဘော့ မများလှပေ။

အချို့တန်ဆောင်းများအတွင်းမှ ဝတ်အ. . .းအဖွဲ့တို့မှ ခမ္မစကြာတရားတော်များ ရွတ်ဖတ်ပူဇော်နေကြ. .ဘ အသံအချို့ကို ကြားနေရသည်။

ဒေါက်တာမင်းထင်ကျော်သည် မြော. .်ဂက်မုခ်မှ တက်သောလမ်းအတိုင်း တက်လာရာ ရင်ပြင်တော. . .ပ်ရောက်သောအခါ လက်ဝဲဘက်တွင် လောကပါလမယ်တော်. .ပ်တုအနီး ရောက်သောအခါ လက်အုပ်ချီကာ အရိုအသေပေး. . .က်သည်။ ပြီးမှ ဆက်လျှောက်လာပြီး ရာဟုထောင့် အောင်. . သို့ရောက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ စေတီတော်မြတ်ကြီးအား ထိုနေရာမှ ကန်တော့လေသည်။

ပြီးမှ စနေထောင့်၌ရှိသော စီအမ်အေ တန်ဆောင်းဘက်သို့ ဆက်လျှောက်လာခဲ့လေသည်။

အလှူပြုလုပ်နေသော တန်ဆောင်းသို့ ရောက်သောအခါ ပွဲစားကြီး ဦးဘဆင်တို့မိသားစုအပြင် အခြားဖိတ်ကြားထားသော ဧည့်သည်များကိုပါ တွေ့ရလေသည်။

ဒေါက်တာမင်းထင်ကျော် ရောက်သွားသောအခါ. . ဦးဘဆင်ကိုယ်တိုင် ကြိုပြီး ခေါင်းရင်းဘက်မှာရှိသော ဝိုင်းတစ်ဝိုင်းသို့ ပို့ပေးလေသည်။

"အခုလို ကြွရောက်ချီးမြှင့်တာ ဝမ်းသာလှပါရဲ့ဗျာ. . ဟိုဘက်မှာ ဆရာနဲ့ ရင်းနှီးပြီးသားမိတ်ဆွေတွေလည်း ရှိကြပါတယ်၊ အဲ့ဒီမှာ စကားစမြည်ပြောကြပါဦး"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြပြီး ထိုဝိုင်းသို့သွားလေရာ ရောက်နှင့်နေသူအချို့မှာလည်း သူနှင့်သိကျွမ်းပြီးသား ပုဂ္ဂိုလ်များဖြစ်နေသောကြောင့် အဆင်ပြေသွားလေသည်။

ထို့ကြောင့်. . . ထိုစကားဝိုင်းမှာပင် ဝင်ထိုင်လိုက်လေသည်။

ထိုစကားဝိုင်းတွင် လူငါးယောက်ရှိနေကြသည်။ ပုလိပ်မင်းကြီးဟောင်း ဦးဘိုးထင်၊ စက်ရှင်တရားသူကြီးဟောင်း ဦးစိန်မောင်၊ ဆရာဝန်ကြီး ဦးမောင်လေး၊ ဝတ်လုံတော်ရမင်း ဦးဘကျော်တို့အပြင် အခြားတစ်ယောက်ပါ စုစုပေါင်းငါးယောက်ရှိကြရာ. . သူရောက်သွားသောအခါ ခြောက်ယောက် ဖြစ်သွားတော့သည်။

ထိုစကားဝိုင်းမှာ ရောက်နေကြသူများတွင်. . သူတစ်ယောက်သာ လူရွယ်ဖြစ်ပြီး. . ကျန်ငါးယောက်မှာ အသက်ခြောက်ဆယ်ကျော်အရွယ်များပင် ဖြစ်ကြလေသည်။

ဒေါက်တာမင်းထင်ကျော် ရောက်သွားသော အခါ အားလုံးက ခင်မင်ရင်းနှီးစွာဖြင့် နှုတ်ဆက်ကြသည်။

"ကျုပ်တို့ စကားဝိုင်းကောင်းနေတုန်း ဒေါက်တာပါ ရောက်လာတော့ ပိုပြီးအဆင်ပြေသွားတာပေါ့၊ ဒေါက်တာက ကျုပ်တို့ထက် အသက်ငယ်ပေမယ့် အတွေ့အကြုံပေါ ဒါးတယ်ဗျ"

ဝတ်လုံတော်ရ ဦးဘကျော်က စကားပရိယာယ်ကြွယ်ဝသူပီပီ. . လူတစ်ဖက်သား ကျေနပ်လောက်သော စကားမျိုးဖြင့် စတင်ပြောလေရာ ကျန်လူများက ဦးခေါင်းတညိတ်ညိတ်ဖြင့် အသိအမှတ်ပြုကြလေသည်။

"အသက်ကြီးတော့ တစ်နည်းသာ ဆိုသလိုပါပဲ၊ အားလုံးက ကျွန်တော်ထက်. . အသက်အရွယ်အရရော ပညာဗဟုသုတပါ သာတဲ့ပုဂ္ဂိုလ်တွေ ဖြစ်နေလေတော့ ကျွန်တော်အနေနဲ့ နားထောင်ရုံပရိသတ်ပဲ လုပ်ပေးပါရစေ. ."

ထိုစကားကြောင့် အားလုံးက သဘောကျစွာဖြင့် ရယ်မောလိုက်ကြပြီး၊ 'စကားအရာမှာလည်း လိမ္မာပါးနပ်မှု ရှိလှပါပေတယ်' ဟုဝန်ခံကြရလေသည်။

ထို့နောက်မှာတော့. . ၎င်းတို့ပြောလက်စ စကားလမ်း







www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကို ပြန်ဆက်ပြောကြသေးသည်။

"ကျုပ်တို့ မြန်မာလူမျိုးတွေက အတော်လေးခက်ကြတယ်ဗျ၊ ကိုယ်ကျိုးသာရမယ်ဆိုရင် တိုင်းပြည်ကိုတောင် ရောင်းစားမယ့်လူတွေ များတယ်၊ သီပေါဘုရင် နန်းကျတာ ကိုယ့်လူထဲက သစ္စာဖောက်လို့ မဟုတ်ဘူးလား"

ဝတ်လုံတော်ရ ဦးဘကျော်က ပြောသောအခါ ပုလိပ်မင်းကြီးဟောင်း ဦးဘိုးထင်က ပြန်လည်ချေပသည်။

"ခင်ဗျားပြောတဲ့စကားက မှန်သင့်သလောက် မှန်တယ်ဆိုပေမယ့်. . အားလုံးတော့ မှန်မယ်မထင်ဘူးဗျ၊ တိုင်းပြည်မှာ ကိုယ်ကျိုးရှာ သစ္စာဖောက်တဲ့လူတွေရှိသလို. . ကိုယ်ကျိုးစွန့်ပြီး အနစ်နာခံတဲ့သူတွေလည်း ရှိပါသေးတယ်"

အခြားသူများက ဘာမှဝင်မပြောသော်လည်း ၎င်းတို့ပြောနေသည့်စကား အကြောင်းအရာများကို လက်ခံသည့်အနေဖြင့် ခေါင်းညိတ်ပြကြသည်။

"နောက်တစ်ခုပြောရဦးမယ်ဗျ ကျုပ်တို့လူမျိုးတွေက ကံကိုတော့ အလွန်ယုံကြည်ကြတယ်၊ ဉာဏ်နဲ့ဝီရိယကိုတော့ သင့်သလောက်ပဲ အသုံးပြုဖို့ စိတ်ကူးကြတယ်"

"ဘယ်လိုအကြောင်းကြောင့်လည်း. . ပြောပါဦး ဦးဘကျော်ရဲ့"

"တခြားမကြည့်ပါနဲ့၊ ကျုပ်တို့တိုင်းပြည်မှာ မြေပေါ်မြေအောက်မှာ ရွှေငွေကျောက်သံပတ္တမြားတွေရော တခြားအဖိုးတန်တဲ့ သယံဇာတပစ္စည်းတွေ မြောက်မြားစွာရှိနေကြတယ်၊





အဲ့ဒါတွေကို ဘယ်လိုရအောင် ကြိုးစားဖို့တော့ စိတ်ကူးမရှိဘူး၊ ထမင်းစားဖို့ စပါးစိုက်မယ်၊ ဟင်းစားရဖို့ ငါးရှာမယ်ဆိုပြီး အေးအေးပဲနေကြတယ်၊ ဒါကြောင့်. . ဆင်းရဲတွင်းက မတက်နိုင်ကြတာ မဟုတ်ပေဘူးလား"

ထိုစကားကြားတော့. . စက်ရှင်တရားသူကြီးဟောင်း ဦးစိန်မောင်ကပါ ဝင်ပြောလေသည်။

"ဦးဘကျော်ပြောတာ မှန်သင့်သလောက်တော့ မှန်ပါတယ်၊ ကျုပ်တို့ တိုင်းပြည်မှာက ထမင်းနပ်မှန်အောင် စားနေရရင် ကျန်တာကို သိပ်စိတ်မဝင်စားကြဘူး၊ ကံရှိရင် တစ်နေ့ချမ်းသာမှာပဲဆိုပြီး ထိုင်စောင့်နေချင်သူတွေက များတယ်"

"ကံမရှိ ဉာဏ်ရှိတိုင်းမွဲ၊ ဉာဏ်မရှိ ကံရှိသော်လည်းမွဲ ဆိုတဲ့စကားလိုပေါ့ဗျာ၊ ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးစလုံး ပြည့်စုံရင်တော့ ကောင်းတာပေါ့ဗျာ၊ ဒီမှာတော့. . အသိပညာမရှိကြလို့ ဆင်းရဲတွင်းနက်နေကြတယ်ဆိုရင် ပိုပြီးမှန်ပါလိမ့်မယ်"

ဆရာဝန်ကြီး ဦးမောင်လေး စကားကိုတော့ အားလုံးက စိတ်ဝင်စားကြလေသည်။

"ဆက်ပြောပါဦး ဆရာကြီးရဲ့"

"တခြားမကြည့်ပါနဲ့၊ မိုးကုတ်နယ်ဘက်မှ ကျောက်မျက်ရတနာတွေ အတော်ပေါပါတယ်၊ ပတ္တမြားငမောက်လို ကျောက်မျိုးကိုတောင် လယ်ထွန်ရင်းနဲ့ ရခဲ့ကြတယ်၊ ဒါပေမယ့် ဘာမှန်းလည်းမသိ၊ ဘယ်လောက်တန်ဖိုးရှိမှန်းမသိတော့. . မားသွေးကျောက်တုံးလောက်တောင် တန်ဖိုးရှိတယ် မထင်လို့ ဒီအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပစ်ထားခဲ့ကြတယ် မဟုတ်လား"

"ညဘက် ကျောက်တုံးက အလင်းရောင်ထွက်နေတော့ ထမင်းစားခါနီး ပတ္တမြားကျောက်တုံးကြီး ဘေးမှာချပြီး ထမင်းစားကြတာပဲ"

"အဲဒါပေါ့ဗျာ ကိုယ့်လက်ထဲကို ပြည်တန်တဲ့ပတ္တမြားကြီးရောက်နေတာတောင် ဘာမှန်းမသိမှတော့ ဆင်းရဲတွင်းနက်ကြတာ ဘယ်မှာဆန်းပါတော့မလဲ"

"ဒါဖြင့် ဦးမောင်လေးပြောချင်တာက ရှိနေတာတွေကို ရအောင်မလုပ်၊ သိအောင်မလုပ်ကြလို့. . ဆင်းရဲနေကြရတယ် လို့များ ဆိုချင်ပါသလား"

စက်ရှင်တရားသူကြီးဟောင်း ဦးစိန်မောင်က တရားသူကြီးလေသံမျိုးဖြင့် ဝင်မေးလိုက်ရာ. . ဦးမောင်လေးက ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

"အမှန်ပါပဲ. . ကျုပ်ပြောချင်တာ ဒီအဓိပ္ပါယ်ပါပဲ"

ထိုသို့ပြောနေကြသည်ကို နံဘေးမှတစ်ချိန်လုံးထိုင်ပြီး နားထောင်နေသောလူကြီးက ဝင်ရောက်ပြောဆိုလေသည်။

"ကျုပ်နာမည်က ဦးသက္ကလို့ခေါ်ပါတယ်၊ ကျုပ်က ဦးဘဆင်နဲ့ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ပါပဲ၊ ဒီစကားဝိုင်းမှာ ကျုပ်ရဲ့ထင်မြင်ယူဆချက်လေးတွေကို တစ်ဆိတ်လောက် ပြောပါရစေ"

"ပြောပါဗျာ. . ပြောပါ"

"ကျုပ်ပြောချင်တာက မိတ်ဆွေကြီးတို့ စောစောက





ပြောသလိုပါပဲ၊ ကျုပ်တို့တိုင်းပြည်မှာ တန်ဖိုးမဖြတ်နိုင်လောက်အောင် တန်ဖိုးရှိတဲ့ သယံဇာတပစ္စည်းတွေ ရှိနေတယ်ဆိုတာလည်း အမှန်ပါပဲ၊ ဒီပစ္စည်းတွေရှိမှန်းသိလို့ ကြိုးစားပြီး ရှာဖွေနေကြတဲ့သူတွေလည်း ရှိတာအမှန်ပါပဲ"

ထိုစကားကြားသောအခါ အခြားသူများက စိတ်ဝင်စားမှု အတန်အသင့်မျှသာရှိကြသည် ဆိုစေကာမူ ဒေါက်တာမင်းသင်ကျော်ကတော့ များစွာစိတ်ဝင်စားမိလေသည်။

သို့ကြောင့်. . အာရုံပြုကာ နားထောင်နေလေသည်။

ဦးသက္ကဆိုသောလူကြီးက စကားဆက်ပြောသည်။

"တချို့ရတနာပစ္စည်းတွေက သုံးထိုက်မှသုံးရတယ်. . ရထိုက်မှရတယ်၊ ကံ၊ ဉာဏ်၊ ဝီရိယတွေနဲ့ သိပ်မဆိုင်ဘူးဗျ"

"ဒါဖြင့်. . ဘယ်လိုနဲ့များ သက်ဆိုင်နေပါသလဲ"

ပုလိပ်မင်းကြီးဟောင်း ဦးဘိုးထင်က. . ဝင်မေးလိုက်သည်။

"ရတနာပစ္စည်းတွေကို စောင့်ရှောက်နေတဲ့ ပုဂ္ဂိုလ်တွေနဲ့ သက်ဆိုင်တာမျိုးတွေရှိပါတယ်. . သူတို့ခွင့်ပြုပေးရင်ရတယ်၊ ခွင့်ပြုမပေးရင် ရဖို့မပြောနဲ့ မြင်တောင် မမြင်ရပါဘူး၊ ဒါကြောင့် ကျုပ်သဘောပြောရရင်တော့. . သာမန် ဥစ္စာပစ္စည်းတွေထက် ထူးခြားတဲ့ ဥစ္စာပစ္စည်းတွေမျိုးကြတော့ ကံ၊ ဉာဏ်၊ ဝီရိယနဲ့ သက်ဆိုင်ဘဲ စောင့်ရှောက်တဲ့ပုဂ္ဂိုလ်ခွင့်ပေးမှ ရတာမျိုးတွေ ရှိပါတယ်"

"မိတ်ဆွေကြီးပြောတဲ့သဘောက ဥစ္စာသိုက်တွေကို



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေတဲ့ ပုဂ္ဂိုလ်တွေက သူတို့ပေးချင်တဲ့လူကို ပေးပြီး၊ မပေးချင်ရင် မြင်ခွင့်တောင်မပေးတဲ့ သဘောမျိုးလား"

ဦးဘကျော်က မေးသောအခါ ဦးသက္ကက ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

"အမှန်ပါပဲ. . ကမ္ဘာပေါ်မှာ ရွှေငွေရတနာတွေ အများကြီးနဲ့ပျောက်နေတဲ့နေရာတွေ၊ မြို့ကြီးတွေ အများကြီးရှိပါတယ်၊ ဒါကြောင့် ကြိုးစားပြီး လိုက်လံရှာဖွေနေကြတဲ့ သူတွေလည်း အများကြီးရှိပါတယ်၊ တချို့က. . မြင်ဖူးတွေ့ဖူးရုံလောက်ပဲရှိပြီး တချို့ မြင်ခွင့်တောင်မရနိုင်ပါဘူး"

"ဥပမာ ပြောရရင်. . အတ္တလန္တိတ် ရွှေမြို့တော်ကြီးလို… ဖြစ်မှာပေါ့ဗျာ၊ ပင်လယ်ရေအောက်တစ်နေရာမှာ ရှိနေပါရက်… ရှာမတွေ့ကြသေးဘူး၊ တခြားမြို့ပျောက်ကြီးတွေလည်း ဒီလို… ဖြစ်မှာပေါ့၊ ကျုပ်တို့မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းမှာတော… ဒီလိုကြီးကျယ်ခမ်းနားတဲ့ မြို့ပျောက်တစ်ခု ရှိနေတာပဲ"

ပုလိပ်မင်းကြီးဦးဘိုးထင်စကားကို ကျန်နေသူများက… စိတ်ဝင်စားကြလေသည်။

"ဘယ်မြို့ပျောက်လဲဗျ"

"သုဝဏ္ဏဘုမ္မိ မြို့တော်ကြီးလေဗျ၊ ဒီအကြောင်းကို… တဲ့ သုတေသနပညာရှင်တွေရော ရွှေငွေရတနာရှာဖွေသူတွေ… အခုထိရှာနေကြသေးတာပဲ ဘယ်မှာတွေ့သေးလို့လဲ၊ ဒါကြော… ကျုပ်ကတော့ ဟောဒီကမိတ်ဆွေကြီး ဦးသက္ကပြောပြတဲ့အချ… ကို လက်ခံတယ်လို့ ပြောရတော့မှာပဲ"





ပုလိပ်မင်းကြီးဟောင်း စကားကြားသောအခါ အချို့သဘောတူသူရှိသလို. . အချို့ကလည်း အပြည့်အဝသဘောတူခြင်းမျိုးတော့ ရှိကြဟန် မတူပေ။

ပါးစပ်မှ အတိအလင်းဖွင့်မပြောသော်လည်း ၎င်းတို့၏ဟန်အမူအရာများက သက်သေခံလျက်ရှိကြသည်။

သို့သော် ပါလီမန်အမတ် ရွေးပွဲလည်းမဟုတ်၊ အစည်းအဝေးဆုံးဖြတ်ချက် ရယူနေခြင်းမျိုးလည်း မဟုတ်ကြသဖြင့်. . မည်သူကမှ အတိုက်အခံ မပြောကြတော့ပေ။

ထို့နောက်မှာတော့ ထိုအကြောင်းအပြင်. . အခြားအကြောင်းအရာများပါ ပြောဆိုနေကြစဉ်. . . ပွဲစားကြီးဦးဘဆင်ရောက်လာပြီး. . .၊

"ကိုင်း. . . စကားကောင်းတာလည်း ကောင်းကြပျာ၊ တိုမှာ အစားအသောက်တွေ ပြင်ဆင်ပြီးနေတာမို့ ကြွရောက်သုံးဆောင်ကြပါဦး"

ဟု ဖိတ်ခေါ်သဖြင့် စကားဝိုင်းသိမ်းကာ ထသွားကြလေသည်။ စားသောက်ပြီးသောအခါမှာတော့ ဦးဘဆင်တို့ မိသားစုကိုနှုတ်ဆက်ပြီး အသီးသီးပြန်ကြလေရာ လူစုကွဲသွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ဦးသက္ကဆိုသော လူကြီးရှိရာသို့ လျှောက်သွားလေသည်။

"ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်၊ ကျွန်တော်က စောစောက စကားဝိုင်းမှာ ဦးပြောသွား…



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အကြောင်းအရာမျိုးတွေကို စိတ်ဝင်စားမှုရှိပါတယ်"

"စောစောကတည်းက မောင်မင်းထင်ကျော်ရဲ့ အမှုအရာကို ကျုပ်သတိထားမိပါတယ်"

"ကျွန်တော် ဦးနဲ့ အေးအေးဆေးဆေး စကားပြောချင်ပါသေးတယ်၊ ဦးက ဘယ်မှာနေပါသလဲ"

"မဝေးလှပါဘူး၊ နှတ်မောက်လမ်းမှာပဲ နေတာပါ။ ကျုပ်ကလည်း ဒီအကြောင်းမျိုးတွေကို စိတ်ဝင်စားတယ်ဆိုရင် ပြောပြချင်တာလေးတွေ ရှိပါသေးတယ်၊ မောင်ရင်လာမယ် ဆိုရင်တော့ ကျုပ် လိပ်စာရေးပေးခဲ့ပါ့မယ်"

"ဟုတ်ကဲ့. . ကျွန်တော် လာခဲ့ပါမယ်"

ဟုပြန်ပြောလိုက်သောအခါ ဦးသက္ကက အိတ်ထဲမှ စာရွက်နှင့်ဖောင်တိန်ကို ထုတ်ပြီး. . ၎င်းလိပ်စာကို ရေးပေးခဲ့ပြီးနောက် နှုတ်ဆက်ကာ နေရာမှထွက်သွားလေတော့သည်။





# အခန်း (၂)

# ဦးသက္ကနှင့်အန္တရာယ်ခရီးအစ

ချိန်းဆိုထားသောနေ့သို့ ရောက်သောအခါ နံနက်ပိုင်းအချိန်မှာပင် ကားဖြင့် ဦးသက္ကရှိရာသို့ သွားလေသည်။ ဘောင်ဒိုလမ်းမှ ရွှေခုံတိုင်၊ ရွှေခုံတိုင်မှ နတ်မောက်လမ်းသို့ သွားရာခရီးမဝေးလှပေ။

ပေးထားသောလိပ်စာမှာ နတ်မောက်လမ်းမှာ အတွင်းချိုးခွဲဝင်သွားသော လမ်းအတွင်း၌ဖြစ်သဖြင့် ထိုလမ်းအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားလေရာ လိပ်စာအတိုင်း ချောချောမောမော ရောက်သွားလေသည်။

ဟွန်းတီးလိုက်သောအခါ ခြံစောင့်က အကျိုးအကြောင်းမေးပြီး ခြံတံခါးဖွင့်ပေးသဖြင့် တောက်လျှောက်မောင်းဝင်သွားပြီး သင့်တော်သောနေရာတွင် ကားရပ်ထားလိုက်လေသည်။

ကားပေါ်မှမဆင်းခင်ပင် အိမ်ကြီးအခြေအနေကိုကြည့်ရာ ရှေးဆန်လှသော အိမ်ကြီးတစ်ဆောင်ဖြစ်မှန်း မြင်တွေ့ရသည်။

ကားပေါ်မှဆင်းသွားသောအခါ အိမ်ထဲမှ ဦးသက္ကထွက်လာပြီး ကြိုသည်။

ထို့နောက် အိမ်ထဲသို့ခေါ်သွားပြီး ဧည့်ခန်းမှာရှိနေသောမိသားစုများနှင့် မိတ်ဆက်ပေးသည်။

များများစားစားတော့ မဟုတ်ပေ။

ဇနီးဖြစ်သူ ဒေါ်စောမြနှင့် သမီးဖြစ်သူ စောမြဝတီတို့နှစ်ယောက်ပင်ဖြစ်သည်။

ဒေါ်စောမြသည် အသက်(၅၀)ကျော် အရွယ်ခန့်ရှိပြီး စောမြဝတီကတော့ (၂၅)နှစ်ခန့်သာရှိသေးပြီး ကျက်သရေရှိသော အလှပိုင်ရှင် မိန်းမပျိုတစ်ဦးဖြစ်သည်။

ရှည်လျားသော ဆံပင်ရှည်ကို တစ်ပတ်လျှို ထုံးထားပြီးကျောဘက်သို့ ချထားပြီး ရိုးရိုးယဉ်ယဉ် ပြုပြင်ထားသော်လည်းဖြူဝင်းသော အသားအရေ နက်မှောင်သောဆံပင်၊ နက်မှောင်သည့်မျက်ခုံး၊ တောက်ပသည့်မျက်လုံး၊ ဖြောင့်စင်းသောနှာတံနှ





နီထွေးသောနှုတ်ခမ်းတို့မှာ ရိုးရိုးယဉ်ယဉ်ဖြင့် လှပသော မိန်းမပျိုတစ်ယောက်၏ အင်္ဂါရပ်နှင့် ညီညွတ်မှုရှိလေသည်။

ကိုယ်လုံးကိုယ်ထည်ကလည်း အရပ်အမောင်းနှင့်လိုက်လျောညီထွေရှိကာ လှပလေသည်။

ခြုံ၍ပြောရလျှင် 'စောမြဝတီ'မှာ မဟာဆန်ဆန်ဖြင့်လှပချောမောသူတစ်ယောက်ပင်ဖြစ်သည်။

ထို့နောက် ဦးသက္ကက ဒေါက်တာမင်းထင်ကျော်အားအောက်ထပ်၌ပင်ရှိသော. . အခန်းတစ်ခန်းသို့ ခေါ်သွားလေသည်။

၎င်းတို့အတွက်လိုအပ်သော အစားအသောက်တို့ကိုလည်း စောမြဝတီကပင် အိမ်ဖော်မလေးတစ်ယောက်နှင့် လာရောက်ပြင်ဆင်ပေးသည်။

အားလုံးပြီးတော့မှ ဦးသက္ကက စကားစလေသည်။

"မောင်မင်းထင်ကျော်က ကျုပ်ပြောတဲ့အကြောင်းအရာတွေကို စိတ်ဝင်စားတယ်ဆိုတော့ ဘယ်လိုအချက်မျိုးတွေကိုပိုပြီး စိတ်ဝင်စားမှုရှိသလဲ"

"ရှေးဟောင်းနေရာတွေနဲ့. . မြို့ပျောက်ကြီးတွေအကြောင်းကို ပိုပြီးစိတ်ဝင်စားပါတယ်၊ ကျွန်တော်တို့ မြန်မာနိုင်ငံနယ်နိမိတ်အတွင်းမှာလည်း ကွယ်ပျောက်နေတဲ့ မြို့ပျောက်ကြီးတွေ အပါအဝင် ထူးခြားတဲ့နေရာတွေ ရှိတယ်ဆိုတာ မှတ်တမ်းတွေအရ သိရပါတယ်၊

ကျွန်တော်က သာမန်နေရာမျိုးထက် အဲ့ဒီလိုနေရာမျိုး



www.burmeseclassic.com

www.burmeseclassic.com



တွေ ရှာဖွေရတာ ပိုပြီး စိတ်ဝင်စားပါတယ်၊ ဒါကြောင့် သက်ဆိုင်ရာ မှတ်တမ်းတွေကိုလည်း စုဆောင်းထားပါတယ်"

ထိုစကားကြားသောအခါ ဦးသက္ကမှာ မျှားစွာကျေနပ်သွားဟန်ရှိလေသည်။

ဆင်စွယ်ဖြင့် ပြုလုပ်ထားဟန်ရှိသော ဆေးတံအတွင်းသို့ ဆေးမှုန့်များဖြည့်ကာ မီးညှိပြီး တစ်ဖွာနှစ်ဖွာ ဖွာလိုက်ရာ သင်းပျံ့သော ဆေးနံ့များ ထွက်လာလေသည်။

ဒေါက်တာမင်းထင်ကျော်အနေနှင့်လည်း အိတ်ကပ်ထဲမှ စီးကရက်ကိုယူပြီး သောက်ချင်စိတ် ဖြစ်ပေါ်လာသော်လည်း မသောက်တော့ဘဲ စားပွဲပေါ်မှ ကော်ဖီပန်းကန်ကိုယူ၍ တစ်ကျိုက်မော့သောက်ပြီး ပြန်ချထားလိုက်သည်။

"မောင်မင်းထင်ကျော် မှတ်သားထားတဲ့ အချက်အလက်တွေထဲက တချို့လောက်ပြောပြပါလား"

"မြန်မာနိုင်ငံအတွင်းမှာ ကွယ်ပျောက်နေတဲ့ နေရာအတော်များများရှိပါတယ်၊ လူသိအများဆုံးကတော့ သုဝဏ္ဏဘူမိ မြို့ဟောင်းကြီးပါပဲ"

ဦးသက္ကက ခေါင်းညိတ်ပြသည်။

"တခြားနေရာတွေလည်း အတော်များများ ရှိပါသေးတယ်၊ အထူးသဖြင့်တော့ အထက်ပိုင်းဒေသတွေမှာ ရှေးကလူတွေ တည်ထောင်သွားခဲ့တဲ့ သူတို့နေသွားခဲ့ကြတဲ့နေရာတွေ အတော်များများ ရှိကြပါတယ်"

"မှန်ပါတယ်"





"ဒါပေမယ့် . . အခုလို နှစ်ပေါင်းများစွာကြာတဲ့အခါမှာတော့ တချို့မြို့ဟောင်းကြီးတွေလောက်သာ တွေ့နိုင်ပြီး၊ တချို့ကတော့ ကွယ်ပျောက်နေကြပါတယ်"

"အဲဒါကိုရော မောင်မင်းထင်ကျော်အနေနဲ့ ဘယ်လိုများ သဘောရသလဲ"

"ကျွန်တော်အမြင်ပြောရရင်တော့ တချို့နေရာမျိုးတွေဟာ တန်ဖိုးရှိတဲ့ ရွှေငွေရတနာတွေရှိတော့ . . မထိုက်တန်တဲ့လူတွေကို တွေ့ခွင့်မပေးတာလည်း ဖြစ်နိုင်ပါတယ်"

"ဘယ်သူတွေကလဲ"

"သက်ဆိုင်ရာပုဂ္ဂိုလ်တွေကပါ"

ထိုစကားကြားသောအခါ ဦးသက္ကမှာ များစွာသဘောကျသွားဟန်ရှိလေသည်၊

၎င်းမျက်နှာပေါ်တွင် အပြုံးရိပ်အချို့က ဖုံးမရဖိမရ ပေါ်လာလေသည်။

"အမှန်ပေါ့ကွယ် ဒီနေရာမှာတော့ မောင်မင်းထင်ကျော်နဲ့ ကျုပ်နဲ့က အတော်ကလေး သဘောထားကိုက်ညီမှု ရှိပါတယ်၊ ဘုရားပေါ်မှာ ကျုပ်ပြောခဲ့သလိုပဲပေါ့ . . ဒီကိစ္စမျိုးတွေက ကံ၊ ဉာဏ်၊ ဝရိယတွေနဲ့ သိပ်မသက်ဆိုင်ဘူး၊ ကံ၊ ဉာဏ်၊ ဝီရိယတွေနဲ့ လိုက်ရှာပေမယ့် တွေ့ရချင်မှ တွေ့ခွင့်ရတာ မဟုတ်လား"

"ဟုတ်ပါတယ် ဦး"

"ဒီနေရာမျိုးတွေကို အမိကရှာဖွေချင်တယ်၊ လေ့လာချင်တယ်ဆိုရင် အဲ့ဒီနေရာတွေနဲ့ သက်ဆိုင်တဲ့ ဆက်နွယ်တော်



www.burmeseclassic.com

www.burmeseclassic.com



သက်တဲ့ ပုဂ္ဂိုလ်တွေနဲ့ သဟဇာတဖြစ်ဖို့ အရေးကြီးတယ်လေ”

“ဒါလည်းမှန်ပါတယ် ဒါတွေကို သိနေပုံထောက်တော့ ဦးမှာ ဒီလိုကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ အတွေ့အကြုံတွေများ ရှိပါသလား”

ဒေါက်တာမင်းထင်ကျော်က စကားကို အလိုက်သင့် ပြောနေရင်းမှ လိုချင်သော စကားဦးတည်ချက်ကို ပြောင်းပေးလိုက်လေသည်။

ထိုသို့မေးလိုက်သောအခါ . . ဦးသက္ကက သောက်နေသောဆေးတံကို ဆေးလိပ်ထည့်သော ခွက်ထဲသို့ ဆေးမှုန့်ပြာများခေါက်ချကာ ဆေးတံပြန်ချထားလိုက်သည်။

ပြီး . . အသင့်ချထားသော ကော်ဖီခွက်တစ်ခွက်ကို ယူသောက်ရင်းနှင့် စကားစလေသည်။

“ရှိပါသော်ကောမောင်ရင် . . ရှိလို့သာ အခုလိုပြောနိုင်တာပေါ့၊ နောက်ပြီး ဘုရားပေါ်မှာမောင်ရင်နဲ့တွေ့စကတည်းက ဒီအကြောင်းတွေကို ပြောသင့်တဲ့သူတစ်ယောက်လို့ပဲ ထင်မြင်ယူဆမိပါတယ်၊ ဒါကြောင့်လည်း အခုလိုတကူးတက အိမ်ကိုလာဖို့ ဖိတ်ခေါ်ရတာပေါ့”

“ကျေးဇူးတင်ပါတယ်”

“ဘာမှ ကျေးဇူးတင်စရာ မလိုဘူး၊ တကယ်ဆိုရင် ကျုပ်ကသာ မောင့်လိုလူမျိုးနဲ့တွေ့ရတာကို ကျေးဇူးတင်ရမှာ”

“ဘယ်လိုကြောင့်ပါလဲ”

“ဘယ်လိုကြောင့်လဲဆိုတော့ ကျုပ်မသေခင်မှာ ဒီအကြောင်းတွေကို တစ်ယောက်ယောက်ကို ပြောပြပြီးတော့ လုပ်ချင်တာတွေရှိတယ်၊ ဒါပေမယ့် အားကိုးလောက်တဲ့ လူမျိုးကရှာမတွေ့လို့ အကြံရခက်နေတုန်းမှာ မောင်ရင်လို ဒီအကြောင်းမျိုးတွေကို စိတ်ဝင်စားတဲ့သူမျိုး စွန့်စွန့်စားစား သွားလာလုပ်ကိုင်ချင်တဲ့သူမျိုးနဲ့ တွေ့ရလို့ပေါ့ မောင်မင်းထင်ကျော်ရယ်”

ဟု ပွင့်ပွင့်လင်းလင်း ပြောပြလေသည်။

ဒေါက်တာမင်းထင်ကျော်ကလည်း သူ့အတွက်ချပေးထားသော ကော်ဖီပန်းကန်ကို ယူပြီးသောက်လိုက်သည်။

“ကျွန်တော် အကူအညီပေးနိုင်မယ့် ကိစ္စမျိုးဆိုရင် အကူအညီပေးပါ့မယ်”

ဦးသက္ကက ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

“ဒါထက် တစ်ခုတော့ ကြိုတင်မေးပါရစေ . . ဘယ်လိုမှတော့ မထင်ပါနဲ့”

“မေးပါခင်ဗျာ”

“တကယ်လို့ ကျုပ်ပြောတဲ့အကြောင်းတွေ နားထောင်ပြီးရင် စွန့်စွန့်စားစား သွားလာရမယ်ဆိုရင်ကော သွားလာနိုင်ပါ့မလား”

“သွားနိုင်ပါတယ် ကျွန်တော်က အဲ့သည်ခရီးမျိုး သွားလာရတာမျိုး သဘောကျပါတယ်”

“ဟန်ကျတာပေါ့ကွယ်၊ နောက်တစ်ခုက မောင်မင်းထင်ကျော်မှာ အိမ်ထောင်ရှိသလား”

“ဗျာ. . .”







www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်သော စကားကြောင့် ဒေါက်တာမင်းထင်ကျော်မှင် အံ့သြသွားလေသည်။

"အော် . . ဒီလိုမေးရတာက အကြောင်းရှိလို့ပါ။ ကျုပ်တို့အတွက် အရေးကြီးတဲ့ကိစ္စမျိုးလည်း ဖြစ်နေလို့ပါ"

"ကျွန်တော်က လူလွတ်တစ်ယောက်ပါ။ တပည့်တွေနဲ့နေပြီး ဝါသနာပါတဲ့အလုပ်တွေကို လွတ်လွတ်လပ်လပ် လုပ်နေတာပါ ဘယ်လိုကြောင့်မေးတာလဲဆိုတာ သိချင်ပါတယ်"

"သိရပါစေမယ် . . ကျုပ်ပြောတဲ့အကြောင်းတွေကို နားထောင်ပြီးတဲ့အခါ ဒီအကြောင်းကိုလည်း သိရမှာပါ။ ဒီလို . . . မောင်မင်းထင်ကျော်ရဲ့"

ဟု အစချီကာ အောက်ပါအတိုင်း အကြောင်းအရာတို့ကို ပြောပြလေသည်။

ဦးသက္ကတို့ ဘိုးဘေးများမှာ သီပေါဘုရင် ထီးနန်းစိုးစံစဉ်က နန်းတွင်း၌အမှုထမ်းသောသူများ ဖြစ်ကြလေသည်။ နောက်ပိုင်းတွင် နန်းတွင်းအရေးတော်ပုံများ ရှုပ်ထွေးလာသောအခြေအနေတွင် . . ၎င်းတို့ပိုင်ဆိုင်သော ရွှေငွေရတနာများကို စုဆောင်းသယ်ယူကာ ဘေးလွတ်ရာသို့ ရှောင်တိမ်းပြေးကြလေသည်။

နောက်ပိုင်း မန္တလေးနေပြည်တော်အား ဗြိတိသျှနယ်ချဲ့တို့က သိမ်းပိုက်ခဲ့ကြလေသည်။

ထိုအခါ နန်းတွင်းအခြေအနေများက ပိုမိုရှုပ်ထွေးသွားလေတော့သည်။





သီပေါဘုရင်ကို လိုလားကြည်ညိုသောသူများ၊ မလိုလား မနှစ်သက်သူများ၊ တိုင်းပြည်အရေးအခင်းကို စိတ်သောက ရောက်နေကြသူများ၊

တောမီးလောင် တောကြောင်လက်ပမ်းပေါက်ခတ်သူများဖြင့် အခြေအနေမှာ များစွာရှုပ်ထွေးနေလေတော့သည်။

နေပြည်တော်တစ်ခုလုံး ရန်သူများလက်အောက် မရောက်မီအချိန်တွင် မြန်မာတပ်မှူး၊ တပ်သားတို့မှာ ရှောင်တိမ်းသွားကြကာ လက်နက်ဖိုလ်ပါစုရုံးပြီး တိုက်ပွဲများဆင်နွှဲရန် ပြင်ဆင်နေကြရာ တစ်နိုင်ငံလုံးမှာ ကျီးလန့်စာစား အခြေအနေမျိုးသို့ ရောက်နေလေသည်။

ထိုအခြေအနေမျိုးတွင် မျိုးချစ်တော်လှန်ရေးသမားများက မိမိတို့တိုင်းပြည်ကိုကျူးကျော်ကာ ဝင်ရောက်သိမ်းပိုက်ထားသော နယ်ချဲ့များကို နည်းအမျိုးမျိုးဖြင့် ခုခံတိုက်ခိုက်ကြရာ . . နေရာဒေသအသီးသီးတွင် တိုက်ပွဲများဖြစ်ပွားလျက်ရှိသည်။

ထိုကဲ့သို့ပင် . . တောမီးလောင် တောကြောင်လက်ပမ်းပေါက်းခတ်ဆိုသကဲ့သို့ ခေတ်ပျက်နေသော အချိန်ကာလတွင် နေရာအနှံ့အပြား၌ ဆိုးခိုးလုယက်နေကြသူများက ရှိနေကြသည်။

မန္တလေးနေပြည်တော်တစ်ခုလုံး ဗြိတိသျှနယ်ချဲ့များလက်အောက်သို့ ကျရောက်ကာ သီပေါမင်းပါတော်မူပြီးနောက်တွင် နန်းတွင်းမှာ အမှုထမ်းနေကြသော တပ်မှူး၊ တပ်သားတို့ တိမ်းရှောင်သွားကြသလို နန်းတွင်းအမှုထမ်းများလည်း ပါဝင်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

အချို့လည်း တိုင်းပြည်ပျက်နေသောအချိန်တွင်. . . စုဆောင်းထားသော ရွှေငွေရတနာများကို တစ်ပါတည်း သယ်ဆောင်ကာ နယ်အဝေးသို့ ထွက်ပြေးကြလေသည်။ ထိုအခြေအနေကိုသိသော လူဆိုးဓားပြတို့က ရတနာပစ္စည်းများနှင့် ထွက်ပြေးလာသူများကို လိုက်လံရှာဖွေ စုံစမ်းပြီး တွေ့သည်နှင့် ပစ္စည်းလည်းယူ လူကိုလည်း အလွတ်မပေးပဲ သတ်ဖြတ်ကြလေသည်။

ထိုအခြေအနေမျိုးတွင် အသက်လုပြီး ပြေးလွှားနေကြသောသူများထဲတွင် ဦးသက္က၏ ဘိုးဘွားမိဘများလည်း ပါကြလေသည်။

ထိုအချိန်က. . . မန္တလေးမြို့နှင့် အထက်နယ်များတွင် ဗြိတိသျှတပ်များနှင့် မျိုးချစ်တော်လှန်ရေးတပ်တို့မှာ နေရာအနှံ့အပြားတွင် တိုက်ပွဲများဖြစ်နေကြသောကြောင့် မအေးချမ်းပေ။

အောက်ဘက်နယ်များ၌သာ စစ်ဘေးရန်မှ အတန်အသင့် လွတ်ကင်းနေသကဲ့သို့ ရှိသည်။

သို့ဖြင့် ၎င်းတို့မိသားစုများမှာ အောက်နယ်ဘက်သို့ ထွက်ပြေးခဲ့ကြရာ နောက်ဆုံး ကရင်ပြည်နယ်ဘက်သို့ ရောက်ခဲ့ကြသည်။

ရှေးအခါက ကရင်ပြည်နယ်မှာ နေထိုင်သူလူဦးရေထူထပ်မှုမရှိလှဘဲ အနည်းငယ်မျှသာပင်ရှိသည်၊

နေရာအတော်များများမှာ တောင်များ၊ သစ်တောကြီး





များနှင့် မြစ်ချောင်းများက နေရာယူထားလေသည်။ အများအားဖြင့်တော့ နေရာအတော်များများမှာ သစ်တောကြီးများက နေရာသူဖုံးလွှမ်းထားလေသည်။

နောက်ဆုံးတော့ ၎င်းတို့သည် ဘီလင်းချောင်းဖျားပိုင်းရှိ ကရင်ရွာလေးတစ်ရွာသို့ ရောက်သွားကြရာ ထိုရွာကလေးမှာပင် ဇာတ်မြှုပ်ကာနေထိုင်ခဲ့ကြလေသည်၊

ထိုအချိန်က ဦးသက္ကမှာ အသက်(၂၀)ပင်မပြည့်သေးသော လူငယ်တစ်ယောက်သာဝပင် ရှိသေးသည်။

၎င်းတို့သည် ခေတ်ပျက်သောကြောင့်သာ ပြေးလာကြသူများဖြစ်သော်လည်း ထိုအရပ်ဒေသမျိုးတွင် နေထိုင်ဖူးခြင်းမရှိသလို ရောက်ဖူးခြင်းလည်း မရှိပေ။

သို့သော်လည်း. . ရောက်သည့်နေရာမှာ အဆင်ပြေအောင်နေပြီး ဝမ်းစာရရှိအောင်တော့ သင့်တော်သော နည်းလမ်းရှာဖွေပြီး လုပ်ကိုင်စားသောက်ကြရလေသည်။

နောက်ပိုင်း နေသားကျလာသောအခါမှာတော့. . ထိုဒေသတွင် မည်သို့လုပ်ကိုင်စားသောက်ရမည်ကို ဦးသက္ကတစ်ယောက် သဘောပေါက်လာလေသည်။

၎င်း၏ ဖခင်ဖြစ်သူမှာ ဦးရွှေရုံဆိုသူဖြစ်ရာ ဦးသက္ကက ၎င်းလုပ်လိုသော လုပ်ငန်းအကြောင်းကို ပြောပြသောအခါ. . ပထမတော့ မိသားစုများက လက်မခံချင်ကြပေ။

အကျိုးအကြောင်းပြပြီး အမျိုးမျိုးပြောပြတော့မှ ဖခင်ဖြစ်သူ ဦးရွှေရုံက. .



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း မင်းဒီလောက်ဆန္ဒရှိနေတော့လည်း လုပ်ကြ ကြတာပေ့ါ၊ ဒါပေမယ့် မင်းတစ်ယောက်တည်းတော့ ခွင့်မပေ နိုင်ဘူး . . . ငါပါအတူလိုက်မယ်"

ဟု ပြောလေသည်။

ဦးသက္ကကတော့ ၎င်းဖခင် ပင်ပန်းမည်စိုးသောကြော မလိုက်စေလိုပေ။

နောက်ဆုံးမှာတော့ သားအဖနှစ်ယောက် အတူတ ပြုလုပ်ရန် သဘောတူကြပြီးနောက် လုပ်ငန်းစတင်ဆောက်ရွ ကြလေတော့သည်။

၎င်းတို့ ပြုလုပ်ကြသောအလုပ်မှာ အခြားတောမဟုတ် ပါချေ။

လှေတစ်စင်းဖြင့် မြစ်ရိုးအစုန်အဆန်သွားပြီး ကု ရောင်းကုန်ဝယ်ပြုကြသော အလုပ်ပင်ဖြစ်ပေသည်။

ဦးစွာပေါင်းမိုးပါပြီး လူ(၁၀)ယောက်ခန့်နှင့် ကုန်ပစ္စည် များတင်ဆောင်နိုင်သော ကျွန်းသားလှေတစ်စင်းကို ဝယ်ယူကြ သည်။

လှေထိုး၊ လှေခတ်ကျွမ်းကျင်သူတို့ကို ရှာဖွေခေါ်ယူ သည်။ ၎င်းနောက် အနီးဝန်းကျင်မှာရှိသော မြို့ငယ်ကလေးများ မှ အဝတ်အထည်များ၊ အစားအသောက်များ၊ ဆေးဝါးများ အခြားအသုံးအဆောင် ပစ္စည်းများကို လှေတစ်စင်းပြည့်အောင် ဝယ်ယူကြသည်။

၎င်းနောက်မှာတော့ မြစ်ရိုးတစ်လျှောက်၊ ချောင်းရိုးတစ်





လျှောက်တွင်ရှိသော ရွာငယ်ကလေးများသို့ လှည့်လည်ရောင်းချ ကြလေသည်။

လှေထိုးသားအဖြစ် လိုက်လာကြသူတို့မှာ ထိုဒေသခံ များဖြစ်ကြသည့်အပြင် နယ်မြေဒေသကျွမ်းကျင်သူများ ဖြစ်ကြ ဖြင့် လူသူအရောက်အပေါက်နည်းသော နေရာများ၊ ရွာများ သို့ ရောက်ကြလေသည်။

ထိုနေရာများ၊ ရွာများတွင်နေကြသူများမှာ ဗမာစကား ကောင်းစွာ နားမလည်ကြသူများဖြစ်ရာ လှေထိုးလိုက်လာ သူများက စကားပြန်အဖြစ် ပြုလုပ်ပေးကြရသည်။

ထိုရွာများသို့လှည့်လည်၍ ကုန်ပစ္စည်းများရောင်းချရာ တော့ ငွေရသည်ကနည်းသည်။

၎င်းတို့ရှာဖွေထားသော ကုန်ပစ္စည်းများနှင့် လဲယူရ သည်က များလေသည်။

၎င်းတို့ထံမှပြန်ရသော ကုန်ပစ္စည်းများမှာ အခြားမ ဟုတ်ကြပေ။

ရွှေတုံးများ၊ ကျောက်စိမ်းတုံး၊ ပတ္တမြားစသော တန်ဖိုး ရှိသော ရတနာပစ္စည်းများပင် ဖြစ်လေသည်။

ထိုရတနာပစ္စည်းများမှာလည်း တောရွာများမှာနေသူ များက တောထဲသွားရင်း၊ တောင်ပေါ်တက်ရင်း တွေ့သဖြင့် . . သယ်ဆောင်လာကြခြင်းဖြစ်ကာ ဤရွှေမည်မျှ တန်ဖိုးရှိသည်ကို တော့ မသိကြပေ။

ဦးသက္ကတို့အတွက်ကတော့ . . ပြေးရင်းလွှားရင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရတနာပုံဆိုက်သောကိန်းမျိုးနှင့် ကြုံတွေ့ကြရခြင်းပင်ဖြစ်ကြလေသည်။

အထက်ပါအကြောင်းအရာအချို့မှာ. . . ဦးသက္ကက ဒေါက်တာမင်းထင်ကျော်ကို ပြောပြသော အကြောင်းအရာများမှ ရှေ့ပိုင်းအခြေအနေဖြစ်သည်။

နောက်ပိုင်းအခြေအနေများမှာ ပိုမိုစိတ်ဝင်စားဖွယ်ရာကောင်းလှပေသည်။





## အခန်း (၃)

# ရွှေတုံးဖြင့်ဈေးဝယ်လာသောသူ

ရှေ့၌ရေးသားဖော်ပြခဲ့သည့်အတိုင်း. . . ဦးသက္ကတို့အတွက်တော့ အဆိုးထဲမှအကောင်း၊ ဒါမှမဟုတ် ပြေးရင်းလွှားရင်းနှင့် ဒုက္ခများဖြင့် တွေ့ကြုံနေရစဉ်မှာပင်. . မမျှော်လင့်ဘဲ ရတနာတွင်း တက်နင်းမိသော အဖြစ်မျိုးဖြင့် ကြုံတွေ့ကြရခြင်းဖြစ်သည်။

နောက်ပိုင်းမှာတော့ ယခင်ကလို အသွားအပြန်မလုပ်



www.burmeseclassic.com

www.burmeseclassic.com



လိုကြတော့သဖြင့် မြစ်ဖျားပိုင်းတစ်နေရာ၌ရှိသော ရွာကြီးတစ်ရွာတွင် စခန်းယောက်ချပြီး ထို့ထက်ဝေးသောနေရာများသို့ သွားရောက်ရောင်းချကြရန် ကြံစည်စိတ်ကူးကြခြင်း ဖြစ်လေသည်။

လူသူအရောက်အပေါက်နည်းသော နေရာများသို့. . သွားရောက်ရောင်းချပါက ထို့ထက်ပိုမိုပြီး အကျိုးစီးပွားရရှိလိမ့်မည်ဟုလည်း မျှော်လင့်ထားကြလေသည်။

သို့ကြောင့်. . ထို့ထက်ပိုမိုကြီးသော လှေကြီးတစ်စင်းကို ရှာဖွေဝယ်ယူကာ ကုန်ပစ္စည်းမျိုးစုံတို့ကိုလည်း မြောက်မြားစွာ တင်လေသည်။

ယခင်ကခေါ်ထားသော လှေသမားလေးယောက်အပြင် နောက်ထပ်လှေသမားလေးယောက်ကို ထပ်မံခေါ်ယူသဖြင့် လှေပေါ်မှာ လူအတော်များသွားလေသည်။

ဦးသက္ကတို့ သားအဖနှစ်ယောက်နှင့် ပေါင်းပါက. . စုစုပေါင်း (၁၀)ယောက်ဖြစ်သွားလေသည်။

၎င်းတို့ခေါ်ထားသော လှေထိုးသားများမှာ ဒေသခံများဖြစ်ပြီး အတော်များများမှာ ကရင်လူမျိုးများ ဖြစ်ကြသည်။

အားလုံးမှာ တောထဲတောင်ထဲမှာပင် မွေးဖွားကြီးပြင်းလာကြသူများဖြစ်သဖြင့်လည်း. . ပင်ပန်းသောအလုပ်များကို ကောင်းစွာလုပ်နိုင်ကြသည်။

ဦးသက္ကတို့သားအဖအတွက်တော့ များစွာအားကိုးရသော အလုပ်သမားများ ဖြစ်ကြသည်။

ထိုအထဲတွင် ၎င်းတို့အတွက် များစွာအားကိုးရသော





ကိုသာမောင်ဆိုသော လူတစ်ဦးလည်း ပါဝင်လေသည်။

ကိုသာမောင်မှာ အသက်(၃၅)နှစ်အရွယ်ခန့်ရှိပြီး မြန်မာလူမျိုးတစ်ဦးဖြစ်သည်။

ထိုအရပ်ဒေသမှာပင် နှစ်ပေါင်းများစွာ နေထိုင်ကြီးပြင်းသူဖြစ်သဖြင့် ထိုအရပ်ဒေသများအကြောင်းကို ကောင်းစွာသိအားသိထားသူဖြစ်သည်။

အလုပ်မျိုးစုံလုပ်ခဲ့သဖြင့်လည်း သူမလုပ်ဖူးသောအလုပ်မရှိသလို သူမရောက်ဖူးသောနေရာလည်း မရှိသလောက်ရှားလေသည်။

လှေသူကြီးဖြစ်သူ ဦးရွှေရုံကတော့ ကိုသာမောင်ကို သူ၏လက်ထောက်တစ်ယောက်အဖြစ်ထားကာ အစစအရာရာတိုင်ပင်ပြောဆိုလေ့ရှိသည်။

"မောင်သာမောင်ရောက်လာတာ ကျုပ်ဖြင့် အတော်အလေးအားရှိတာပဲ၊ ရှေးကပြုခဲ့တဲ့ ရေစက်ကြောင့်ပဲထင်ပါရဲ့ သွေးရင်းသားရင်းလိုပဲ ခင်မင်မိပါရဲ့"

"စိတ်ချပါခင်ဗျား၊ ကျွန်တော်ကလည်း လှေသူကြီးတို့သားစုအပေါ် ခင်မင်မိပါတယ်၊ ဒါကြောင့် ဘယ်လိုကိစ္စမျိုးမဆိုတိုင်ပင်ဆွေးနွေးနိုင်ပါတယ်၊ ကျွန်တော်ကိုလည်း လူရင်းတစ်ယောက်လို သဘောထားပြီး ခိုင်းစေနိုင်ပါတယ်"

ဟု ပုံအပ်ထားလေသည်။

ယခုတစ်ခေါက် ခရီးထွက်ကြရာတွင် လှေကကြီးသလို ကုန်ပစ္စည်းကလည်းများသည်။



www.burmeseclassic.com

www.burmeseclassic.com



လှေထိုးသားကလည်း ပိုများလာသည်။

လှေထိုးသားများတွင် ကိုသာမောင်၊ ထွန်းဖေ၊ မောင်ရွှေ၊ စိန်ဘန်း၊ မာလု၊ စံငွေ၊ ကျော်ဖ၊ မဲလုံး စသော လှေထိုးသားများပါဝင်ကြသည်။

လှေကြီးပေါ်မှာလည်း အကြောင်းပေါ်လာပါက အသုံးပြုနိုင်ရန် ဓား၊ လှံ၊ ဒူးလေး၊ လင်းလေး၊ မြား စသည့်တို့ပါ ယူဆောင်လာကြသည်။

တစ်နေ့သ၌ ရာသီဥတု ကောင်းမွန်သောနေ့တစ်နေ့တွင် လှေကြီးကို မြစ်ရိုးအတိုင်း အထက်ပိုင်းသို့ ဆန်တက်ခဲ့ကြလေသည်။

နွေရာသီဖြစ်သဖြင့် တောင်ကျရေများ မရှိသောကြောင့် မြစ်ရေ၊ ချောင်းရေများက ရေစီးမကြမ်းလှသေးပေ။ သို့စေကာမူ ခတ်ဓာက်အသုံးပြု၍မရဘဲ မြစ်ကမ်းတစ်လျှောက်မှကပ်ကာ ကြိုးဖြင့်ဆွဲ၍သော်လည်းကောင်း ထိုးဝါးဖြင့်ထောက်၍သော်လည်းကောင်း တဖြည်းဖြည်း တရွေ့ရွေ့ဆန်တက်သွားကြလေသည်။

ပင်ပန်းလွန်းလှပြီး ခွန်အားကို အစွမ်းကုန်အသုံးချကာ လုပ်ကိုင်ရသော အလုပ်ကြမ်းများထဲတွင် လှေထိုးသောအလုပ်မှာ ရှေ့ဆုံးမှပါဝင်လေသည်။

ဝန်အပြည့်တင်ထားသော လှေကြီးတစ်စင်းလုံးကို ရေဆန်ဆန်တက်နိုင်အောင် ထိုးဝါးကိုပခုံးမှာထောက်ပြီး. . တွန်းတက်ရသောအလုပ်မှာ များစွာပင်ပန်းလှပေသည်။ တော်ရုံခွဲ





မရှိသူတို့ မလုပ်နိုင်ကြသော အလုပ်မျိုးဖြစ်သည်။

သို့ကြောင့် . 'လှေထိုး၊ လွှတိုက်၊ ဓားပြတိုက်၊ လူမိုက်အလုပ်မျိုး' ဟု စာဆိုထားခဲ့ခြင်းဖြစ်သည်။

ထိုသုံးမျိုးစလုံး ခွန်အားကိုအသုံးချပြီး အသက်နှင့်ရင်းရသော အလုပ်များလည်း ဖြစ်ကြလေသည်။

ဦးရွှေရုံငှားရမ်းလာသော အလုပ်သမားများကတော့ ထိုကဲ့သို့သော အလုပ်ကြမ်းမျိုးကို မညည်းမညူ လုပ်နိုင်သူများဖြစ်သဖြင့် များစွာအဆင်ပြေလေသည်။

၎င်းတို့သည် မြစ်ရိုးတစ်လျှောက် တဖြည်းဖြည်းဆန်တက်သွားရင်းမှပင် လမ်းခရီးတွင်တွေ့သော ရွာငယ်ကလေးများတွေ့လျှင် ခရီးတစ်ထောက်နားကာ. . ဝင်ရောက်ရောင်းချကြသည်။

ဈေးရောင်းကောင်းလျှင် ထိုနေရာတွင် တစ်ရက်တန်သည် နှစ်ရက်တန်သည်နေပြီးမှ. . ရှေ့သို့ခရီးဆက်ကြရာ ရက်အတန်ကြာသောအခါ အံရှေ့မြောက်စူးစူးဘက်သို့ တက်သွားသည့် ချောင်းရိုးအတိုင်း ဆန်တက်သွားရာ တလိုင်းရွာတစ်ရွာသို့ရောက်သွားကြသည်။

ထိုရွာသို့ရောက်သည်နှင့် လှေသမားများက ၎င်းတို့အားဘာသာစကားဖြင့်. . .

"ဈေးလှေရောက်ပြီဗျို့၊ ဝယ်ယူချင်တဲ့ပစ္စည်းရှိရင် ကမ်းဘက်မှာလာဝယ်နိုင်ကြပါပြီ"

ဟု အများကြားအောင်. . အသံကျယ်ကျယ်ဖြင့် အော်



www.burmeseclassic.com

www.burmeseclassic.com



ပြောကြလေသည်။

ပထမတော့ ဈေးလှေရောက်သော်လည်း ကမ်းပေါ်မှာ ရှိနေသူများက ကြောက်နေဟန်ဖြင့်. . မည်သူမှဆင်းမလာပဲ ရှိလေသည်။

တလိုင်းဘာသာစကား တတ်ကျွမ်းသူ လှေသမားတစ်ယောက်က ၎င်းတို့ဘာသာစကားဖြင့် အော်ပြောတော့မှ တစ်ယောက်စနှစ်ယောက်စ ဆင်းလာသည်။

ညနေပိုင်းအချိန်ရောက်တော့ လှေပေါ်သို့ လူအတော်များများ ရောက်နေကြတော့သည်။

လှေပေါ်မှ ကမ်းပေါ်ရောက်အောင် ကုန်းပေါင်ပျဉ်ပြားချပ်ကြီး ထိုးပေးထားသဖြင့် ထိုအပေါ်မှပင် အဆင်းအတက်ပြုလုပ်ကြသည်။

၎င်းတို့နှစ်သက်သော ပစ္စည်းများမှာ စောင်ကြမ်း၊ ဖျင်ကြမ်းအဝတ်အထည်၊ ဆား၊ ဆန်၊ ငရုတ်သီး၊ ...းရွက်ကြီး၊ ဆေးမှုန့်များကို အထူးပင်နှစ်သက်ကြပြီး အခြားပစ္စည်းများကိုတော့ သာမန်မျှသာ ဝယ်ယူကြလေသည်။

ထိုသို့ဝယ်ယူရာမှာလည်း ငွေပေးသည်မဟုတ်ပဲ ၎င်းတို့ရှာဖွေစုဆောင်းထားသော ကျောက်နှင့်ရွှေတုံးများ ပေးကြခြင်းဖြစ်သည်။

အများအားဖြင့်တော့ ရွှေတုံးများဖြစ်သည်။

အချို့ရွှေတုံးများမှာ မန်ကျည်းစေ့ခန့်၊ ဆီးစေ့ခန့်အရွယ်သာရှိသော်လည်း. . အချို့မှာကွမ်းသီးလုံး၊ တည်သီးလုံးအရွယ်





အစားခန့် ကြီးလေသည်။

(တည်သီး၏ အရွယ်အစားမှာ မင်းဂွတ်သီးအရွယ်အစားခန့် ရှိလေသည်။)

ဦးရွှေရုံမှာ ယခင်ကရွှေတုံးရွှေခဲများကို ရခဲ့ဖူးသော်လည်း ထိုမျှလောက်ကြီးသော ရွှေတုံးရွှေခဲမျိုး မရခဲ့ဖူးသေးသောကြောင့် တအံ့တသြဖြစ်နေမိသည်။

အချို့ရွှေတုံးများမှာ ရေညှိများတက်နေသောကြောင့် အရောင်မထွက်သော်လည်း အချို့မှာတော့ ဝင်းလက်တောက်ပနေသည်။

နောက်တော့. . တစ်ယောက်က ရွှေတုံးတစ်လုံးဖြင့် ရောက်လာသည်။

၎င်းရွှေတုံးကြီးကို ယူဆောင်လာသူမှာ ဦးလဟောက်ဆိုသူပင် ဖြစ်သည်။

အသ...်(၅၀)ကျော်အရွယ်ခန့်ရှိပြီး ထိုရွာကို အုပ်ချုပ်နေသူလည်းဖြစ်သည်။

"လှေသူကြီး. . ခင်ဗျားရောင်းတဲ့ပစ္စည်းတွေ ဝယ်ချင်တယ်. . ကျုပ်မှာ ငွေတော့မရှိဘူး၊ ရွှေတုံးတွေတော့ ရှိတယ်"

"ရွှေတုံးနဲ့လည်း တန်ဖိုးသင့်ပြီး ဝယ်လို့ရပါတယ်"

"ဘယ်လိုတန်ဖိုးဖြတ်သလဲ"

"ရွှေတစ်ကျပ်သားကို. . ငွေတစ်ဆယ့်ငါးကျပ်နဲ့ တန်ဖိုးဖြတ်ပါတယ်"

"သင့်မြတ်ပါပေတယ်၊ ဒီလိုဆိုရင် ဝယ်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး. . အသင့်ယူလာသော ရွှေတုံးတစ်တုံးကို ထုတ်ပေးသည်။

ဦးရွှေရုံက လှမ်းယူပြီးကြည့်လိုက်တော့ ၎င်းပေးသော ရွှေတုံးမှာ တည်သီးအရွယ်ခန့်ရှိကာ အရောင်ကလည်း ဝင်းလက်နေသည်။

ထိုမျှကြီးသော ရွှေတုံးမျိုးမြင်ရသဖြင့်လည်း စိတ်ထဲတွင် အံ့ဩနေမိလေသည်။

ထို့နောက်မှာတော့. . လှေပေါ်တွင် အဆင်သင့်ပါလာသော ရွှေချိန်တွယ်သည့် ချိန်ခွင်ဖြင့် ချိန်ကြည့်သောအခါ ထိုတစ်တုံးတည်းနှင့်ပင် နှစ်ဆယ်သားကျော်ကျော်ခန့်ရှိလေရာ ၎င်းတို့သတ်မှတ်ထားသော ဈေးနှင့်ဖြတ်လျှင်သော်မှ ငွေသုံးရာကျော်ခန့် တန်ဖိုးရှိလေသည်၊

ငွေသုံးရာကျော် တန်ဖိုးသင့်ပြီး ကုန်ပစ္စည်းယူပါက ၎င်းလှေပေါ်တွင် တင်ဆောင်လာသော ကုန်ပစ္စည်းထက်ဝက်ခန့် လျော့သွားနိုင်ပေသည်။

လှေလည်း အတော်ပေါ့သွားပေလိမ့်မည်။

ထို့နောက်မှာတော့ ရွှေတန်ဖိုးကို တွက်ချက်ပေးခြင်း ၎င်းတို့အလိုရှိသော ကုန်ပစ္စည်းများကို ချိန်တွယ်ပေးရာ ညဥ့်ဦးပိုင်းအချိန်လောက်မှ ပြီးသွားလေတော့သည်။

အရောင်းအဝယ်ပြီးသောအခါ ဦးလဟောက်က ၎င်းတို့အတွက် ဝက်သားဟင်းများ လာပို့ပေးပြန်လေသည်။

"ခင်ဗျားတို့ကို ကျွေးချင်လို့ ဝက်တစ်ကောင်သတ်ပြီး





ချက်ပို့ပေးတာပါ"

"ကျေးဇူးတင်ပါတယ်ဗျာ ခင်ဗျားက လက်ဆောင်ပေးတော့လည်း ကျုပ်ကလည်း လက်ဆောင်ပြန်ပေးပါ့မယ်"

ဟုပြောပြီး ရန်ကုန်သင်းလုံသော ဆေးပြင်းလိပ်တစ်ထုပ်ကို လက်ဆောင်ပြန်ပေးရာ များစွာဝမ်းသာကျေနပ်သွားဟန်ရှိလေသည်။

နောက်တော့ လက်ဖက်ရည်သောက်ရင်း စကားလက်ဆုံကျသွားလေရာ ဦးရွှေရုံက သူသိချင်သော အကြောင်းအရာအချို့ကို မေးကြည့်လေသည်။

"ဦးလဟောက် ကျုပ်တစ်သက်မှာ ဒီလောက်ကြီးတဲ့ ရွှေတုံးမျိုး မမြင်ဘူးသေးဘူး၊ ဘယ်ကရတာလဲ"

"တောထဲက ရခဲ့တာပါပဲ"

ပထမတော့ ဦးလဟောက်က ထိုမျှလောက်သာ ပြောသည်၊

"တောထဲကတော့ ဟုတ်တာပေါ့ ဘယ်နေရာကရတာလဲဆိုတာ သိချင်လို့မေးတာပါ"

"အဲဒီလိုရွှေတုံးမျိုးတွေက ဟိုးမြစ်ဖျားပိုင်းဘက်မှာရှိတယ်၊ ဒါပေမယ့်. . အဲဒီနေရာက သွားဖို့မသင့်ဘူး၊ အန္တရာယ်အတော်များတယ်၊ မယုံနိုင်စရာကောင်းတာတွေလည်း အများကြီးရှိတယ်၊ အဲဒီနေရာဘက်ကို သွားတဲ့သူတိုင်း. . အန္တရာယ်နဲ့တွေ့ပြီး သေကြတာများတယ်"

ဦးလဟောက်ပြောနေသော စကားများမှာ အမှန်ပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်း သူ့အမူအရာကိုကြည့်ကာ သိနိုင်လေသည်။

"ဘယ်လိုနေရာမျိုးမို့ ဒီလောက်အန္တရာယ်တွေ များတာလဲ"

ထိုသို့မေးသောအခါ ဦးလဟောက်မှာ မီးညှိထားသော ဆေးပတ်လိပ်ကို တွင်တွင်ဖွာပြီး အတော်ကြာအောင် စဉ်းစားနေပြီးမှ. .

"ကျုပ်ပြောရင် ခင်ဗျား မယုံကြည်မှာစိုးလို့ မပြောဘဲနေတာဗျ၊ အဲ့ဒီနေရာက အတော်ထူးဆန်းတဲ့နေရာပါ. ."

ဟုပြောရာ နံဘေးမှာရှိနေသော သတ္တ(ဦးသတ္တ)မှာများစွာ စိတ်ဝင်စားသွားလေသည်။

"ပြောသာပြောပါ"

"အဲ့ဒီနေရာကို ဒေသခံတွေက ကျောက်မျက်နှာတောင်ကြားလို့ ခေါ်ကြတယ်"

"ဘယ်လိုကြောင့်လဲ"

"အဲ့ဒီနေရာမှာရှိတဲ့ ကျောက်နံရံတွေ၊ ကျောက်တုံးတွေက သာမန်အချိန်မျိုးဆိုရင်တော့ ဒီအတိုင်းပါပဲ. . . ဒါပေမယ့် ရွှေတွေကို ယူဖို့လာရင်တော့. . အဲ့ဒီနံရံတွေမှာ ကြောက်စရာကောင်းတဲ့ လူမျက်နှာကြီးတွေ ပေါ်လာပြီးတော့ စကားပြောကြတယ်"

"ဟင်. . ."

ထိုစကားကြားသောအခါ နံဘေးမှ နားထောင်နေသူများမှာ တအံ့တသြ ဖြစ်သွားကြလေသည်။





"ဟုတ်ရဲ့လားဗျ. ."

"အမှန်ပါပဲဗျာ၊ တခြားလူပြောရင် ကျုပ်ကယုံမှာ မဟုတ်ဘူး၊ အခုပြောပြနေတာက ကျုပ်ရဲ့ မျက်မြင်ကိုယ်တွေ့ပဲဗျ"

"ရွှေတုံးတွေက အဲ့ဒီနေရာမှာ ရှိတာလား"

"ဟုတ်တယ်. . ကျောက်တောင်နှစ်ခုကြားက တွင်းနက်ကြီးထဲမှာ ဒီလိုရွှေတုံးမျိုးတွေ အများကြီးရှိတယ်"

ဟုပြောပြလေသည်။

ထိုစကားကြားတော့. . ပထမမှာတော့ ဦးရွှေရုံတို့မှာ ယုံရအခက် မယုံရအခက် ဖြစ်နေကြသေးသည်။

နောက်တော့ ဦးလဟောက်မှာ ထိုအကြောင်းများကို လိမ်ညာပြောဆိုမည့်သူ မဟုတ်သည်ကတစ်ကြောင်း၊ ၄င်းထံမှာလည်း သက်သေခံအဖြစ်. . ရွှေတုံးကြီးက ရှိနေသည်ကတစ်ကြောင်းကြောင့် ယုံကြည်သွားကြလေသည်။

"ဒါထက် ခင်ဗျားပြောတဲ့ ကျောက်မျက်နှာတောင်ကြားဆိုတာ ဘယ်နေရာမှာ ရှိတာလဲဗျ. ."

"ဒီချောင်းရိုးအတိုင်း ချောင်းဖျားဘက်ကို ဆန်တက်သွားရင် ရောက်နိုင်ပါတယ်၊ ချောင်းဆုံးသွားရင်တော့ လှေနဲ့သွားလို့မရဘူး၊ လှေထားခဲ့ပြီး တောလမ်းအတိုင်း နှစ်ညအိပ်ခရီးလောက် သွားရင်ရောက်နိုင်ပါတယ်၊ ဒါပေမယ့်. . တစ်ခုတော့ရှိတယ်"

"ဘာများလဲဗျ ပြောစရာရှိရင်ပြောပါ. ."

"အဲ့ဒီတောထဲမှာ သားရဲတိရစ္ဆာန်တွေရှိတယ်၊ လူရိုင်း



www.burmeseclassic.com

www.burmeseclassic.com



တွေလည်းရှိတယ်၊ ဒါ့ထက် ကြောက်စရာကောင်းတာတွေလည်း ရှိသေးတယ်"

"ဘာတွေလည်းဗျ. ."

"ခင်ဗျား. . ပရလောကသားတွေနဲ့ ပတ်သက်ပြီး အယုံအကြည်ရှိသလား"

"ရှိသင့်သလောက်တော့ ရှိပါတယ်"

ဦးရွှေရုံက ပြန်ပြောလိုက်သည်၊

"အဲ့ဒီတောထဲမှာ ပရလောကသားတွေ အများကြီးရှိကြတယ်"

"ဘယ်လို ပရလောကသားတွေလည်းဗျ. . တစ်ဆိတ်လောက် နားရှင်းသွားအောင် ပြောပြပါဦး"

"ကျုပ်လည်း တောထဲသွားလာနေတဲ့လူဆိုတော့ တစ္ဆေသရဲ နာနာဘာဝတွေ ခြောက်လှန့်မှုတွေနဲ့လည်း တွေ့ဖူးပါရဲ့၊ ကျတ်တွေလှည့်စားတာတွေနဲ့လည်း ကြုံဖူးပါရဲ့၊ ကျတ်ရွာမှာတောင် ညအိပ်ခဲ့ရဖူးသေးတယ်"

"ပြောပါဦးဗျ. ."

"အဲ့ဒီတောထဲမှာရှိကြတဲ့ ပရလောကသားတွေက တစ်မျိုးဗျ၊ တစ္ဆေသရဲတွေနဲ့ မတူဘူး"

"ဘယ်လို မတူတာလဲ"

"သူတို့လိုလားတဲ့သူတွေ့ရင် အကူအညီပေးကြတယ်၊ မလိုလားရင်တော့ အသက်သေအောင် သတ်ပစ်ကြတယ်"

"ဒါကတော့ဗျာ ပရလောကသားတွေမှာလည်း အမျိုး





ရှိကြမှာပေါ့၊ ဒါ့ထက် အဲ့ဒီလမ်းခရီးတွေအကြောင်းလည်း ဆက်ပြောပါဦးဗျ. . ."

"အဲ့ဒီလမ်းခရီးတွေက အန္တရာယ်အတော်များတဲ့ ခရီးတွေပဲ၊ ဒီကနေ ဟိုချောင်းဖျားဘက်တက်သွားရင် ရွာတွေ လယ်မရှိတော့ဘူး၊ ဒါပေမယ့် လူရိုင်းတွေတော့ရှိတယ်"

"ဘယ်လိုလူရိုင်းတွေလဲဗျ"

"တောထဲမှာနေတဲ့ လူရိုင်းတွေပေါ့ဗျ. . လူတွေ့တာနဲ့ သတ်ပစ်တာပဲ"

"ခင်ဗျားတို့ကရော ဘယ်ပုံဘယ်နည်း ရောက်သွားခဲ့တာလဲ"

"ကျုပ်တို့လည်း. . အဲ့ဒီဘက်ရောက်ဖူးတဲ့ မုဆိုးတစ်ယောက်က ပြောပြလို့ သိရပြီးတော့ လူစုပြီးသွားကြတာ. .၊ ဒါပေမယ့် အဲ့ဒီနေရာအထိတော့ မရောက်ခဲ့ကြပါဘူး"

"ဘယ်လိုဖြစ်လို့လည်း လူရိုင်းတွေနဲ့ တွေ့ခဲ့လို့လား"

"ကျုပ်တို့က လူရိုင်းတွေနဲ့တော့ မတွေ့ခဲ့ရပါဘူး၊ ဒါပေမယ့် တောကအတော်ကြမ်းတယ်ဗျ၊ သားရဲတိရစ္ဆာန် တွေကလည်း ပေါတယ်၊ အတူသွားတဲ့လူတွေထဲက တစ်ယောက်နှစ်ယောက်သေသွားတာနဲ့ ကျုပ်တို့လည်း နောက်ကြောင်းပြန်လှည့်ခဲ့ကြရတယ်၊ အခုပေးတဲ့ရွှေတုံးက အဲ့ဒီနေရာတစ်ဝိုက်က ရခဲ့တာပါ. ."

ဟု ပြောပြပြီးနောက် ဦးလဟောက်လည်း ကမ်းပေါ်ပြန်တက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဦးလဟောက်ပေးသွားသော ဝက်သားဟင်း နှင့် ညစာစားသောက်ပြီးနောက် နားကြလေသည်။

ထိုအခါ သက္ကက ဖခင်ဖြစ်သူကို ပြောသည်။

"အဖေ လှေပေါ်မှာ ကုန်တွေကျန်နေသေးတော့ ဘယ် လိုလုပ်ကြမလဲ"

"ရှေ့ဆက်တက်သွားပြီး ရောင်းရဦးမှာပေါ့"

"ဒီလိုဆိုရင် ဦးလဟောက်ပြောသွားတဲ့ ကျောက်မျ ရှာတောင်ကြားအထိရောက်အောင် ဆက်သွားကြရင် . . . ပို ကောင်းဘူးလား၊ လှေပေါ်မှာ လူတွေလည်း အများသားပဲ . .

"အထက်ပိုင်းရောက်သွားတော့မှ အခြေအနေကြည့်ပြီ လုပ်ကြတာပေါ့သားရယ်"

ဟု ပြန်ပြောလေသည်။

အထက်ပါရေးသားသော အကြောင်းအရာများမှာ . . ဦးသက္ကက ဒေါက်တာမင်းထင်ကျော်အား . . ပြောပြသော အ ကြောင်းအရာများမှ နောက်ပိုင်းအခြေအနေအချို့ပင် ဖြစ်ေ သည်။

ဆက်လက်ပြီး ကြောက်မက်ဖွယ်ရာ အတွေ့အကြုံမျ ကို ဆက်လက်ရေးသားပါဦးမည်။







# အခန်း [၄]

# တောနက်ထဲမှအန္တရာယ်များ

မြင်ကွင်းက ထူးခြားဆန်းကြယ်လှသည်။ သူရောက်နေ သောနေရာက လေးဘက်လေးတန် ကျောက်နံရံကြီးများ ကာ ဆီးထားသော တွင်းနက်ကြီးတစ်ခုအတွင်း၌ ဖြစ်လေသည်။

တွင်းကဘယ်ရွေ့ဘယ်မျှ နက်သလဲဆိုလျှင် အောက် ခြေသို့ ရောက်နေစဉ်မှာ . . အပေါ်သို့မော့ကြည့်ရာတွင် တွင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ဝကို မမြင်ရလောက်အောင် နက်သည်။

တစ်နည်းဆိုရပါမူ. . မီးတောင်ဟောင်းကြီးတစ်ခုအတွင်းသို့ ရောက်နေသကဲ့သို့ ဖြစ်သည်။

လေးဘက်လေးတန်မှာ ကာရံထားသော ကျောက်နံရံကြီးများမှာ ပထမတော့ ငြိမ်သက်နေသည်။

တွင်းနက်ကြီးတစ်ခုလုံးမှာလည်း တိတ်ဆိတ် ငြိမ်သက်နေလေသည်။

သက္ကသည် ပထမတော့ သူဘယ်နေရာ ရောက်နေမှန်း မသိပေ။

နောက်တော့မှ သူခြေထောက်နင်းထားသော နေရာတစ်ဝိုက်တွင် အရွယ်စားအမျိုးမျိုးရှိနေသည့် ရွှေတုံးရွှေခဲများ ရှိနေသည်ကို သတိပြုမိသွားလေသည်။

“ဟာင်. . ငါ့ခြေထောက်အောက်မှာ နင်းထားတာတွေက ရွှေတုံးရွှေခဲတွေပါလား. .၊ ဒီလိုဆိုရင် ငါ အခုရောက်နေတဲ့ နေရာက ဦးလဟောက်ပြောတဲ့ ကျောက်မျက်နွာတောင်ကြား ဆိုတဲ့နေရာများ ဖြစ်နေရော့သလား. . ”

ထိုသို့တွေးလိုက်မိစဉ် တိတ်ဆိတ်ငြိမ်သက်နေသော တွင်းကြီးထဲမှ ရယ်သံကြီးများ ပေါ်လာလေတော့သည်။ ရယ်သံများမှာ သာမန်ရယ်သံမျိုးမဟုတ်ဘဲ. . လိုဏ်ခေါင်းသံကြီးဖြင့် ရယ်လိုက်သည့် ရယ်သံမျိုးလို ကျယ်လောင်စွာ ထွက်ပေါ်လာခြင်းမျိုးဖြစ်သည်။

“ဟား. . ဟား. . ဟား. . ဟား. . ”





“ဟီး. . ဟီး. . ဟီး. . ဟီး . . ”

“ဟာင်. . ”

အသံကြားနေရသည်မှာ လေးဘက်လေးတန်မှ ဖြစ်သောကြောင့် သက္ကက မော့ကြည့်လိုက်သည်။

စောစောက ငြိမ်သက်နေကြသည့် ကျောက်နံရံကြီးများတွင် ကြောက်မက်ဖွယ်ကောင်းသော မျက်နှာကြီးများ ပေါ်နေပြီး တဟီးဟီး. . တဟားဟားဖြင့်. . ရယ်မောနေကြခြင်း ဖြစ်ပေသည်။

မျက်နှာကြီးများမှာ ကြီးမားပြီး အသက်ဝင်ကာ လှုပ်ရှားနေကြလေသည်။

ပုံပန်းသဏ္ဌာန်က လူတစ်ယောက်မျက်နှာမျိုးပင် ဖြစ်သော်လည်း ရုပ်ပျက်ဆင်းပျက်ဖြစ်နေကြသည့် လူသေမျက်နှာမျိုးဖြစ်နေကြသည်။

အသက်ဝင်နေကြသော မျက်နှာကြီးများက. . သူ့ကိုငုံ့ကြည့်လျက် တဟီးဟီး တဟားဟားနှင့် ရယ်မောနေကြရာ မြင်ရုံနှင့်ပင် နှလုံးသွေးပျက်ဖွယ်ရာ မြင်ကွင်းမျိုးဖြစ်သည်။

ထိုမျက်နှာကြီးများနှင့် ထိုအသံကြီးများကို ကြားသောအခါ သက္ကမှာ များစွာထိတ်လန့် ကြောက်ရွံ့မှုဖြစ်ကာ ထိုနေရာမှ ထွက်ပြေးလိုသော်လည်း ဘယ်လိုမှ လမ်းစရှာမတွေ့အောင် ဖြစ်နေလေသည်။

ထိုအခိုက်မှာပင် ကျောက်မျက်နှာကြီးများရှိသော နေရာမှ အသံအချို့ထွက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ရွှေတုံးတွေလိုချင်လို့ ဒီနေရာကို ရောက်လာတာ မဟုတ်လား၊ မင်းနင်းထားတဲ့ ခြေထောက်အောက်မှာ ရွှေတုံးတွေ အများကြီးရှိနေတယ်လေ၊ ယူသွားပါတော့လား. . ဟား. . ဟား. . ဟား. . ဟား. ."

ဟုပြောဆိုကာ ရယ်မောနေပြန်လေသည်။

သက္ကမှာ ဘယ်လိုကြောင့် ထိုတွင်းနက်ကြီးထဲသို့ရောက်နေမှန်းမသိသဖြင့် လက်နှစ်ဖက်ဖြင့် နားကိုပိတ်တာ ကြောက်လန့်တကြား အော်ဟစ်လိုက်သည်။

"ကြောက်ပါပြီဗျ မယူဝံ့တော့ပါဘူး၊ ကျွန်တော့်ကို ချမ်းသာပေးပါ၊ ကျွန်တော်ကို ချမ်းသာပေးပါ"

ထိုအော်သံကြောင့် အိပ်ပျော်နေကြသော လှေထိုးသားများပင် လန့်နိုးလာကြလေသည်။

မနီးမဝေးမှာ အိပ်နေသော ဖခင်ဖြစ်သူ ဦးရွှေရုပ် နိုးလာလေသည်။

"သက္က ဘာတွေအော်နေတာလဲ၊ မင်း အိပ်မက်မက်ပြီး ကယောင်ကတမ်း အော်နေတာဖြစ်မယ်"

ဟုပြောကာ ဖခင်ဖြစ်သူက အနားရောက်လာလေသည်။ သို့ကြောင့် ထထိုင်လိုက်သည်။

အချိန်က နံနက်ပိုင်း အရုဏ်တက်ချိန်ရောက်နေပြီ. . ကမ်းပေါ်မှာ ကြက်တွန်သံများ ကြားနေရပြီ။

သက္ကက ဖခင်ဖြစ်သူအား အိပ်မက်အကြောင်း ပြောပြလိုက်သောအခါ ရယ်နေလေသည်။





"ညဉ့်ဦးပိုင်းက ပြောတာတွေကို မင်းစိတ်ထဲမှာ စွဲနေလို့ အိပ်မက်မက်တာပါကွာ ဘာမှမဖြစ်ပါဘူး"

ဟုသာ ခပ်ပေါ့ပေါ့ ပြောလေသည်။

နံနက်လင်းသောအခါ ဦးလဟောက်တို့အား နှုတ်ဆက်ပြီးနောက်. . ရှေ့သို့ခရီးဆက်ရန် ပြင်ဆင်ကြလေသည်။ ကုန်းဘောင်တင်သူကတင်၊ ထိုးဝါးနုတ်သူကနုတ်၊ ကြိုးဖြုတ်သူကဖြုတ်နေစဉ် ပဲ့စင်မှာ တာဝန်ယူရန် သက္ကက နောက်သို့ထွက်လာပြီး တက်မအခြေအနေကို စစ်ဆေးကြည့်စဉ်. . တက်မ၌ တစ်စုံတစ်ခု ချိတ်နေကြောင်း တွေ့ရသည်၊

"ဘာလဲဟ. ."

နံနက်ပိုင်းအချိန် မှုန်မှိုင်းမကွဲသေးသောကြောင့် တက်မ၌ချိတ်နေသောအရာကို ကောင်းစွာ မမြင်ရသေးပေ။ စိတ်ထဲမှာတော့ သစ်တုံးတစ်ခုခု ချိတ်မိနေသည်ဟု ထင်သည်။

"မောင်ရွှေ ဒီကိုခဏလာစမ်း"

သက္ကက လှေထိုးသားတစ်ယောက်ကို လှမ်းခေါ်လိုက်ရာ ချက်ချင်းရောက်လာသည်။

"ဘာလဲ ဆရာလေး"

"ဟို. . တက်မမှာချိတ်နေတာ ဘာကြီးလဲ၊ ထိုးဝါးနဲ့ ထိုးထုတ်ပစ်လိုက်စမ်း"

ဟုခိုင်းရာ မောင်ရွှေက ထိုးဝါးအတိုတစ်ချောင်းဖြင့်. . တက်မမှာ ချိတ်နေသောအရာကို ထိုးလိုက်သည်။ ထိုအခါ. . လက်တစ်ဖက်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလက်က တက်မကွင်းကို ချိတ်ထားသည်။

ရေအောက်မှ လက်တစ်ဖက်ပေါ်လာသောအခါ မောင်ရွှေက ထိတ်လန့်တကြား နောက်ဆုတ်သွားသည်။

"ဘာဖြစ်လို့လဲ"

"တက်မကွင်းမှာ လက်တစ်ဖက် ချိတ်မိနေတယ် ဆရာလေး"

"ဟင်. ."

သက္ကာက အောက်သို့ ငုံ့ကြည့်လိုက်လေသည်။

မြင်ကွင်းက မကောင်းလှပေ။

လူသေအလောင်းတစ်လောင်းက တက်မမှာ လာချိတ်နေရုံမကပဲ လက်တစ်ဖက်က တက်မကွင်းထဲသို့ ရောက်နေဟန်တူလေသည်။

ရေအောက်မှာ နစ်မြုပ်နေသောအလောင်းက ရုပ်ပျက်ဆင်းပျက် ပုပ်ပွမနေသေးသဖြင့် ရေပေါ်သို့လုံးလုံးမပေါ်သေးပေ။

"လူသေအလောင်းကြီး ချိတ်နေတာပဲ"

"ဒီမနက် ခရီးထွက်ကာနီးကျမှ လူသေအလောင်းလာချိတ်နေတာ အတိတ်နိမိတ် မကောင်းဘူး"

"ဟုတ်ပါရဲ့ ဒီကနေ့တော့ ခရီးမဆက်ကြတာ ကောင်းမယ်ထင်တာပဲ"

ဟု အချင်းချင်းတီးတိုး ပြောဆိုနေကြလေသည်။

ထို့နောက်မှာတော့ သက္ကာကအမိန့်ပေးသဖြင့် လူသေအ





လောင်းကို ထိုးဝါးဖြင့်ထိုးထုတ်သော်လည်း မရပဲရှိနေလေသည်။

အဘယ်ကြောင့်ဆိုသော်

လက်တစ်ဖက်က. . တက်မကွင်းဖြင့် ချိတ်ဝင်နေသောကြောင့်ဖြစ်သည်။

နောက်မှာတော့ အတော်အတန် သတ္တိကောင်းသော အလုပ်သမားတစ်ယောက်က ဓားတစ်လက်ယူပြီး တက်မပေါ် ဆင်းသွားကာ. . ချိတ်မိနေသော လက်ကိုဓားဖြင့်ခုတ်ဖြတ်လေသည်။

ရေထဲမှာဖြစ်သည်ကတစ်ကြောင်း၊ ကြောက်ကြောက်လန့်လန့်ဖြင့် ခုတ်နေသောကြောင့်လည်းဖြစ်သောကြောင့် တော်တော်နှင့် မပြတ်ဘဲရှိရာမှ အတော်ကြာတော့မှ ပြတ်ထွက်သွားလေတော့သည်။

ကိစ္စပြီးသောအခါ နံနက်ပိုင်းအချိန်သို့ ရောက်နေပြီး အလင်းရောင်လည်း အတော်ပင်ရနေလေပြီ။

ထို့ကြောင့်. . . ဦးရွှေရုံက လှေထွက်ရန် အမိန့်ပေးလေသည်။ အချို့အလုပ်သမားများက ထိုနေ့တွင် လှေမထွက်ချင်ကြသော်လည်း လှေသူကြီးက အမိန့်ပေးသောအခါ. . မလွန်ဆန်ဝံ့ကြသောကြောင့် ထိုနေရာမှ. . ရှေ့သို့ခရီးဆက်ခဲ့ကြလေတော့သည်။

ဤသို့ဖြင့် လမ်းတစ်လျှောက်လုံးမှာတွေ့သော အချို့နေရာများသို့ ဝင်ရောက်ကာ. . ပါလာသော ကုန်ပစ္စည်းတို့ကို ရောင်းချရင်းနှင့် ခရီးဆက်ခဲ့ကြရာ လူနေသောနေရာအဖြစ်. .



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွေ့ရသော ရွာငယ်ကလေးတစ်ရွာသို့ ရောက်သွားကြလေသည်။

ထိုရွာရောက်ကြပြီး စုံစမ်းကြည့်သောအခါ ရှေ့တွင်လူနေသောနေရာများ၊ ရွာများမရှိတော့ကြောင်း ပြောပြကြသည်။

သင်္ကြာက ကျောက်မျက်နှာတောင်ကြားအကြောင်း မေးမြန်းသောအခါ ပြောလိုဟန်မရှိပဲ ချောင်းဖျားဘက်သို့သာ လက်ညှိုးထိုးပြကြသည်။

ထိုနေရာမှာစခန်းချနေကြစဉ် သင်္ကြာကဖခင်ဖြစ်သူကို မေးသည်။

"ရှေ့မှာတော့ဈေးရောင်းစရာရွာ မရှိတော့ဘူး၊ ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲအဖေ"

"မင်း သဘောကရော ဘယ်လိုရှိသလဲ"

"သူတို့ပြောပုံအရဆိုရင် ချောင်းဖျားဘက်ရောက်ဖို့ သိပ်မလိုတော့ဘူး၊ နောက်တစ်ခါက်ဒီနေရာကို ပြန်လာဖို့ မလွယ်လှဘူး"

"မှန်ပါတယ်"

"ဒီတော့. . ရောက်လက်စနဲ့ ရှေ့ဆက်သွားကြည့်ရင် မကောင်းဘူးလား"

"ဒါပေမယ့် ငါတို့သဘောနဲ့ သွားလို့မသင့်ဘူး၊ ချောင်းဖျားရောက်ပြီး ဟိုနေရာရောက်တဲ့အထိ နှစ်ညအိပ်လောက်သွားရဦးမှာဆိုတော့ သူတို့မပါဘဲမဖြစ်ဘူး၊ သူတို့အားလုံးနဲ့ တိုင်ပင်ကြည့်တာ ပိုမကောင်းဘူးလား"





"အဖေ့သဘောပဲလေ"

ထိုသို့ပြောဆိုတိုင်ပင်ပြီး လှေသမားများကိုခေါ်ပြီး တိုင်ပင်ကြည့်သောအခါ အချို့ကရှေ့ရမည်ကို မမက်သဖြင့် မလိုက်လိုကြပေ။

အချို့ကတော့ လှေသူကြီးခေါ်လျှင် မည်သည့်နေရာသွားသွား လိုက်မည်ဟုပြောကြသည်။

အလုပ်သမား ရှစ်ယောက်ရှိရာ လေးယောက်ကသူတို့ဘက်ပါပြီး ကျန်လေးယောက်က မလိုက်လိုကြပေ. . .

"ဒီလိုဆိုရင်. . လှေကိုချောင်းဖျားရောက်တဲ့အထိ ဝင်ကြည့်ကြမယ်၊ ဟိုရောက်ရင်ငါတို့က အပေါ်တက်ပြီး အခြေအနေသွားကြည့်မယ် မင်းတို့ကလှေစောင့်ရင်း နေခဲ့ကြပေါ့"

ဟု ပြောသောအခါ သဘောတူကြလေသည်။

ထို့နောက်မှာတော့ တဖြည်းဖြည်းနှင့် ဆန်တက်သွားရာ ငါးရက်မြောက်သောနေ့ ညနေစောင်း အချိန်တွင်လှေတစ်စင်းသွားသာရုံလောက်သည့် အနေအထားမျိုးရှိသော ချောင်းဖျားအတွင်းသို့ ရောက်သွားရာ အချိန်မရှိတော့သဖြင့် ထိုနေရာမှာပင်စခန်းချရပ်နားကြလေသည်။

ထိုနေရာမှာ ချောင်းကျဉ်းလှသောကြောင့် ဘေးတစ်ဖက်တစ်ချက်မှ သစ်ပင်ကြီးများက လှေပေါ်မှအုပ်မိုးနေကြလေသည်။

ညအချိန်ရောက်သောအခါ ချောင်းကကျဉ်းသဖြင့် သားရဲတိရစ္ဆာန်များ အန္တရာယ်ကို စိတ်မချရသဖြင့် အချို့က



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပြီး အချို့ကလက်ဖက်ရည်ကြမ်းသောက်ရင်းနှင့် စောင့်ကြရလေသည်။

ညဦးနက်ပိုင်း အချိန်ရောက်သောအခါ ၎င်းတို့အတွက် မမျှော်လင့်သောအန္တရာယ်က ကျရောက်လာလေတော့သည်။

လှေနံဘေးတစ်ဖက်တစ်ချက်ရှိ ကမ်းပေါ်တွင် လူရိုင်းအချို့ရောက်လာကြပြီး မြားဖြင့်လာရောက်ပစ်ခတ်ကြလေတော့သည်။

ထိုသို့ပစ်သဖြင့် လက်ဖက်ရည်သောက်နေသူ တစ်ဦးမှာ မြားထိပြီး နေရာ၌ပင် လဲကျသွားတော့သည်။

ကျန်လူများမှာ ရှိသောလက်နက်များဖြင့် ပြန်လည်တိုက်ခိုက်ရန် ကြိုးစားသော်လည်း ရန်သူများအမှောင်ရိပ်ဖုံးနေသော သစ်ပင်ကွယ်များတွင် ရှိနေသောကြောင့် အရာမရောက်ပဲရှိနေကြသည်။

သို့ကြောင့်ပေါင်းမိုးအတွင်းဝင်ကာ အခြေအနေစောင့်ကြည့်နေကြလေသည်။

လှေပေါင်းမိုးမှာဝါး၊ စက္ကူချပ်များဖြင့် ပြုလုပ်ထားသဖြင့် အပြင်မှပစ်သောမြားတံများက အတွင်းသို့ဖောက်ဝင်လာကြသည်။

သို့သော် မြားအမြီးဖြင့်ခံနေသောကြောင့် အတွင်းသို့မရောက်ပေ။

"ပေါင်းမိုးနံဘေးသိပ်မကပ်ကြနဲ့၊ မြားထိလိမ့်မယ်"

ဦးရွှေရိုးက ၎င်းလူများကို အသံတိုးတိုးဖြင့် သတိပေး





လေသည်။

"ကျွန်တော်တို့ကို မြားနဲ့လာပစ်တာ တောထဲမှာနေတဲ့ လူရိုင်းတွေဖြစ်မယ်အဖေ"

"ဟုတ်မှာပေါ့"

"ကမ်းနှစ်ဘက်စလုံးမှာ သူတို့ရှိတယ်၊ လူတွေလည်း အတော်များပုံရတယ် ဘယ်လိုလုပ်မလဲ"

"ဒီအတိုင်းနေရင်တော့ သူတို့ဆင်းလာပြီး သတ်မှာပဲရေထဲခုန်ချပြီး ထွက်ပြေးမှလွတ်နိုင်လိမ့်မယ်"

"ဒါဖြင့် ကျွန်တော်တို့လှေကြီးနဲ့ ပစ္စည်းတွေကဒီအတိုင်းထားခဲ့ရမှာလား၊ နှမြောစရာကြီး"

"ငါပြောမယ် သက္က၊ လောကမှာ လူ့အသက်ရှင်ဖို့က အရေးအကြီးဆုံးပဲ၊ အသက်မရှင်တော့ရင် ဘာမှလုပ်မရဘူး၊ တန်ဖိုးလည်းမရှိတော့ဘူး၊ အသက်ရှင်နေသမျှ ဘာမဆိုပြန်ရနိုင်တယ်၊ အခုလောလောဆယ်ငါတို့ အသက်ရှင်ဖို့ ကြိုးစားကြရမယ်"

ဟု ပြောကာ ဦးရွှေရိုးက သက္ကလက်ထဲသို့ အထုပ်တစ်ထုပ်ပေးလေသည်။

"ဒီအထုပ်ထဲမှာ ငါတို့ဈေးရောင်းလို့ရတဲ့ ရွှေတုံးတွေရှိတယ်၊ သေသွားရင်တော့ ဒီရွှေတုံးတွေက အသုံးမဝင်တော့ပေမယ့် တကယ်လို့ အသက်မသေပဲ လွတ်မြောက်သွားရင် အသုံးချလို့ရတယ် မင်းကိုယ်နဲ့မကွာ ယူသွားပေတော့"

ဟုပြောသဖြင့် သက္ကကလှမ်းယူပြီး ကိုယ်၌ကြိုးဖြင့် သိုင်း



www.burmeseclassic.com

www.burmeseclassic.com



ချီထားလိုက်လေသည်။

ထိုအခိုက်မှာပင် ကမ်းနံဘေးတစ်ဖက်တစ်ချက်မှာ ရှိသောလူရိုင်းများက လှေပေါ်သို့ခုန်ဆင်းလာကြရာ အတွင်းမှ မြားဖြင့်ပစ်ကြရသည်။

မြားချက်ထိသော လူရိုင်းအချို့က လဲကျသွားကြသော်လည်း အချို့ကလှေထဲသို့ အတင်းဝင်လာကြသည်။

သို့ကြောင့် လှေထိုးသားများက ဓားလှံလက်နက်တို့ဖြင့် ခုခံတိုက်ခိုက်ကြရလေသည်။

သို့သော် လူအင်အားချင်းကမမျှပေ။

ကမ်းဘေးတစ်ဖက်တစ်ချက်မှ ခုန်ဆင်းလာသော လူရိုင်းများက လူနှစ်ဆယ်ခန့်ရှိလေရာ. . တိုက်ခိုက်ရင်းနှင့်ပင် အချို့မှာ လဲကျသွားကြလေသည်။

သက္ကလည်း ဓားတစ်လက်ဖြင့် ခုခံတိုက်ခိုက်ရာ သူ့လက်ချက်ကြောင့် လူရိုင်းအချို့ လဲကျသွားလေသည်။

သို့သော်လည်း တိုက်ရင်းခိုက်ရင်းမှာပင် ဦးရွှေရုံမှာ မြားချက်ထိကာ လဲကျသွားသည်ကို လှမ်းမြင်လိုက်ရသည်။

"ဟင်. . အဖေ"

သက္ကက အနားသွားပြီး ပွေ့ထူလိုက်သည်။

"ငါမနေရတော့ဘူး။ မင်းလွတ်အောင်သာ. . ပြေးပေတော့"

ဟု ပြောဆိုကာ အသက်ထွက်သွားလေတော့သည်။

ထိုအချိန်တွင် လူရိုင်းအချို့က လှေပေါင်းမိုးအတွင်းသို့





ပင် ရောက်လာကြလေပြီ။

လှေထိုးသားအချို့မှာ သေဆုံးသွားကြပြီ။ အချို့က. . အခြေအနေမဟန်တော့သဖြင့် လှေပေါ်မှ ရေထဲခုန်ဆင်းကာ ထွက်ပြေးသွားကြလေသည်။

သက္ကလည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ. . ရေထဲသို့ ခုန်ချရန် အနောက်ဘက်ပေါင်းမိုးတံခါးကို ဖွင့်ကာ. . အပြင်ဘက်သို့ ထွက်လိုက်လေသည်။


ထိုအခိုက်မှာပင် အပေါ်မှလှမ်းပစ်လိုက်သော မြားတစ်ချောင်းက ပေါင်တစ်နေရာသို့ လာစိုက်ရာ ရေထဲသို့ ထိုးကျသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၅]

# ကျောက်မျက်နာတောင်ကြားမှ အဆက်အနွယ်များ

အချိန်မည်မျှကြာအောင် သတိမေ့မြောနေခဲ့သည် မသိပေ။ သတိပြန်ရလာသောအခါ အိပ်ရာတစ်ခုပေါ်သို့ ရောက်နေသည်ကို သတိပြုမိလေသည်။

သတိရလာသည်နှင့် တစ်ကိုယ်လုံး ပူလောင်လှသော ဝေဒနာနှင့် မြားထိထားသောဒဏ်ရာမှ တစစ်စစ်နာကျင် ကိုက်ခဲနေသော ဝေဒနာများကို သတိပြုမိလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါ်တွင် တင်ထားသော ပိတ်ခြင်ထောင်နှင့် အိပ်ရာတစ်ခုပေါ်မှာ ရောက်နေသည်ကိုသာ သိရပြီး မည်သည့် နေရာရောက်နေမှန်းတော့ မသိပေ။

နေရာမှထရန် ကြိုးစားတော့ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲလျက်ရှိနေသည်။

"ငါဖျားနေတာပါလား၊ ဒီအတိုင်းဆိုရင်တော့ အသက်မသေသေးဘဲ တစ်နေရာရောက်နေပုံရတယ်. . ၊ တစ်ကိုယ်လုံးလည်း ကိုက်ခဲနာကျင်နေတာပဲ. . ကျွတ်. . ကျွတ်. . "

ပါးစပ်မှ အသံထွက်သွားကြောင့်လားတော့ မသိပေ။

သူ့အသံကြားသဖြင့် အခန်းအပြင်ဘက်မှ အမျိုးသမီးတစ်ယောက် ဝင်လာလေသည်။

သူနှင့်သက်တူရွယ်တူခန့်ရှိပြီး. . ကျက်သရေရှိသော အမျိုးသမီးတစ်ဦးဖြစ်သည်။

"ရှင် သတိရလာပြီလား၊ ဒီမှာ ဆေးတစ်ခွက်ပြင်ထားပါတယ် သောက်လိုက်ပါဦး"

ဟုပြောကာ ဆေးခွက်ကိုပေးသဖြင့် လှမ်းယူကာ မော့သောက်လိုက်သည်။

ပြီးမှ. . သိချင်တာကိုမေးရသည်။

"ကျွန်တော် ဘယ်နေရာရောက်နေတာလဲဗျာ"

"ရှင် သစ်တုံးတစ်တုံးကိုဖက်လျက်သားနဲ့ ရွာထိပ်ကသောင်ပေါ်မှာတွေ့လို့ ကျွန်မတို့က အိမ်ကိုခေါ်ခဲ့တာပါ. . ရှင်သတိမေ့နေတာ သုံးရက်ရှိပြီ၊ နောက်ပြီး အဖျားလည်း တက်နေ





တယ်"

"အခုလို အသက်ကယ်ပေးထားတာ ကျေးဇူးတင်ပါတယ်ဗျာ. . ခင်ဗျားတို့နဲ့သာ မတွေ့ရင်တော့ အသက်သေမှာ အမှန်ပါပဲ"

ထိုအမျိုးသမီးက သိမ်မွေ့စွာပြုံးပြသည်။

"ကျွန်တော်ရောက်နေတာ ဘယ်နေရာလဲ. . ၊ ဒီရွာကလည်း အမည်ဘယ်လိုခေါ်ပါသလဲ"

"ဒီနေရာက မြယာကုန်းရွာလို့ခေါ်ပါတယ်၊ ချောင်းရိုးတစ်နေရာမှာရှိတဲ့ တလိုင်းရွာကြီးတစ်ရွာပါပဲ၊ ရှင်ရောက်နေတာ ကျွန်မတို့အိမ်ပါပဲ"

ဟုပြောပြလေသည်။

ဆေးတစ်ခွက်သောက်ပြီးနောက် သက္ကမှာ ပြန်လည်အိပ်ပျော်သွားလေသည်။

နောက်တစ်ကြိမ် ပြန်နိုးလာသောအခါ အပူလျော့သွားပြီး အဖျားကျသွားကာ အတော်ပင်နေသာထိုင်သာ ရှိလာလေသည်။

ဤသို့ဖြင့် သူရောက်နေသောအိမ်မှ မိသားစုများက ရှေ့တစိုက် ပြုစုစောင့်ရှောက်ပေးကြသဖြင့် နောက်ထပ်နှစ်ရက်ခန့်ကြာသောအခါ ပြန်လည်ကောင်းမွန်စ ရှိလာလေသည်။

သက္ကမှာ အိပ်ယာထက်မှာ တစ်ယောက်တည်းရှိနေစဉ် သူရောက်နေသော နေရာအကြောင်းကို မကြာခဏ စဉ်းစားနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic,com



“ငါတို့ . . ဦးလဟောက်တို့ ရွာရောက်တုန်းက သူတို့
ရဲ့အထက်ပိုင်းမှာ ရွာကြီးတွေ မရှိတော့ဘူးလို့ ပြောလိုက်တယ
ငါတို့ လှေဆန်တက်လာတုန်းကလည်း လမ်းတစ်လျှောက်လုံး
ဒီလိုရွာကြီးမျိုး တစ်ရွာမှ မတွေ့ခဲ့မိပါဘူး၊ ငါ ဘယ်လိုနေရာမ
ရောက်နေတာလဲ”

ဟုစဉ်းစားနေမိသည်။

အခြားဖြစ်နိုင်ခြေရှိသော အချက်တစ်ခုကတော့ သူ
လှေဆန်တက်လာသော ချောင်းရိုးမှာမဟုတ်ဘဲ အခြားမြစ်လ
တက်ခဲ့တစ်ခုအတွင်းမှာရှိသော ရွာကြီးတစ်ရွာလည်း . . . ဖြ
ကောင်းဖြစ်နိုင်ပေသည်။

သူကတော့ မသေမပျောက်နှင့် ထိုရွာသို့ ကံကော
ထောက်မစွာဖြင့် ရောက်ရှိလာသည်။

သူဖခင်ကတော့ လှေပေါ်မှာပင် သေဆုံးကာ ကျန်
ခဲ့သည်။ အခြားလှေထိုးသားတို့မှာလည်း သေသူသေ၊ ရေ
ခုန်ချပြီး ထွက်ပြေးသူပြေးနှင့် လူစုကွဲသွားကြသည်။ နောက်ပို
မှာ ကျန်ခဲ့သော အခြေအနေတို့ကို မသိရတော့ပေ . . ။

နောက်ပိုင်းရက်များမှာတော့ မြားဒဏ်ရာလည်း သ
သာ၊ အဖျားလည်းကျသွားပြီဖြစ်သဖြင့် ထူထူထောင်ထောင် ဖြ
လာလေသည်။

သူ့ကိုလာရောက်ပြုစုပေးနေသည့် အမျိုးသမီးကတေ
ဆွေမျိုးသားချင်း အရင်းပမာ ဝတ္တရားမပျက်လာရောက် ပြုစုေ
နေလေသည်။





တစ်နေ့တော့ သူမက မေးသည်။

“ရှင့်နာမည်က ဘယ်သူလဲ”

“ကျွန်တော်နာမည်က သက္ကလို့ခေါ်ပါတယ်၊ ခင်ဗျား
မည်ကရော ဘယ်လို ခေါ်ပါသလဲ”

“ကျွန်မနာမည်က မစောမြလို့ ခေါ်ပါတယ်၊ ဒါထက်
င်က ဘယ်အရပ်ကလာတာလဲ”

“ဇာတိကတော့ မြန်မာနိုင်ငံအလယ်ပိုင်းကပါပဲ၊ ခေတ်
တ်ချိန်မှာ ဒီဘက်ပြောင်းရွှေ့လာကြတာပါ၊ ဘားအံဘက်နား
ာ ရွာတစ်ရွာမှာ နေကြပါတယ်”

“ထင်တော့ ထင်သားပဲ၊ ဒါကြောင့် . . . ပြောပုံဆိုပုံနဲ့
န်အမူအရာက ဒီနယ်ဘက်ကလူတွေနဲ့ မတူတာကိုး၊ ဒါထက်
ဘက်ကိုရော ဘယ်လိုရောက်လာတာလဲ”

“ကျွန်တော်တို့က မြစ်ရိုးတစ်လျှောက်မှာ လှေကြီးတစ်
ီးနဲ့ ကုန်ရောင်းကြရင်းနဲ့ ဟိုးချောင်းဖျားဘက်မှာ လူရိုင်းတွေ
ိုက်ခိုက်ခံရတာနဲ့ အခုလို ဒုက္ခရောက်ခဲ့ရတာပါ”

သက္ကက သူတို့ကြုံတွေ့ခဲ့ရသော အကြောင်းများကို ပြန်
ပြောလိုက်လေသည်။

“အခုတော့ . . ကျွန်တော်အဖေလည်း သေခဲ့ရပြီ လှေ
ည်းမရှိတော့ဘူး၊ နေရပ်ရောက်အောင် ဘယ်ပုံဘယ်နည်း
န်ရမယ်ဆိုတာတောင် မသိတော့ပါဘူးဗျာ”

စိတ်ပျက်ဝမ်းနည်းနေသောအသံဖြင့် ပြောလိုက်သည်။

“ကံတရားပေါ့ရှင်၊ ဒီလောက်လည်း စိတ်အားငယ်မနေ



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့၊ ရှင်ပြန်မယ်ဆိုရင် ကျွန်မတို့က တတ်နိုင်သလောက် အကူအညီပေးကြမှာပါ”

ဟုပြောကာ အိပ်ရာနံဘေးတစ်နေရာမှာ ချထားသော အိတ်တစ်လုံးကို ယူပေးသည်။

“ဒါ. . ရှင်လည်ပင်းမှာ ဆွဲထားတဲ့ အိတ်ပဲ. . ရော့”

ဟုပေးသဖြင့် ယူထားလိုက်သည်။

ထိုအိတ်ထဲတွင် သူဖခင်ပေးလိုက်သော ရွှေတုံးများရှိနေသော်လည်း လောလောဆယ် အခြေအနေမှာတော့ ထိုရွှေတုံးများက ဘာမှအသုံးမဝင်လှသေးပေ။ သူက ရွှေတုံးထည့်ထားသောအိတ်ကို နံဘေးမှာပင် ပြန်ချထားလိုက်သည်။

“ကျွန်မသိရသလောက်တော့ ရှင်တို့တက်သွားခဲ့တဲ့ ချောင်းဖျားဘက်မှာ ဈေးရောင်းရမယ့်ရွာတွေ မရှိတော့ပါဘူး အဲ့ဒီနေရာတွေမှာ သားရဲတိရစ္ဆာန်တွေရော လူရိုင်းတွေပါရှိတယ်၊ သွားတဲ့လူတိုင်း သေကြရတာချည်းပဲ ဘာအတွက် သွားကြတာလဲဟင်”

မစောမြက အေးအေးဆေးဆေးပင်မေးရာ. . သက္ကလည်း အမှန်အတိုင်းပင် ဖွင့်ပြောလိုက်လေသည်။

“ကျွန်တော်တို့ ဈေးရောင်းရင်းနဲ့ ရွာတစ်ရွာရောက်တော့ ရွှေတုံးတွေရခဲ့ပါတယ်၊ ဒီအိတ်ထဲမှာ ထည့်ထားတဲ့ ရွှေတုံးတွေပါ”

သူမက ခေါင်းညိတ်ပြသည်။

“ဒီချောင်းဖျားဘက်မှာ အဲ့ဒီလိုရွှေတုံးတွေရှိတဲ့နေရာ





တစ်ခုရှိတယ်ဆိုတာနဲ့ ရှာဖွေကြည့်ဖို့ တက်လာခဲ့ကြတာပါ. . ၊ အခုတော့. . ”

သက္ကက စကားမဆက်တော့ဘဲ ရပ်လိုက်သည်။

ထိုအခါ မစောမြဆိုသော အမျိုးသမီးငယ်က တစ်ချက်ပြုံးလိုက်သည်။

“ရှင်တို့သွားချင်တဲ့နေရာကို ကျွန်မသိပါတယ်၊ ရွှေတုံးတွေရှိတဲ့ ကျောက်မျက်နှာတောင်ကြားကို ပြောတာမဟုတ်လား”

မစောမြစကားကြောင့် သက္ကမှာ များစွာအံ့သြသွားလေသည်။

“ဟင်. . မစောမြက ဒီအကြောင်းတွေကို ဘယ်လိုသိနေတာလဲ. . ဟင်”

“ရှင့် လည်ပင်းမှာဆွဲထားတဲ့ အိတ်ထဲက ရွှေတုံးတွေကိုကြည့်ရင် သိနိုင်တာပဲ၊ ဒီလိုအတုံးအခဲဖြစ်နေတဲ့ ရွှေတွေက ကျောက်မျက်နှာတောင်ကြားမှာပဲ ရှိတယ်လေ. . ”

“ဒါဖြင့် ခင်ဗျားက အဲ့ဒီနေရာအကြောင်းကို သိနေတာပေါ့နော်”

ခေါင်းညိတ်ပြသည်။

သက္ကက သူသိချင်နေသောအကြောင်းကို ဆက်မေးလိုက်လေသည်။

“အဲဒီနေရာက ဒီကနေ အတော်ဝေးသေးသလား. . ခင်ဗျား ရောက်ဖူးသလား”

“ရောက်ဖူးတာပေါ့ အဲ့ဒီနေရာက ကျွန်မတို့နဲ့ သက်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့နေရာပဲ"

"ဟင်. . ."

သက္ကမှာ များစွာတအံ့တသြဖြစ်နေစဉ် အခန်းထဲသို့ လူကြီးတစ်ယောက်ဝင်လာသဖြင့် စကားပြတ်သွားကြလေသည်။

ထိုအဘိုးကြီးမှာ အသက်(၆၀)ဝန်းကျင်အရွယ်ခန့်ရှိပြီး အသားဖြူဖြူ အရပ်အမောင်းကောင်းသူဖြစ်သည်။ အဖြူရောင်များနေပြီဖြစ်သော သျှောင်ထုံး၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့ဖြင့် ခန့်ညားမှုရှိသော ရှေးလူကြီးတစ်ယောက်ဖြစ်မှန်း မြင်လိုက်ရုံဖြင့် သိသာလေသည်။

ထိုလူကြီးဝင်လာတော့. . မစောမြက အခန်းထဲမှ ပြန်ထွက်သွားလေသည်။

ထိုလူကြီးက သက္ကအနီးတွင် ဝင်ထိုင်လေသည်။ သူသည် ကွမ်းတမြုံ့မြုံ့ဝါးနေရင်းမှ. . . သက္ကအား အေးချမ်းသောအကြည့်မျိုးဖြင့် ကြည့်လေသည်။

"သက်သာသွားပြီးလားမောင်ရင် နေသာထိုင်သာရော ရှိရဲ့လား"

"ရှိနေပါပြီခင်ဗျား၊ အဘတို့မိသားစု ကျေးဇူးကြောင့် အတော်ကလေး သက်သာသွားပါပြီ"

"အဘရဲ့နာမည်က ဦးဒီပလို့ခေါ်ပါတယ် မောင်ရင် နာမည်ကရော ဘယ်လိုခေါ်သလဲ"

"ကျွန်တော်နာမည် မောင်သက္ကလို့ ခေါ်ပါတယ်"

"မြန်မာဆန်တဲ့ နာမည်မျိုးပါပဲ၊ မောင်ရင်အကြောင်းကို





တော့ ကျုပ်မြေးမလေးက ပြောပြထားလို့ သိသင့်သလောက်သိထားပြီးပါပြီ၊ ကျုပ်တို့နဲ့တွေ့မှတော့ ဘာမှစိတ်ပူစရာ မရှိတော့ပါဘူး၊ နေထိုင်ကောင်းလို့ ကိုယ့်အရပ်ဒေသကို ပြန်ချင်ပြီဆိုရင်လည်း စီစဉ်ပေးပါမယ်"

"ကျေးဇူးကြီးလှပါတယ်ခင်ဗျာ"

ထိုနောက်ပိုင်းမှတော့ သက္ကမှာ ကျန်းမာရေးပြန်လည်ကောင်းမွန်လာခဲ့ပြီး လူကောင်းတစ်ယောက်အဖြစ်သို့ ပြန်လည်ရောက်ရှိနေချေပြီ။

တကယ်ဆိုရင် ထိုအခြေအနေမျိုးရောက်သောအချိန်တွင် နေရပ်သို့ပြန်ရန် သင့်သော်လည်း မထူးတော့သည့်အခြေအနေမျိုး ရောက်နေပြီဖြစ်သောကြောင့် လောလောဆယ်မပြန်လိုသေးပေ။

မိမိဖခင်ကြီးနှင့် လှေထိုးသားများအသက်ဖြင့် ရင်းခဲ့ရသောအကြောင်းအရာတစ်ခုကို အောင်မြင်အောင် ဆောင်ရွက်သွားလိုစိတ် ရှိနေလေသည်။

သို့မှသာ သေဆုံးသွားခဲ့သော ဖခင်ကြီးဆန္ဒ ပြည့်ဝမည်ဟုလည်း ယုံကြည်ထားလေသည်။

သို့သော်လည်း သူတစ်ယောက်တည်းနှင့်တော့ ထိုကိစ္စအား အောင်မြင်အောင်ဆောင်ရွက်နိုင်ဖို့ မဖြစ်နိုင်ပေ။

ယခုအခါမှာတော့. . မမျှော်လင့်ဘဲ ကျောက်မျက်နှာဆောင်ကြားနှင့် ပတ်သက်သည့် သဲလွန်စတစ်ခုကို တွေ့ထားပြီးဖြစ်သဖြင့် ချက်ချင်းမပြန်သေးဘဲ ထိုအကြောင်းနှင့် ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



သော အကြောင်းများကို သိတန်သလောက်သိအောင် စုံစမ်းပြီးမှ နေရပ်သို့ ပြန်မည်ဟု စိတ်ကူးထားလေသည်။

ထိုအိမ်သို့ရောက်ပြီး ရက်အတန်ကြာသောအခါမှာတော့. . . သတ္တမှာ ရှုပ်ရည်ချောမောပြီး ကျက်သရေရှိလှသော မစောမြအပေါ် စိတ်ဝင်စားမှု ဖြစ်မိလေသည်၊

မစောမြကလည်း အနေနီးစပ်သဖြင့် သတ္တအပေါ်မှာ စိတ်ဝင်စားမှုရှိဟန်တူလေသည်။

လူကြီးများကလည်း ထိုအကြောင်းကို ရိပ်မိကြဟန်တူသော်လည်း မသိကျိုးကျွန်ပြုနေကြသည်။

တစ်နေ့သည်၌ နှစ်ယောက်ချင်းတွေ့ခိုက် မစောမြက မေးလာလေသည်။

"ကိုသတ္တ. . ဘယ်ရက်လောက် ပြန်မယ်စိတ်ကူးထားသလဲ"

"မစောမြက ကျွန်တော့်ကို ပြန်စေချင်နေပြီလား"

"ဒီသဘောမျိုးနဲ့ မေးတာမဟုတ်ပါဘူး ကိုသတ္တရဲ့ တကယ်လို့ ပြန်တော့မယ်ဆိုရင် အဘတို့ကို အသိပေးပြီး စီစဉ်စရာလေးတွေ ကြိုတင်စီစဉ်ပေးရအောင်လို့ မေးတာပါ"

"မစောမြတို့က ကျွန်တော့်အပေါ်မှာ ကောင်းကြလွန်းလို့ စိတ်ထဲကနေ ကျေးဇူးတင်လှပါတယ်၊ ဒီလိုနေရတာကိုလည်း အားနာလှပါတယ်"

"ဘာမှအားနာစရာ မလိုပါဘူးရှင်၊ ရှင်မှာသာ နောက်ဆံတင်းစရာမရှိဘူးဆိုရင် ဒီမှာပျော်သလောက် နေနိုင်ပါတယ်"





ထိုစကားကြားသောအခါ သတ္တမှာ ရေငတ်တုန်း. . ရေတွင်းထဲကျသကဲ့သို့ဖြစ်ကာ. . စိတ်ထဲမှာ ကတုန်ကယင်ဖြစ်လာမိလေသည်။

"ကျွန်တော့်မှာ နောက်ဆံတင်းစရာ မရှိပါဘူး၊ တကယ်လို့ ဒီကပြန်သွားရင်သာ နောက်ဆံတင်းစရာ ကျန်ခဲ့တော့မှာပါ"

"ဘယ်လိုကြောင့်လဲဟင်"

"အမှန်ပြောရရင်တော့ ကျွန်တော် မစောမြအပေါ်မှာ သံယောဇဉ်ဖြစ်နေမိပါပြီ၊ ဒီစကားကို ပြောပြန်ရင် အရိပ်နေနေ အခက်ချိုးချိုး ဖြစ်မှာစိုးလို့ ချင့်ချိန်နေတာပါ၊ အခုမှ ဖွင့်ပြောဖြစ်တော့တယ်၊ မစောမြသဘောကို သိပါရစေ. ."

အရဲစွန့်ကာ ပြောလိုက်လေသည်။

"ကျွန်မတို့ မိန်းမသားတွေဆိုတာ တစ်ဖက်က ဖွင့်ပြောလာမှသာ သိကြရတာဆိုတော့ ကျွန်မဘက်က စဉ်းစားဖို့ အချိန်လေးတော့ ပေးစေချင်ပါတယ်၊ နောက်ပြီး ကိုသတ္တနဲ့ ကျွန်မတို့ တွေ့ကြတာ မကြာသေးဘူးဆိုတော့ ကျွန်မဘက်က. ."

"မှန်ပါတယ် အခုမှ မြင်ဖူးတွေ့ဖူးတဲ့ လူတစ်ယောက်ကို ဘဝတစ်ခုလုံး ပုံအပ်ရမယ့် ကိစ္စမျိုးဆိုတော့လည်း ကျွန်တော်က မလောပါဘူး. .၊

အခုချက်ချင်း ကျွန်တော်လိုချင်တဲ့အဖြေမျိုး မရသေးလည်း. . စိတ်ထဲက ဘယ်လိုမှ မအောက်မေ့ပါဘူး၊ ကျွန်တော် အမေရှိတဲ့နေရာကို ပြန်သွားပြီးတော့. . နောက်မှ တစ်ခေါက် ထပ်လာခဲ့ပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကတိပေးလေသည်။

နောက်ပိုင်းမှာတော့ ဦးဒီပကိုယ်တိုင် သက္ကကို ခင်မင်သွားပြီး ပြောလေသည်။

"မင်း. . မပြန်ခင် ပြောစရာရှိတာလေးတွေ ပြောလိုက်ပါ့မယ်"

"ဟုတ်ကဲ့ ပြောပါအဘ"

"မင်းတို့. . သွားရောက်ရှာဖွေကြမယ့် ကျောက်မျက်နှာတောင်ကြားဆိုတာ တခြားမဟုတ်ဘူး၊ ကျိန်စာတိုက်ထားတဲ့ နေရာတစ်ခုပဲ"

"ဗျာ. . အဘက ဘယ်လိုသိနေတာလဲ. . ဟင်"

"သိဆို. . အဲဒီနေရာက ငါတို့ ဆွေစဉ်မျိုးဆက်တွေနဲ့ ပတ်သက်တဲ့ နေရာတစ်ခု၊ သက်ဆိုင်တဲ့နေရာတစ်ခုပဲ. ."

"ကျွန်တော် အကျိုးအကြောင်း သိပါရစေ"

"ငါတို့လည်း. . တစ်ချိန်က အင်းဝဘက်မှာ နေခဲ့ကြသူတွေပဲ၊ အင်းဝနေပြည်တော် ပျက်စီးတဲ့အချိန်မှာ ရန်သူတွေလက်က တိမ်းရှောင်ရင်းနဲ့ ဒီနယ်ဘက်ကို ရောက်ခဲ့ကြတာပါ၊ ရွှေတုံးတွေရှိတဲ့ ကျောက်မျက်နှာတောင်ကြားဆိုတာ ငါတို့ ဦးစွာရှာဖွေတွေ့ရှိခဲ့တဲ့ နေရာပါပဲ"

"ဟုတ်ကဲ့"

"နောက်တော့ အမဲလိုက်တဲ့လူအချို့ ရောက်လာရာက ဒီအကြောင်းတွေကို သိသွားကြတယ်၊ နောက်ပိုင်းတော့ ရန်သူတွေရောက်လာပြီး တိုက်ခိုက်ကြတာနဲ့ အချို့လည်း သေသွားကြ





တယ်၊ ဒါပေမယ့် ကျောက်မျက်နှာတောင်ကြားထဲမှာရှိတဲ့ ရွှေတွေကို ဘယ်သူမှယူလို့မရအောင် ကျိန်စာတိုက်ထားခဲ့ကြတယ်"

"အဲ့ဒီတောင်ကြားမှာရှိတဲ့ ရွှေတုံးတွေက. . အရင်ကတည်းက ရှိနေကြတာလား အဘ"

"အဲဒီနေရာက မြေသားက ရွှေဖြစ်နေတဲ့နေရာမို့. . သုဝဏ္ဏဘူမိလို့ ခေါ်ကြတယ်၊ တွင်းထဲမှရှိတဲ့ ရွှေတုံးတွေက ငါတို့ ဆွေစဉ်မျိုးဆက်တွေ ရှာဖွေစုဆောင်းထားတဲ့ ရွှေတုံးတွေပဲ၊ ရန်သူတွေရောက်လာပြီး အသက်စွန့်ရခါနီးမှာ ရှိသမျှရွှေ တွေကို တောင်ကြားထဲ ပစ်ချကြပြီး. . . ကျိန်စာတိုက်ထားခဲ့ကြတာပဲ၊ ဒါကြောင့် နောက်လူတွေ ယူလို့မရခဲ့ကြတာပဲ"

ဟုပြောပြလေသည်။

"ဒါဖြင့် အဲ့ဒီအဖြစ်အပျက်တွေ ဖြစ်ပျက်ခဲ့တာ နှစ်အတော်ကြာခဲ့ရောပေါ့. . . အဘတို့က သူတို့နဲ့ ဆွေစဉ်မျိုးဆက်တော်စပ်သူတွေပေါ့နော်"

"မှန်ပါတယ်"

"တောင်ကြားထဲမှာ ရောက်နေတဲ့ ရွှေတုံးတွေက ဘယ်သူတွေမှ ယူလို့မရဘူးဆိုတော့. . အလဟဿ ဖြစ်နေတာပေါ့နော်"

"အခြားသူတွေသာ ယူလို့မရတာ ကျုပ်တို့ ဆွေစဉ်မျိုးဆက်တွေတော့ ယူလို့ရပါတယ်၊ ဒါကြောင့်. . မောင်သက္ကကို သတိပေးချင်တာက အဲ့ဒီနေရာကိုသွားပြီး ရွှေတုံးတွေလိုချင်တယ်ဆိုရင်တော့ ဒီအတိုင်းသွားရင်. . အန္တရာယ်နဲ့တွေ့ပြီ အ



www.burmeseclassic.com

www.burmeseclassic.com



သက်သေမှာပါပဲ”

“ဒီ. . ဒီတော့ ဘယ်လိုလုပ်ရမလဲဟင်”

“ကျုပ်တို့မိသားစုနဲ့ ဆွေမျိုးတော်စပ်နိုင်မယ်ဆိုရင်တော့. . . မောင်သတ္တ လိုချင်တဲ့ရွှေတုံးတွေ ရသင့်သလောက်ရနိုင်ပါတယ်”

ဟုပြောပြလေသည်။

ထိုအခါမှ သူသိချင်သော အကြောင်းအရာများမှာ ရှင်းလင်းသွားလေတော့သည်။

“ငါ ဘယ်လိုလုပ်ရမလဲ ငါတစ်ယောက်တည်း သွားလို့ကလည်း ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး၊ မစောမြ အချစ်ကိုရအောင်ကြိုးစားပြီး နီးစပ်အောင်လုပ်ရင်တော့. . ငါလိုချင်တဲ့ရွှေတွေ ရနိုင်တယ်၊

ဒါပေမယ့်. . သူက ငါ့အပေါ် တစ်မျိုးထင်သွားမှာလည်းစိုးရသေးတယ်၊

နောက်ပြီး ငါအခုရောက်နေတဲ့ နေရာကရော လူတွေနေတဲ့နေရာရော ဟုတ်ရဲ့လား၊

သူတို့ပြောပုံအရဆိုရင် အင်းဝပျက်ကတည်းကဆိုတော့ နှစ်အတော်ကြာနေပြီ၊ ဦးလဟောက် ပြောလိုက်တုန်းကဒီချောင်းဖျားဘက်မှာ ရွာမရှိတော့ဘူးတဲ့၊

အခု ငါရောက်နေတဲ့ မြယာကုန်းရွာကြီးက အတော်ကြီး စည်ကားတယ်၊ ငါထင်သလို လူအစစ်တွေနေတဲ့ နေရာမှဟုတ်ပါရဲ့လား. .





သူတို့ပြောတဲ့ စကားတွေကရော အမှန်တွေ ဟုတ်ရဲ့လားဟု တစ်ယောက်တည်းတွေးရင်း ချီတုံချတုံ ဖြစ်နေမိလေသည်။ သို့သော်လည်း. . နောက်ထပ်ရက်အနည်းငယ် ကြာသောအခါ မစော်မြက သူလိုချင်သောအဖြေမျိုး ပေးလာသောကြောင့် ယခင်ကတွေးထားခဲ့သော မတင်မကျ ဖြစ်နေသည့်အတွေးများမှာ. . ကြက်ပျောက်ငှက်ပျောက် ပျောက်သွားလေတော့သည်။

ထို့နောက်မှာတော့ ဦးဒီပက ၎င်းတို့နှစ်ယောက်ကိုလက်ထပ်ပေးလေသည်။

ထိုကဲ့သို့လက်ထပ်ပြီးနောက်. . မစောမြကိုပါ တစ်ပါတည်းခေါ်ပြီး မိခင်ကြီးရှိရာသို့ပြန်ရင် ခွင့်တောင်းသောအခါကြည်ကြည်ဖြူဖြူပင် ခွင့်ပေးသည်။

ပေါင်းမိုးတင်ထားသောလှေတစ်စင်းနှင့် လှေလှော်သားနှစ်ယောက်အပြင် လမ်းခရီး၌ စားသောက်ရန် ရိက္ခာအချို့လည်း ထည့်ပေးလေသည်။

နောက်တစ်နေ့နံနက်စောစော စုန်ဆင်းကြရန် အဆင်သင့်ပြင်ပြီးသောအခါ ညဘက်တွင် ဦးဒီပက ၎င်းကိုခေါ်ပြောလေသည်။

“မောင်သက္ကအနေနဲ့ ကျုပ်မြေးကလေးကို သက်တမ်းရှိသရွေ့ သေတမန်သက်တဆုံး သစ္စာရှိစွာနဲ့ ပေါင်းသင်းသွားပါမယ်လို့ ကတိပေးနိုင်ပါမလား”

“ပေးနိုင်ပါတယ်ခင်ဗျား၊ တစ်သက်လုံး ရိုးမြေကျပေါင်း



www.burmeseclassic.com

www.burmeseclassic.com



သင်းသွားပါမယ်လို့ ကတိပေးပါတယ်”

“မင်းကတော့ငါတို့ရဲ့ ဆွေမျိုးဆက်ဖြစ်သွားပြီဆိုတော့ ကျောက်မျက်နှာတောင်ကြားမှာရှိနေတဲ့ ကျိန်စာသင့်နေတဲ့ ရွှေတွေနဲ့လည်း သက်ဆိုင်မှုရှိသွားပါပြီ၊ ဒါပေမယ့် အဲဒီနေရာက တခြားအန္တရာယ်တွေ အလွန်ပဲများတာမို့ မင်းကိုယ်တိုင်တော့ သွားဖို့ မကြိုးစားပါနဲ့တော့”

“ဘယ်လိုအကြောင်းကြောင့်လည်းအဘ”

“အဲဒီနေရာမှာရှိတဲ့ တခြားအန္တရာယ်တွေက သာမန်လက်နက်မျိုးတွေနဲ့ နှိမ်နင်းလို့မရနိုင်တဲ့ အန္တရာယ်မျိုးတွေရှိတယ်၊ ဒါပေမယ့် . . တစ်ချိန်မှာတော့ ဒီကိစ္စတွေကို ဆောင်ရွက်ပေးနိုင်တဲ့သူတစ်ဦးနဲ့ တွေ့ရလိမ့်မယ်၊ အဲဒီအချိန်ထိအောင်တော့ မင်းစောင့်နေရလိမ့်မယ်”

“စိတ်ချပါခင်ဗျာ၊ အဘမှာတဲ့အတိုင်း စောင့်ပါ့မယ်”

“နောက်တစ်ခုမှာချင်တာက မင်းတို့ ဒီရွာကထွက်သွားပြီးတဲ့နောက်မှာ ဒီရွာကို နောက်တစ်ကြိမ် ပြန်မလာခဲ့ကြနဲ့တော့”

“ဟင် . . ဘာဖြစ်လို့လဲ အဘ”

“မင်းတို့ နောက်တစ်ကြိမ်လာရင် ငါတို့အားလုံးကို ပြန်တွေ့ရတော့မှာ မဟုတ်ဘူး”

ဟု ထူးဆန်းသောစကားမျိုး ပြောလေသည်။

သက္ကလည်း ထိုအကြောင်းကို သိချင်သေးသော်လည်း မမေးသင့်တော့သဖြင့် မမေးတော့ပါချေ။

ထို့နောက် ဦးဒီပက အသင့်ထုပ်ထားသော အထုပ်ကို





ပေးလေသည်။

အထုပ်ကို ဖြည်မကြည့်ရပါဘဲနှင့် . . ရွှေတုံးရွှေခဲများ ထုပ်ထားသည်ကို သိသာပေသည်။

နောက်တစ်နေ့ နံနက်ပိုင်းတွင် ဦးဒီပ အပါအဝင် အားလုံးကို ကန်တော့ပြီး နှုတ်ဆက်ကာ လှေဖြင့် စုန်ဆင်းခဲ့ကြလေတော့သည်။


အထက်ပါ အဖြစ်အပျက်များမှာ . . .

ဦးသက္ကက ဒေါက်တာမင်းထင်ကျော်အား ပြန်လည်ပြောပြသော အကြောင်းအရာများပင်ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၆)

# သန်းခေါင်ယံအချိန်လာသော ဧည့်သည်များ

အချိန်က နေ့လယ်ဘက်အချိန်သို့ပင် ရောက်နေလေ ဒေါက်တာမင်းထင်ကျော်မှာလည်း ဦးသက္ကပြောပြသော အ ကြောင်းများကို စိတ်ဝင်စားနေသောကြောင့် စားပွဲပေါ်မှ တစ် ်တစ်ပျက် ကျန်နေသေးသော ကော်ဖီကိုပင် ဆက်သောက် မေ့နေလေသည်။

"မောင်မင်းထင်ကျော် ကျုပ်ပြောပြတဲ့ အကြောင်းအရာ



www.burmeseclassic.com

www.burmeseclassic.com



တွေကို စိတ်ဝင်စားမှု ရှိရဲ့လား"

"ရှိပါတယ်ခင်ဗျာ၊ ဒါပေမယ့် မေးချင်တာလေးတွေလည်း ရှိပါသေးတယ်"

"မေးသာမေးပါ"

"ဦးလက်ထပ်ခဲ့တဲ့ ဒေါ်စောမြဆိုတာ အခု ဒီမှာရှိနေတဲ့ အန်တီလား"

"ဟုတ်ပါတယ် သူပါပဲ"

"ဒါဖြင့်. . . လက်ထပ်ခဲ့ကြတာ အတော်ကြာရော ပေါ့နော်"

"ကြာပြီပေါ့. . . သမီးတစ်သက်ရှိပြီဆိုပါတော့၊ ကျုပ်သမီးပဲ (၂၅)နှစ်ရှိနေမှာပဲ"

"အဲ့ဒီကထွက်လာပြီးတော့ ဆွေမျိုးသားချင်းတွေနေတဲ့ မြယာကုန်းရွာကို တစ်ခေါက်ပြန်သွားဖြစ်သေးသလား"

"သွားပါသေးတယ် ဒါပေမယ့် တစ်ရွာလုံး ပျောက်သွားပြီး အစအနတောင် မတွေ့ရတော့ပါဘူး"

"ဟင်. . ဘယ်နေရာ ပြောင်းသွားခဲ့ကြတာလဲ"

"ကျုပ်လည်း မသိနိုင်တော့ပါဘူး၊ ရွာက ထွက်မလာခင်က ဦးဒီပကတော့ မှာလိုက်သားပဲ၊ နောက်တစ်ခေါက် ပြန်လာရင် သူတို့ကို ပြန်မတွေ့ရတော့ဘူးဆိုပေမယ့် စိတ်ထဲက သိပ်မယုံခဲ့ဘူး၊ လက်တွေ့ပြန်ရောက်သွားတော့မှ အစအနတောင် မတွေ့ရတော့ဘူး"

"တစ်နေရာများ ပြောင်းသွားကြတာလား"





"ကျုပ်လည်း ဒီလိုပဲထင်မိပါတယ်၊ ဒါပေမယ့် အဲ့ဒီနေရာမှ ရွာတည်ခဲ့တဲ့ အစအနတောင် မရှိဘဲ. . သစ်တောကြီးတွေပဲ တွေ့ရတော့တယ်"

"နေရာများ မှားသလား"

"ချောင်းရိုးတစ်လျှောက်မှာရှိတဲ့ နေရာတွေက မှားစရာမရှိပါဘူး"

"ဒီအကြောင်းတွေကို ဦးရဲ့ဇနီး သိနိုင်တာဆိုတော့. . သူ့ကို မေးမကြည့်ဘူးလား"

"တစ်ခါတော့ မေးကြည့်ဖူးပါတယ်၊ ဒါပေမယ့် သူက ဘာမှမပြောဘူး၊ နောက်တော့ သူစိတ်မကောင်းဖြစ်နေမှာစိုးလို့ ထပ်မမေးတော့ပါဘူး"

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ ဒေါ်စောမြမှာ သာမန်မဟုတ်ပဲ ပရလောကနှင့် အဆက်အသွယ်ရှိသူ၊ ဒါမှမဟုတ် သိုက်စောင့်ဘဝမှ လူ့ဘဝသို့ လာရောက်နေထိုင်ခွင့်ရသူဖြစ်နိုင်သည်ဟု ခန့်မှန်းမိလေသည်။

ထိုအချိန်မှာပင် အခန်းထဲသို့ စောမြဝတီ ဝင်လာလေသည်။

သူမသည် စောစောက တွေ့ရသည်နှင့် မတူတော့ပေ။ အဝတ်အစားလဲပြီး အနည်းငယ်ပြင်ဆင်ထားသောကြောင့် ပိုလှနေလေသည်။

"ဖေဖေ နေ့လယ်စာသုံးဆောင်ဖို့ အဆင်သင့်ပြင်ဆင်ပြီးပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပြောသဖြင့် ဦးသက္ကက. . ၊

"စကားကောင်းနေတာနဲ့ အချိန်တောင် အတော်လင့် သွားပြီ၊ နေ့လယ်စာ စားကြရအောင် မောင်မင်းထင်ကျော်၊ ပြီး စကားပြန်ဆက်ကြတာပေါ့"

ဟုပြောကာ ခေါ်သဖြင့်. . အားနာနာနှင့်ပင် ထလိုက် သွားလေသည်။

ထမင်းစားပွဲပေါ်မှာတော့ အမျိုးအမည်စုံလှသော ဟင်း လျာနှင့် အစားအသောက်တို့ကို ပြင်ဆင်ထားရာ. . တပည့်များ ချက်ပြုတ်ကျွေးမွေးသည်ကိုသာ စားနေရသော သူ့အတွက်တော့ ခံတွင်းမြိန်စရာပင်ဖြစ်လေသည်။

"အားမနာနဲ့ မောင်မင်းထင်ကျော် စားသာစားကွယ့် ဒါ ကျုပ်သမီး စီစဉ်တဲ့ လက်ရာတွေပဲ"

ဟုပြောပြန်သည်။

စောမြဝတီကလည်း မနီးမဝေးမှာ ရှိနေရင်းနှင့် လိုလေ သေးမရှိအောင် စီမံဆောင်ရွက်ပေးနေပြန်ရာ အားနာနာနှင့်ပင် ဝမ်းဝအောင် စားသောက်ရလေတော့သည်။

ဒေါ်စောမြကလည်း ဧည့်သည်အတွက် လိုလေသေး မရှိအောင် ပြုလုပ်ပေးရန် သမီးဖြစ်သူကို လာရောက်ပြောနေရာ ဒေါက်တာမင်းထင်ကျော်မှာ ဧည့်ဝတ်ကျေပွန်လှသော မိသား များရှေ့တွင် တစ်ယောက်တည်း ဧည့်သည်လုပ်နေရသည်ကို အားနာလာသကဲ့သို့ ရှိနေလေသည်။

ထမင်းစားသောက်ပြီးနောက် အချိုပွဲရောက်တော့မှ





နှစ်ယောက်ချင်းတွေ့သောအခါ ဦးသက္ကက ထပ်ပြောပြန်လေ သည်။

"တကယ်တော့ ကျုပ်တို့မိသားစုဘဝမှာ ဘာမှလိုလေ သေးမရှိအောင် ပြည့်စုံပါတယ်၊ ဒါကြောင့်. . ကျောက်မျက်နှာ တောင်နဲ့ပတ်သက်တဲ့အကြောင်းတွေကို မေ့ထားခဲ့တာ နှစ်အ တော်ကြာပါပြီ. .

နောက်တစ်ချက်က အသက်အရွယ်ကြီးလာတော့ အခု အချိန်မှ သွားပါဆိုလည်း မသွားနိုင်တော့ပါဘူး"

"မှန်ပါတယ်"

"အခုတလော မိတ်ဆွေတွေနဲ့ဆုံရင်း ရွှေတိဂုံစေတီ တော်ကြီး ရင်ပြင်တော်ပေါ်ကို မကြာခဏရောက်သွားရင်းနဲ့ စိတ်ကူးကောင်းတစ်ခုပေါ်လာခဲ့တယ်"

"ဘယ်လိုစိတ်ကူးမျိုးပါလဲ"

"တခြားတော့မဟုတ်ပါဘူး၊ ကျုပ်တို့ဆွေစဉ်မျိုးဆက် တွေနဲ့သက်ဆိုင်တဲ့ ရွှေတုံးတွေကို ဒီအတိုင်းတောထဲ တောင်ထဲ မှာ ထားတာနဲ့စာရင် ရနိုင်သမျှသယ်ယူလာပြီး ဒီမှာရှိတဲ့ လိုအပ် တဲ့နေရာတွေကို လှူဒါန်းရရင် ပိုပြီးကောင်းမယ်ဆိုတဲ့ စိတ်ကူး ပါ"

"ကောင်းပါတယ်ဦး"

"ကောင်းပေမယ့် ကျုပ်ကိုယ်တိုင်ကတော့ ဘယ်နည်းနဲ့ မှ မတတ်နိုင်တော့ဘူး၊ ဒါကြောင့်. . ကျုပ်ကိုယ်စား ဆောင်ရွက် ပေးနိုင်တဲ့သူမျိုး ရှာဖွေနေတာ အတော်ကြာပြီ၊ အခုမှပဲ တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



တော့တယ်လို ဆိုရမှာပဲ၊ မောင်မင်းထင်ကျော် ဆောင်ရွက်ပေး နိုင်ပါ့မလား"

ဟု ပွင့်ပွင့်လင်းလင်း မေးလေသည်။

ဒေါက်တာမင်းထင်ကျော်က အတော်ကြာအောင် စဉ်း စားနေပြီးမှ. . .၊

"ဦးရဲ့ရည်ရွယ်ချက်က အတော်လေးကောင်းပါတယ် ကျွန်တော်အနေနဲ့ အကူအညီပေးရမှာလည်း ဝန်မလေးပါဘူး တစ်ခုခက်နေတာက. ."

ဟုပြောရင်း စကားကို ရပ်လိုက်လေသည်။

"ပြောစရာရှိတာ ပြောသာပြောပါ"

"ကျောက်မျက်နှာတောင်ကြားမှာရှိတဲ့ ရွှေတုံးတွေက ဦးတို့နဲ့သက်ဆိုင်တဲ့ ဆွေစဉ်မျိုးဆက်တွေယူမှ ရမယ်လို့ ကျိန်စာ ဆိုထားတာ၊ ကျွန်တော်သွားရင် ရနိုင်မယ် မထင်ဘူး"

"ဒီအတွက်တော့ ဘာမှစိတ်မပူပါနဲ့၊ အဆင်ပြေအောင် လုပ်ပေးမှာပါ၊ မောင်မင်းထင်ကျော်အနေနဲ့. . ကျုပ်အကူအညီ တောင်းတဲ့ကိစ္စကိုသာ ဆောင်ရွက်ပေးချင်စိတ် ရှိမရှိ သိချင်ပါ တယ်"

"ကျွန်တော်ကတော့ အကူအညီပေးချင်ပါတယ်"

"ဒီလိုဆိုရင်တော့. . မခက်ခဲတော့ဘူး၊ မောင်မင်းထင် ကျော်မှာ အိမ်ထောင်ရှိသလားလို့ စောစောကတည်းက မေးခဲ့ တာ ဒီအကြောင်းပါပဲ၊ တခြားနည်းတော့ မဟုတ်ပါဘူး၊ မောင် မင်းထင်ကျော်ကို ကျုပ်တို့မိသားစုဝင်တစ်ယောက် ဖြစ်သွား





အောင် ကျုပ်သမီးနဲ့ လက်ထပ်ပေးမှာပါ"

"ဗျာ. . ."

"သိပ်အံ့ဩသွားသလား၊ ကျုပ်တို့မိသားစုရဲ့ အဓိက ရည်ရွယ်ချက်က တောထဲမှာ အလဟဿဖြစ်နေတဲ့ ရွှေတွေကို အကျိုးရှိတဲ့နေရာတွေမှာ အသုံးပြုချင်တဲ့ ရည်ရွယ်ချက်ပါပဲ၊ တကယ်လို့ ရွှေတုံးတွေရလာရင် ရွှေတိဂုံစေတီတော်မြတ်ကြီးကို လှုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူချင်ပါတယ်၊ ကျုပ်တို့ဆန္ဒပြည့် မြောက်အောင် အကူအညီပေးစေချင်ပါတယ်"

"ကျွန်တော်ဘက်ကတော့ အပန်းမကြီးပါဘူး၊ ဒါပေ မယ့် ဒီလိုလုပ်ရင်. . မိန်းကလေးဘက်က အများကြီး နစ်နာပါ လိမ့်မယ်"

"ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့၊ ကျုပ်သမီးလေးက လိမ္မာရေးခြားရှိပါတယ်၊ မိဘတွေ ဆန္ဒရှိမယ်ဆိုရင် ဘာမဆို အကူအညီပေးမယ့် သူမျိုးပါ၊

ဒီကိစ္စကြီး အထမြောက်သွားခဲ့ရင် တမလွန်ရောက်နေ ကြတဲ့ ဆွေစဉ်မျိုးဆက်တွေရော၊ ကျုပ်တို့မိသားစုပါ ကောင်းမှု အကျိုးတွေ ရကြမှာဆိုတော့ သူကတော့ ဘာမဆို လက်ခံပေး မှာပါ"

ဟု ပြောလေသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ သမီးတစ် ယောက်၏ ဘဝနှင့်ရင်းပြီး ကုသိုလ်ကောင်းမှု ပြုချင်နေကြသော ဦးသတ္တတို့ မိသားစုကို အံ့ဩမဆုံးနိုင်အောင် ဖြစ်နေမိလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဦးတို့မိသားစုရဲ့ စေတနာကိုတော့ ချီးကျူးမိပါတယ်၊ ကျွန်တော့်ဘက်ကတော့ လက်ခံပေးနိုင်ပါတယ်၊ ကူညီဆောင်ရွက်ပေးဖို့လည်း ဆန္ဒရှိပါတယ်၊ ဒါပေမယ့် . . ကာယကံရှင်ရဲ့ သဘောဆန္ဒကိုလည်း သိချင်ပါသေးတယ်"

"ကောင်းပါပြီ. . သမီးနဲ့ စကားပြောဖို့ ခွင့်ပြုပါတယ်"

ဟုပြောဆိုပြီး ဦးသက္ကက အခန်းထဲမှ ထသွားလေသည်။ အတန်ကြာသောအခါ သူရှိနေသောအခန်းထဲသို့ စောမြဝတီ ဝင်လာလေသည်။

သူမက ဣန္ဒြေရစွာနှင့်ပင် ရှေ့မှာဝင်ထိုင်လေသည်။

"ကျွန်တော်နာမည်က ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်. ."

"ကျွန်မက စောမြဝတီပါရှင်"

"ကျွန်တော်တို့နှစ်ယောက်က အခုမှ တွေ့ဖူးမြင်ဖူးကြတယ်ဆိုရပေမယ့်၊ အခုတော့ အတော်ကလေး အရေးကြီးတဲ့ ကိစ္စတစ်ခု ပေါ်လာလို့ မစောမြဝတီနဲ့ အခုလို တွေ့ခွင့်တောင်းရတာပါ"

"ကျွန်မကို ဝတီလို့ပဲ ခေါ်နိုင်ပါတယ် ဒေါက်တာ"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"ကျေးဇူးတင်ပါတယ်. . အဲ့ဒါ. ."

"ကျွန်မလည်း သိသင့်သလောက် သိထားပြီးပါပြီ. . ၊ ဒေါက်တာ့ သဘောဆန္ဒကိုပဲ အရင်ပြောပြပါ"





"ကျွန်တော်ဘက်ကတော့ လက်ခံပါတယ်၊ ဦးရဲ့ဆန္ဒကို အကူအညီပေးဖို့ ဆုံးဖြတ်ထားပါတယ်"

"ကျွန်မဘက်ကလည်း ငြင်းစရာမရှိပါဘူး၊ မိဘတွေရဲ့ သဘောဆန္ဒကို ဖြည့်ဆည်းပေးရတာကို ကုသိုလ်ရတယ်လို့ပဲ သဘောထားပါတယ်၊ ဖေဖေရဲ့ ဆန္ဒအရ ကျွန်မ ဒေါက်တာကို လက်ထပ်ပါ့မယ်"

ဟုတည်တည်ငြိမ်ငြိမ်အမူအရာနှင့်ပင် ပြောလေသည်၊ ဒေါက်တာမင်းထင်ကျော်အနေနှင့်တော့ ထူးဆန်းသော မိသားစုများနှင့်တွေ့ရပြီး မမျှော်လင့်သော အကြောင်းအရာများနှင့် လက်တွေ့ကြုံနေရသောကြောင့် များစွာအံ့ဩနေမိလေသည်။

သို့သော်လည်း ဦးသက္ကအား ကတိပေးပြီးသာ ဖြစ်နေသည်ကတစ်ကြောင်း. . ၊

သူကိုယ်တိုင်ကလည်း ထိုကိစ္စဆောင်ရွက်ရန်အတွက် စောမြဝတီနှင့်လက်ထပ်ရန် သဘောတူလိုက်သည်။ သူတို့နှစ်ယောက် လက်ထပ်ပွဲကတော့ ကျယ်ကျယ်ပြန့်ပြန့် မဟုတ်ပါချေ။

အသိမိတ်ဆွေအချို့ဖိတ်ပြီး အကျဉ်းချုပ်ကာ လက်မှတ်ထိုးကြခြင်းပင်ဖြစ်သည်။

"ကျုပ်သမီးလေးက ရုပ်ရည်လည်းရှိ၊ လိမ္မာရေးခြားနဲ့ လည်းပြည့်စုံတော့ မိတ်ဆွေရင်းချာတွေရဲ့ သားသမီးတွေက လာရောက်ကမ်းလှမ်းထားတာတွေ အများကြီးရှိပါတယ်၊ ဒါပေမယ့် ကျုပ်ရည်ရွယ်ချက်နဲ့ ကိုက်ညီတဲ့သူတွေ မဟုတ်ကြလို့ ဘယ်သူ့ကိုမှ လက်မခံခဲ့တာပါ၊ အခုမှပဲ ကျုပ်တို့မိသားစုဆန္ဒကို ဖြည့်



www.burmeseclassic.com

www.burmeseclassic.com



ဆည်းပေးနိုင်မယ့် ကျုပ်လိုချင်တဲ့သူမျိုးနဲ့ တွေ့ရပေတော့တယ်"

လက်ထပ်ခြင်းကိစ္စပြီးတော့ ဦးသက္ကကပြောသည်။ ထို့နောက် ဒေါက်တာမင်းထင်ကျော်နှင့် စောမြဝတီတို့နှစ်ယောက်ကို လက်ထပ်စာချုပ်နှစ်စောင်အပြင် အခြားစာချုပ်နှစ်စောင်ပါ ပေးလေသည်။

ထိုစာချုပ်များမှာ ဦးသက္ကနှင့်သိက္ခမ်းသော ဝတ်လုံတော်ရ ဦးဘကျော်ကိုယ်တိုင် ပြုလုပ်ပေးထားသည့် စာချုပ်နှစ်စောင်ပင်ဖြစ်သည်။

အသိသက်သေနေရာတွင်. . ဦးဘကျော်နှင့် စက်ရှင်တရားသူကြီးဟောင်း ဦးစိန်မောင်တို့က လက်မှတ်ထိုးပေးထားကြသည်။ ကြည့်လိုက်တော့. . တစ်စောင်က နှစ်ဦးသဘောတူလက်မှတ်ရေးထိုးထားသည့် လက်ထပ်စာချုပ်ဖြစ်သည်။

နောက်တစ်စောင်က ကွာရှင်းစာချုပ်ဖြစ်သည်။ စောမြဝတီနှင့် အသိသက်သေနှစ်ယောက်က လက်မှတ်ရေးထိုး ထားပြီးဖြစ်ကာ သူနာမည်အပေါ်၌သာ လက်မှတ်ထိုးရန်အတွက် ကွက်လပ်ချန်ပေးထားခြင်းဖြစ်လေသည်။

ထိုစာချုပ်ကိုမြင်တော့ ဒေါက်တာမင်းထင်ကျော်က နားမလည်နိုင်အောင် ဖြစ်သွားလေသည်။

"ဒီ. . ဒီ. . စာချုပ်က ဘယ်လိုသဘောလဲဟင်"

"မောင်မင်းထင်ကျော်အနေနဲ့ အလုပ်ကိစ္စတွေ ဆောင်ရွက်ပြီးတဲ့အခါ ကျုပ်သမီးလေးကို မပေါင်းသင်းလိုတော့ရင် ဒီစာချုပ်နဲ့ ကွာရှင်းလို့ရအောင် တစ်ပါတည်း လုပ်ပေးထားတာ





ပါ"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်မှာ စိတ်မကောင်းဖြစ်သွားမိသည်။

သို့သော်. . ထွေထွေထူးထူး ဘာမှ မပြောတော့ဘဲ စာချုပ်နှစ်စောင်စလုံးကို ယူထားလိုက်လေသည်။

ညအချိန်ရောက်တော့ မိသားစုလေးယောက်ဆုံမိသောအခါ ဒေါ်စောမြက ပြောသည်။

"ဒေါ်ဒေါ်ရဲ့သမီးလေးကို အခုလိုလက်ခံပေးတာ ကျေးဇူးတင်ပါတယ် မောင်ရင်ရယ်၊ ညည့်နက်ပိုင်းရောက်တဲ့အခါမှာ နောက်ထပ်လာကြဦးမယ် ဧည့်သည်တွေကိုလည်း ဧည့်ခံပေးပါဦး"

"ဘယ်သူတွေလဲဟင်"

"သမီးရဲ့မင်္ဂလာပွဲအတွက် ဆွေတော်မျိုးတော်၊ ဆွေစဉ်မျိုးဆက်တွေကို ဖိတ်ကြားထားတာရှိပါတယ်၊ သူတို့က ရပ်ဝေးကလာကြရမှာဆိုတော့ အတော်ညဥ့်နက်တော့မှ ရောက်ကြလိမ့်မယ်"

"ဟုတ်. . ဟုတ်ကဲ့"

"မင်းက. . ဒေါ်ဒေါ်တို့ရဲ့ မိသားစုဝင်၊ ဆွေမျိုးရင်းချာဖြစ်သွားပြီဆိုတော့ ဆွေမျိုးသားချင်းတွေနဲ့ မိတ်ဆက်ပေးရမယ့် ဝတ္တရားရှိတယ်၊ ဒါမှ ခရီးသွားတဲ့လာတဲ့အခါ. . သူတို့က အကူအညီပေးလို့ရမှာ မဟုတ်လား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်မှာ ထိုကဲ့သို့သော အတွေ့အကြုံမျိုး ကြုံတွေ့ခဲ့ဖူးသူဖြစ်သောကြောင့် . . ညအချိန်မတော်မှ ရောက်လာကြမည့် ဧည့်သည်များမှာ သာမန်မဖြစ်နိုင်ကြောင်းတော့ စိတ်ထဲက သိနေလေသည်။

ထိုကဲ့သို့ ဧည့်သည်များ ရောက်မလာခင်အချိန်တွင် ဦးသတ္တနှင့် ဒေါ်စောမြတို့က သူ့အတွက် ပစ္စည်းတစ်မျိုးစီ ပေးကြလေသည်။

ဒေါ်စောမြက သူမလက်တွင် ဝတ်ဆင်ထားသော . . မြလက်စွပ်ကို ချွတ်ပေးလေသည်။

လက်စွပ်ကွင်းထားသော မြမှာ . . အရွယ်အစားကြီးပြီး အရည်အသွေးကောင်းလှသောကြောင့် မီးရောင်ဖြင့် အရောင်တလက်လက် တောက်ပလျက်ရှိနေသည်။

"ခရီးသွားတဲ့အခါ ဒီလက်စွပ်ကို လက်မှာအမြဲဝတ်ဆင်ထားပါ။ မင်းအတွက် ဘေးအန္တရာယ်တွေက အကာအကွယ်ပေးပါလိမ့်မယ်"

ဒေါက်တာမင်းထင်ကျော်က ယူပြီး လက်မှာဝတ်ကြည့်သောအခါ လက်ဖြင့်တိုင်းထားသကဲ့သို့ အနေတော်ဖြစ်နေသည်ကို တွေ့ရလေသည်။

ဦးသတ္တကပေးသောအရာမှာ အခြားမဟုတ်ပေ။

တစ်ပေပတ်လည်ခန့်ရှိသော သားရေပြားတစ်ချပ်ပေါ်၌ ရေးထားသော မြေပုံတစ်ချပ်ပင်ဖြစ်လေသည်။

"ဒါ ကျူပ်ယောက္ခမကြီး ဦးဒီပပေးလိုက်တဲ့ ကျောက်





မျက်နှာတောင်ကြားကိုရောက်နိုင်တဲ့ မြေပုံပါပဲ၊ မောင်မင်းထင်ကျော်သွားရင် တစ်ပါတည်း ယူသွားပါ"

ဒေါက်တာမင်းထင်ကျော်က ယူကြည့်လိုက်သည်။ သားရေပြားပေါ်တွင် စမွေးရည်ဖြင့်ရေးထားသော မြေပုံမျိုးဖြစ်ပြီး ခေတ်တကျ ရေးဆွဲထားသော မြေပုံမျိုးတော့မဟုတ်ပေ။

သို့သော်လည်း ဒေသ၌ရှိသော တောများ၊ မြစ်ချောင်းများ၊ တောင်များကို အဓိကထားရေးထားသောကြောင့် ကြည့်လျှင် အလွယ်တကူသိနိုင်လေသည်။

ဆေးဖြင့်ရေးသားသည်မှာ နှစ်အတော်ကြာပြီဖြစ်သောကြောင့် အချို့နေရာများမှာ မှေးမှိန်နေချေပြီ. . ။

"မြေပုံက အတော်ကြာပြီ ထင်ပါရဲ့နော်"

"ငါ့သမီးတစ်သက်ပဲဆိုပါစို့၊ သားရေပြားပေါ်မှာ ရေးထားလို့သာ ဒီလောက်ခံနေတာ၊ ဒီညတော့ သူတို့ကိုလည်း ဖိတ်ထားတယ်၊ သူတို့မြေး မင်္ဂလာပွဲကိုတော့ လာကြမှာပါ၊ ရောက်လာတော့မှ မောင်ရင်နဲ့ တစ်ခါတည်း မိတ်ဆက်ပေးပါ့မယ်"

ဟုပြောလေသည်။

ဤသို့ဖြင့် အခြားအကြောင်းအရာများ ပြောဆိုတိုင်ပင်နေကြစဉ်မှာ ညဥ့်နက်ပိုင်းအချိန်သို့ ရောက်သောအခါ လမ်းထဲသို့ဝင်လာသော မြင်းခွာသံများနှင့် လှည်းဘီးအသံများကို ကြားလာကြရလေသည်။

မကြာခင် ခြံဝန်းအတွင်းသို့ မြင်းလှည်းသုံးစီးဖြင့် လူအချို့ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စုစုပေါင်း (၁၅)ယောက် အယောက်(၂၀)ခန့်ရှိပေမည်။ ရှေးခေတ်ကလူများ ဝတ်ဆင်ထားသော အဝတ်အစားများကို ဝတ်ဆင်ထားကြပြီး သျှောင်တစောင်းထုံးကာ ပိုးပဝါပေါင်းသူက ပေါင်း၊ ဘီးဆံပတ်ထုံးကာ ရွှေဘီး၊ ဆံထိုးများ တဝင်းဝင်း တပြောင်ပြောင်ဖြင့် စိုက်လာကြသော ယောကျ်ားမိန်းမ စုံလှသည်။

အကောင်းစား ပိုးထည်၊ ချည်ထည်များဖြင့် ချုပ်လုပ်ထားသော ပုဆိုး၊ လုံချည်၊ ရင်ဖုံးအင်္ကျီတို့ကို ဝတ်ဆင်လာကြရာ ဇာတ်ပွဲတစ်ပွဲ ကြည့်နေရသကဲ့သို့ ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ထိုမြင်ကွင်းကိုကြည့်ပြီး အံ့သြနေလေသည်။

ခြံဝန်းထဲသို့ ဧည့်သည်များ ရောက်လာသောအခါ ၎င်းနှင့်သက်ဆိုင်သူများမို့ ဒေါ်စောမြက ရှေ့ဆုံးမှ ထွက်သွားပြီး. . ကြိုဆိုလေသည်။

ဦးသက္ကက နောက်မှလိုက်သွားသည်။

ဒေါက်တာမင်းထင်ကျော်နှင့် စောမြဝတီတို့နှစ်ယောက်ကတော့ ထိုအကြောင်းများကို ကောင်းစွာမသိကြသေးသဖြင့် မနီးမဝေးမှပင်. . အခြေအနေကို အကဲခတ်ကြည့်နေကြလေသည်။

မြင်းရထားပေါ်မှ ဆင်းလာကြသူများကို ဦးဆောင်လာသူမှာ. . မြယာကုန်းရွာ၌ တွေ့ခဲ့သော ဦးဒီပပင်ဖြစ်လေသည်။ တစ်ချိန်က ဦးဒီပမှာ အသက်(၅၀)ကျော်အရွယ်ခန့်ရှိပြီး ဦးသက္ကက အသက်(၂၀)အရွယ်သာရှိသေးသည်။ ယခုအချိန်မှာတော့





ဦးသက္ကက အသက်(၅၀)ကျော်အရွယ် ရှိနေပြီဖြစ်သော်လည်း ဦးဒီပကတော့ ထူးထူးခြားခြား ပြောင်းလဲခြင်းမရှိပဲ ယခင်နှစ်ပေါင်းများစွာက တွေ့ခဲ့ရသော ပုံပန်းသဏ္ဍာန်အတိုင်းပင် ရှိလေသည်။

"အဖေတို့ရောက်လာပြီ၊ အိမ်ထဲကိုကြွကြပါရှင်. . . သတို့သားနဲ့လည်း မိတ်ဆက်ပေးပါ့မယ်"

ဟုပြောဆိုကာ ဒေါ်စောမြကပင် ဦးဆောင်ပြီး အိမ်ထဲသို့ခေါ်သွားလေသည်။

အိမ်ထဲရောက်သောအခါ ကွမ်းဆေးလက်ဖက် စသည့်တို့နှင့် ဧည့်ခံကျွေးမွေးလေသည်။

"ကျွန်မက. . ဒီမှာ ပြုန်းစားကြီး လုပ်ကြရတာဆိုတော့ အဖေတို့ လာမှလာနိုင်ကြပါ့မလားလို့ စိတ်ပူနေမိတာ"

"မလာလို့ ဘယ်ဖြစ်ပါ့မလဲ၊ ငါ့မြေးမင်္ဂလာပွဲပဲ လာရမှာပေါ့. . သတို့သားက ဘယ်သူလဲဟဲ့"

ဦးဒီပက မေးလေသည်။

"ရှိပါတယ် အဖေ. . သူပါပဲ"

ဒေါ်စောမြက မနီးမဝေးမှာ ရပ်နေသော. . ဒေါက်တာမင်းထင်ကျော်ကို ပြသည်။

ဦးဒီပက အသေအချာကြည့်နေပြီး အတန်ကြာမှ. . . ခေါင်းတစ်ချက်ညိတ်လိုက်သည်၊

"မှန်ပါတယ်. . စိတ်သဘောထား ဖြူစင်ရိုးသားပြီး၊ ယုံကြည်အားကိုးထိုက်တဲ့ လူတစ်ယောက်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မှတ်ချက်ချလေသည်။

"ကျွန်မတို့ မိသားစုလည်း မသေခင် ကုသိုလ်ကောင်းမှုတွေ ပြုချင်တာနဲ့ ရွှေတွေယူဖို့ သူ့ကိုလွှတ်ဖို့ စိတ်ကူးရှိပါတယ်၊ အခုဆိုရင် သူက ကျွန်မတို့ရဲ့ မိသားစုဝင်တစ်ယောက် ဖြစ်နေပြီဆိုတော့ သူသွားတဲ့အခါ အဖေတို့ ကူညီစောင့်ရှောက်ပေးပါ"

ဒေါ်စောမြကပြောသောအခါ ဦးဒီပက ခေါင်းညိတ်ပြပြန်လေသည်။

"ငါတို့ရဲ့ ဆွေစဉ်မျိုးဆက် စာရင်းဝင်တဲ့သူ ဖြစ်နေမှတော့ ကူညီပေးရမှာပေါ့၊ ဒါပေမယ့် . . . အခြားသဘာဝဘေးအန္တရာယ်တွေနဲ့ တောတိရစ္ဆာန်တွေရဲ့ ဘေးအန္တရာယ်ကိုတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရင်ဆိုင်ဖြေရှင်းသွားရလိမ့်မယ်"

"ဒီအတွက်တော့ ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားရင်ဆိုင်သွားမှာပါ"

ဟု ဒေါက်တာမင်းထင်ကျော်က ဝင်ပြောလိုက်သောအခါ အားလုံးက သဘောကျသွားကြလေသည်။

ထို့နောက်မှာတော့ စားရင်းသောက်ရင်းနှင့် ရှေ့ဖြစ်နောက်ကြောင်းများကို ပြောဆိုနေကြပြီးနောက် အရုဏ်တက်ချိန်နီးသောအချိန်ရောက်တော့မှ ဧည့်သည်များမှာ မြင်းလှည်းများဖြင့် လာလမ်းအတိုင်း ပြန်သွားကြလေတော့သည်။





# အခန်း (၇)

# ကျောက်မျက်နှာတောင်ကြားသို့ စတင်ခရီးထွက်ခြင်း

ထိုကိစ္စများပြီးသွားခဲ့သည့်နောက်ပိုင်း ရက်အတန်ကြာသောအခါမှာတော့ ဒေါက်တာမင်းထင်ကျော်တစ်ယောက် ခရီးထွက်ရန်အတွက် အစီအစဉ်များ စတင်ပြုလုပ်ရပေတော့သည်။

ယခုထွက်မည့် ခရီးမှာ ဘေးအန္တရာယ်များသော ခရီးဖြစ်သောကြောင့် တစ်ယောက်တည်းသွား၍ မရပေ. .။

သို့ကြောင့် မိမိနှင့်လက်တွဲဖော်များကို အသိပေးပြီးခေါ်



www.burmeseclassic.com

www.burmeseclassic.com



ယူရလေသည်။

လောလောဆယ် ဦးဇန်ကောင်းနှင့် ကျော်စွာတို့ နှစ်ယောက်ကိုခေါ်ယူကာ အစီအစဉ်များ ပြောပြရလေသည်။ နှစ်ယောက်စလုံးက စိတ်တူကိုယ်တူ မိတ်ဆွေများဖြစ်ကြသော ကြောင့် မငြင်းကြပေ။

ထို့ပြင်. . ဒေါက်တာမင်းထင်ကျော် ပြောပြသော အကြောင်းအရာတို့ကိုလည်း များစွာစိတ်ဝင်စားကြလေသည်။

"မောင်မင်းထင်ကျော်ပြောတဲ့ခရီးက အတော်ခေါ် တဲ့နေရာဘက်မှာ ရှိတယ်၊ ကျုပ်တို့ ဖားအံ(ဘားအံ)ကနေ ခ ဆက်ကြရလိမ့်မယ်"

ဟု ဦးဇန်ကောင်းက ပြောသည်။

"အဘ အဲ့ဒီနယ်ဘက်တွေ ရောက်ဖူးသလား"

ကျော်စွာက ဝင်မေးသည်။

"တစ်ပြည်လုံးမှာတော့ ကျုပ်မရောက်ဖူးတဲ့နေရာ မ သလောက်ပါပဲ၊ အဲ့ဒီဘက်တွေက လူသူအနေနည်းပြီး. . တော တောင်ထူထပ်လှတဲ့ နေရာတွေပဲ မောင်ထင်ကျော်ပြောတဲ့ ရာလောက်ဆိုရင် ယိုးဒယားနယ်စပ်နဲ့ နီးတဲ့နေရာ ဖြစ်လိမ့်မယ်

"ဖြစ်နိုင်ပါတယ်၊ ဒါထက် အဲ့ဒီဘက်မှာ လူရိုင်း လည်းရှိတော့ ကျွန်တော်တို့သုံးယောက်တည်းနဲ့တော့ သွား မဖြစ်သေးဘူး၊ နောက်ထပ် လူရှာရဦးမယ်"

"ဒီမှာ ရှာဖို့က မလွယ်လှဘူး၊ ဘားအံမှာ ကျုပ်မိတ် ရှိတယ်၊ ဟိုရောက်တော့မှ သူ့ကိုအကျိုးအကြောင်းပြောပြပြီး.





အကူအညီတောင်းရင် ပိုပြီးအဆင်ပြေနိုင်တယ်"

"ဒါလည်း မှန်ပါတယ်၊ ဒါပေမယ့် ခရီးမထွက်ခင်တော့ လိုအပ်တဲ့ ပစ္စည်းတွေကို ဒီမှာဝယ်သွားတာက ပိုပြီး အဆင်ပြေ နိုင်တယ်"

ဟုပြောဆိုကာ ဒေါက်တာမင်းထင်ကျော်က ကျော်စွာ ကိုပါခေါ်ပြီး မြို့ထဲသွားလေသည်။

၎င်းတို့နှစ်ယောက်စလုံးမှာ လိုင်စင်ဖြင့်ကိုင်သော. . သေနတ်ရှိကြသော်လည်း နောက်ထပ် အမဲပစ်သေနတ်၊ ပြောင်း ရှည်သေနတ်အချို့နှင့် ကျည်ဆန်ကတ်များ၊ ကျည်ဆန်ဘူးများ တို့ ပြည့်စုံစွာ ဝယ်ယူကြသည်။

ထို့နောက် မိုးကာရွက်ဖျင်တဲ၊ မိုးကာအင်္ကျီ၊ ခေါင်းစွပ်၊ အနွေးထည်၊ ခြေအိတ်၊ လက်အိတ်၊ တောစီးဖိနပ်၊ အင်္ကျီကြမ်း၊ ဘောင်းဘီကြမ်း၊ ဦးထုပ်၊ စောင်၊ ခြင်ထောင် စသည့် အသုံးအ ဆောင်များ. . .

ထို့ပြင် ငှက်ဖျားဆေးအပါအဝင် ဆေးဝါးမျိုးစုံ၊ ပတ်တီး သိပ်၊ ဂွမ်းထုပ်များ၊ ရေနံဆီသုံးမီးအိမ်များ၊ ဓာတ်ခဲသုံး လက်နှိပ် မီးများ၊ မီးခြစ် စသည်တို့ကို ပြည့်စုံစွာ ဝယ်ယူကြလေသည်။

အခြားအစားအသောက်နှင့် ရိက္ခာစသည်တို့ကိုတော့ ရန်ကုန်မှ တကူးတကအလေးခံ၍ မသယ်ကြတော့ ဘားအံ ရောက်မှ ထပ်မံဝယ်ယူရမည်ဟု စိတ်ကူးရှိသဖြင့် မဝယ်တော့ ပေ။ အားလုံးပြည့်စုံပြီဖြစ်သဖြင့် စတင်ခရီးထွက်ရန် အဆင်သင့် ဖြစ်ဆင်ပြီးသောညဘက်တွင် စောမြဝတီက ညှိုးငယ်သော မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာဖြင့် ပြောသည်။

"မောင်က ကျွန်မကို ဝတ္တရားတစ်ခုကြောင့် လက်ထပ်ထားခဲ့ရပေမယ့် ကျွန်မကတော့ ကိုယ်လင်သားတစ်ယောက်လို့ စိတ်ထဲမှတ်ယူထားပါတယ်"

ထိုသို့ပြောသောအခါ ဒေါက်တာမင်းထင်ကျော်က သူမ ပခုံးလေးကို ကြင်နာစွာဖက်ထားရင်းနဲ့ တိုးတိုးပြန်ပြောလိုက်သည်။

"ကိုယ်ကလည်း ဝတီအပေါ်မှာ နှစ်သက်မှုရှိပါတယ်"

"မောင်. . ခရီးမထွက်ခင် ကျွန်မသိချင်တာလေးတော့ မေးပါရစေ"

"မေးလေ. ."

"မောင် ခရီးသွားရာက ပြန်ရောက်လာရင် ကျွန်မကို ကွာရှင်းမှာလားဟင်"

"ဝတီက ဘယ်လိုဖြစ်စေချင်လို့လဲ"

"ကျွန်မသဘောကတော့ မျက်နှာမများချင်ဘူး၊ 'မိန်းမ ကောင်းပန်းပန် တစ်ပွင့်တန်'ဆိုတဲ့ စကားအတိုင်း မောင်နဲ့ပဲ တစ်သက်လုံး အတူတူနေသွားချင်ပါတယ်"

"ဒါဖြင့် မိဘတွေပေးစားလို့ ဝတ္တရားအရ လက်ထပ်ခဲ့ရတာကြောင့်မဟုတ်ပဲ ကိုယ့်အပေါ်မှာ တကယ်နှစ်သက်မှုရှိလို့ ပေါ့နော်"

သူမက ခေါင်းညိတ်ပြသည်။

"ပထမတော့ မိဘတွေ စီစဉ်တာကို မငြင်းပယ်ချင်လို့





လက်ခံပေးခဲ့တာပါ၊ ဒါပေမယ့် မောင်နဲ့ အတူတူနေခဲ့ရပြီးတဲ့ နောက်မှာ မောင့်စိတ်သဘောထားကို တဖြည်းဖြည်း သိလာရာက နှစ်သက်သွားမိခဲ့တာပါ"

ဟု ဝန်ခံလေသည်။

"ကိုယ်လည်း ဒီလိုပါပဲ၊ ပထမတုန်းကတော့ ဦး အကူအညီတောင်းတဲ့ကိစ္စကို ကူညီပေးဖို့ပါပဲ၊ အခု ဝတီနဲ့အတူတူနေကြရတော့ ရှေးဘဝက ရေစက်ကြောင့်လားတော့ မပြောတတ်တော့ပါဘူး၊ တဖြည်းဖြည်း နှစ်သက်မှုရှိပြီး ချစ်နေမိခဲ့ပါပြီ"

"ဒီစကားကြားရတာ. . ကျွန်မစိတ်ထဲမှာ ဖော်မပြနိုင်လောက်အောင် ဝမ်းသာမိပါတယ်၊ အမျိုးသမီးတစ်ယောက်အနေနဲ့ ချစ်ခင်အားကိုးထိုက်တဲ့ ခင်ပွန်းသည်ဆီက 'ချစ်တယ်' ဆိုတဲ့စကားတစ်ခွန်းဟာ ဘယ်အရာနဲ့မှ မလဲနိုင်ပါဘူး"

ဟုပြောကာ ရင်ခွင်ထဲသို့တိုးဝင်ပြီး တင်းတင်းဖက်ထားလေသည်။

ဒေါက်တာမင်းထင်ကျော်အနေဖြင့်လည်း ချစ်သက်တမ်းမကြာလှသေးသော်လည်း ငယ်စဉ်ကတည်းက ချစ်ခဲ့ရသော ငယ်ချစ်ဦးပမာ စောမြဝတီကိုယ်လေးကို မြတ်နိုးစွာ ထွေးဖက်ထားလိုက်လေသည်။

ချစ်သူထံမှ ချစ်စကားများသည်လည်းကောင်း. .

ကြင်နာယုယမှုများသည်လည်းကောင်း. . ယခုထွက်မည့် ခရီးအတွက်တော့ အားဆေးသဖွယ် ဖြစ်ခဲ့လေပြီ. . ။

နောက်တစ်နေ့ နံနက်ပိုင်းမှာတော့ ကားဖြင့် ဘားအံ



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ စတင်ခရီးထွက်ခဲ့ကြလေသည်။

ထိုခရီးမှာ သူတို့အတွက်. . တစ်ကြိမ်တစ်ခါက်မှ မရောက်ဖူးသော ခရီးလမ်းမျိုးတော့ မဟုတ်ကြပေ။

သို့ကြောင့် အခက်အခဲမရှိပင် သွားနိုင်ကြလေသည်။

ထိုခရီးလမ်းကြောင်း အစီအစဉ်မှာ ထွေထွေထူးထူးမရှိလှသောကြောင့် အသေးစိတ်မရေးတော့ပြီ။

ဘားအံရောက်သောအခါ မြို့စွန်ရပ်ကွက်တစ်ခု၌ နေထိုင်သော ဦးမွန်ထော်ရှိရာသို့ ရောက်အောင်သွားကြသည်။

ဦးမွန်ထော်သည် မြို့စွန်ဘက်တွင် ဒူးရင်းခြံအချို့ ပိုင်ဆိုင်ထားကာ အေးအေးချမ်းချမ်း နေနိုင်သူဖြစ်သည်။ ဒေါက်တာမင်းထင်ကျော်တို့ကားက ၎င်းခြံဝင်းအထိ ခရီးပေါက်သဖြင့်. . . များစွာအဆင်ပြေလှသည်၊

၎င်းတို့ရောက်သွားသောအခါ ဦးမွန်တော်က များစွာဝမ်းမြောက်ဝမ်းသာဖြစ်ကာ နေရာထိုင်ခင်းများပေးသည်။

“ကျုပ်မိတ်ဆွေတွေနဲ့ မတွေ့ရ မဆုံရတာ နှစ်အတော်ကြာပါရောလား၊ အခုလို မမျှော်လင့်ပဲ ပြန်တွေ့ရတာ ဝမ်းသာလှသဗျာ”

“ကျွန်တော်တို့ကလည်း ဝမ်းသာပါတယ်၊ ဦးမွန်ထော်ဆီမှာ အကူအညီတစ်ခုလိုလို့ လာခဲ့ကြတာပါပဲ”

ဒေါက်တာမင်းထင်ကျော်က ပြောသောအခါ. . ဦးမွန်ထော်က ကွမ်းသွေးများတက်နေသည့် သွားများပေါ်အောင် ရယ်လိုက်ရင်း. . .၊





“ကိုယ့်မိတ်ဆွေတွေပဲဗျာ အကူအညီလိုရင်ပေးရမှာပေါ့၊ ခင်ဗျားတို့ရောက်လာတာ အတော်ပဲဗျ မနက်က တောဝက်တစ်ကောင်ရလာလို့ ချက်ထားတယ်၊ ဒူးရင်းသီးတွေလည်း အဆင်သင့်ရှိတယ် စားသောက်ပြီးမှပဲ ခင်ဗျားတို့ကိစ္စ ပြောကြပေါ့”

ဟုပြောသဖြင့် ပစ္စည်းအချို့ကို ကားပေါ်မှချကာ ဦးမွန်ထော်နှင့် ဇနီးဖြစ်သူ အမိုးတို့အတွက် ဝယ်လာသော အစားအသောက်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို ပေးလိုက်သည်။

သို့နောက် ရေမိုးချိုးပြီးနောက် တောဝက်သားဟင်းနှင့် ထမင်းစားပြီး ချိုလှသော ဒူးရင်းသီးကိုပါ ထပ်စားကြပြီးသောအခါ ခေါင်းမထူနိုင်အောင်ဖြစ်လာသဖြင့် ကွပ်ပျစ်များပေါ်မှာပင် လေတဖြူးဖြူးနှင့် တစ်ရေးတစ်မော အိပ်ကြရလေသည်။

အိပ်ပျော်ရာမှ ပြန်နိုးလာတော့ နေ့လယ်ပိုင်းအချိန်ကျော်ခဲ့ပေပြီ။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်က ၎င်းတို့ ခရီးထွက်လာသောအကြောင်းကို ပြောပြရာ ဦးမွန်တော်က ကွမ်းတမြုံ့မြုံ့ဝါးရင်း နားထောင်နေသည်။

ပြီးမှပြောသည်။

“ဆရာတို့သွားချင်တဲ့နေရာက အတော်ခရီးဝေးတယ်၊ မော်တော်ကားနဲ့သွားလို့ မရဘူး၊ ဒီကနေ. . မိုင်(၅၀)လောက်ရောက်တဲ့ လှည်းတွေနဲ့သွားရမယ်၊ အဲ့ဒီဘက်တွေမှာက မော်



www.burmeseclassic.com

www.burmeseclassic.com



တော်ကားလမ်းမပြောနဲ့. . လှည်းလမ်းတောင် အတော်ကြမ်းတယ်"

"ကြမ်းလည်း တဖြည်းဖြည်းသွားရမှာပါပဲ"

"ဟိုဘက်ရောက်ရင်တော့ လှေတစ်စင်း ရှာဝယ်ပြီး. . လှေနဲ့ဆန်တက်ရဦးမယ်"

"ခရီးအတော်ဝေးသလား"

"ချောင်းဖျားဆုံးတဲ့အထိသွားပြီး၊ အဲဒီနောက်မှ တောထဲမှာ ခြေလျင်သွားကြရမယ်၊ ဆရာပြောတဲ့နေရာက ယိုးဒယားနယ်စပ်လောက်မှာရှိတယ်"

"ဦးမွန်ထော် အဲဒီဘက်တွေ ရောက်ဖူးသလား"

"ရောက်တော့ရောက်ဖူးတယ်၊ ဒါပေမယ့် နှစ်ကတော့ အတော်ကြာပါပြီ"

"ဒါဖြင့် ကျွန်တော်တို့နဲ့အတူ ဦးမွန်ထော်ပါလိုက်ခဲ့ပါလား၊ ရွှေတွေရတော့လည်း နောက်ထပ် ခြံလေးဘာလေး ထပ်ဝယ်လို့ရတာပေါ့"

"ကျုပ်ကရွှေတော့ မမက်ပါဘူး၊ ဒါပေမယ့် အမဲပစ်ရတာကိုတော့ သဘောကျတယ် လိုက်ခဲ့ပါ့မယ်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်တို့သုံးယောက်မှာ ဝမ်းသာသွားကြလေသည်။

ဦးမွန်ထော်လို နယ်မြေဒေသကျွမ်းကျင်သူတစ်ဦးပါလျှင် ခရီးလမ်းက ပိုမိုအဆင်ပြေမည်ဟုလည်း ခန့်မှန်းမိကြလေသည်။





"ကျွန်တော်တို့အပြင် နောက်ထပ်အလုပ်သမားတွေလည်း လိုချင်သေးတယ်. . ဦးမွန်ထော် ရှာပေးပါ"

"ကျုပ်ခြံထဲမှာ အလုပ်လုပ်နေတဲ့သူတွေလည်း ရှိတယ် တခြားမှာလည်းရှိပါတယ်၊ ဒီနေရာတွေက အလုပ်သမားပေါပါတယ်. . ဘယ်နှယောက်ခေါ်မယ်သာပြော. . "

ဟု အားတက်သရောပြောရာ ဒေါက်တာမင်းထင်ကျော်က ပြုလုပ်လိုသည့် အစီအစဉ်များနှင့် လိုချင်သည့် လူအရေအတွက်ကို ပြောပြလိုက်သည်၊

နောက်တစ်နေ့ မနက်ပိုင်းအချိန်ရောက်သောအခါ ဦးမွန်ထော်က လူအချို့ကို ခေါ်လာပေးသည်၊

ထိုအထဲမှ တောကျွမ်းသူများကို ရွေးချယ်လိုက်သည်။

ထိုသူများမှာ ဦးမွန်ထော် တပည့်နှစ်ယောက်ဖြစ်သော စောထီနှင့် ငမဲအောင်၊ မုဆိုးအလုပ်ဖြင့် အသက်မွေးကြသော ဇမုန်းထန်၊ သံပချိုင်တို့လည်း ပါသည်။

ထို့ပြင်. . ဇမုန်းထန်၏ သမီးဖြစ်သူ 'တင်မေ'လည်း ပါသည်။ ဇမုန်းထန်နှင့်တင်မေမှာ သားအဖဖြစ်သည့်အပြင် နှစ်ယောက်တည်းသာရှိသောကြောင့်. . ဇမုန်းထန်က သွားလေရာ တင်မေကို ခေါ်သွားလေသည်။

တင်မေမှာ အသက်(၂၀)ဝန်းကျင်အရွယ်ခန့်ရှိကာ. . တောထဲတောင်ထဲမှာ ဖခင်ဖြစ်သူနှင့်အတူ သွားလာနေသူဖြစ်သဖြင့် ယောကျ်ားလေးတစ်ယောက်ကဲ့သို့ အားကိုးရသူဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်တို့လည်း ဘားအံ၌ရှိနေစဉ် ဦးမွန်ထော်နှင့် တိုင်ပင်ပြီး လိုအပ်သောပစ္စည်းအချို့ကို ထပ်မံဝယ်ယူကြသည်။

နောက်တစ်နေ့ နံနက်ပိုင်းမှာပင် လှည်းနှစ်စီးငှားပြီး နောက်. . ဘားအံမြို့၏အရှေ့မြောက်ဘက်သို့ ဦးတည်ကာ စတင်ခရီးထွက်ကြလေသည်။

ရှေးနှစ်ပေါင်းများစွာ ကြာသောအချိန်က ဘားအံတစ်ဝိုက်မှာ လူနေထူထပ်မှု မများလှသေးပဲ မြို့လယ်ပိုင်းတစ်ဝိုက်လောက်သာ စည်ကားမှုရှိလေသည်။

မြို့ပြင်ဘက်မှာတော့ လူနေအိမ်ခြေကျဲပြီး သီးနှံစိုက်ပျိုးကြသည့် ခြံများရှိသည်။

ရှေးအခါက ယခုအချိန်ကဲ့သို့ ကားလမ်းလည်း မများလှပေ။ အချို့လမ်းများမှာ နွေရာသီ ဆောင်းရာသီ၌သာ သွားလာ၍ရပြီး မိုးရာသီရောက်လျှင် သွားမရသည့် ယာယီဖောက်ထားသော လမ်းကြမ်းများဖြစ်သည်။

သံလွင်မြစ်ကမ်းတစ်နေရာတွင် ယခုအခါ စည်ကားတိုးတက်နေသော မြိုင်ကြီးငူဒေသဟု ခေါ်သောနေရာတစ်ဝိုက်မှာ လူသူမရှိသေးပဲ တောတောင်များသာ ပိတ်ဆီးကာရံလျက်ရှိနေကြသည်။

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့ ဖြတ်သန်းသွားသောလမ်းမှာ ခရီးကြမ်းဖြစ်သည်။ ထိုဒေသကို ခရီးလမ်းကျွမ်းကျင်သူအချို့ ပါလာသောကြောင့်သာ အမှားအယွင်းမရှိ ဖြောင့်ဖြောင့်



သွားနိုင်ကြခြင်း ဖြစ်ပေသည်။

နောက်ဆုံးမှာတော့ 'ဖာပွန်'ဟု ခေါ်သော ရွာကြီးတစ်ရွာသို့ ရောက်သွားကြလေသည်။ လူနေအိမ်ခြေ အတန်အသင့်များပြီး စည်ကားသောနေရာလည်း ဖြစ်သည်။

ထိုနေရာသည် ဘားအံမှ မိုင်အတော်ဝေးလေသည်။

ရှေ့ဆက်ပြီး လှည်းဖြင့်သွား၍မရတော့ဘဲ သံလွင်မြစ်မှခွဲထွက်လာသော ယွန်းစလင်းမြစ်ကမ်းတစ်နေရာသို့ ရောက်ကြပြီဖြစ်သဖြင့် လိုက်ပို့ပေးကြသည့် လှည်းသမားများကို အခကြေးငွေပေးပြီး ပြန်လွှတ်လိုက်လေသည်၊

"ဒီမြစ်ရိုးတစ်လျှောက်မှာတော့ ဒါဟာ နောက်ဆုံးတွေ့ရတဲ့ ရွာကြီးပဲ၊ ဒီမှာ လိုချင်တဲ့ပစ္စည်းလေးတွေ ရနိုင်သေးတယ်၊ ရှေ့မှာတော့ ဘာမှဝယ်မရတော့ဘူး. . . တဲစုအိမ်စုလေးတွေလောက်ပဲ တွေ့ရတော့မယ်"

ဟု ဦးမွန်ထော်ကပြောသည်။

"ကျွန်တော်တို့ ဘယ်လိုခရီးဆက်မလဲ ဦးမွန်ထော်"

"ပေါင်းမိုးပါတဲ့ လှေတစ်စင်းရှာရမယ် လှေကျွမ်းကျင်တဲ့ လှေသမားသုံးလေးယောက်လည်း ခေါ်ရမယ်"

"အဲဒါကိုတော့ ဦးမွန်ထော်ပဲ ကြည့်ပြီးစီစဉ်ပေးပါ"

ဟု တာဝန်ပေးလိုက်ရာ တစ်ရက်နှစ်ရက်ကြာသောအခါ ပေါင်းမိုးပါသော လှေကြီးတစ်စင်းနှင့် လှေသမားလေးယောက်ပါ ရလာလေသည်။

လှေသမားများက ၎င်းတို့လှေကို အပြီးမခရောင်းလိုသဲ

www.burmeseclassic.com

www.burmeseclassic.com



အခကြေးငွေဖြင့်သာ လိုက်ကြရန် ဆန္ဒရှိသဖြင့် အသွားအပြန်အသုံးပြုရန်အတွက် ဈေးပြောဆိုကာ ငှားရမ်းလိုက်ကြသည်။

လှေသမားခေါင်းဆောင်မှာ ထွန်းခ ဆိုသူဖြစ်သည်။

"အရင်က ဒီခရီးလမ်းတွေ သွားဖူးသလား"

"သွားဖူးပါတယ်ဆရာ"

"ဘယ်အထိ သွားဖူးသလဲ"

"ဘီလင်းချောင်းဖျားဆုံးအောင် သွားခဲ့ဖူးပါတယ်၊ ဟိုဘက်ရောက်တော့ လှေနဲ့သွားလို့ မရတော့ပါဘူး"

"ဘာအတွက် သွားကြတာလဲ"

"ဆရာတို့လိုပဲ ခရီးသွားတဲ့သူတွေထင်ပါရဲ့၊ ချောင်းဖျားအထိရောက်အောင် ပို့ပေးပါဆိုလို့ လိုက်ပို့ပေးခဲ့ရတာပါ"

"လူဘယ်နှယောက်လောက်ရှိသလဲ"

"လေးငါးယောက်လောက်ရှိတယ်၊ ဒီနယ်သားတွေတော့ မဟုတ်ပါဘူး"

"သူတို့ ဘာအတွက်သွားတာလဲ မင်းသိသလား"

"သေသေချာချာတော့ မသိပါဘူး. .၊ ကျောက်မျက်နှာတောင်ကြားဘက် သွားမယ်လို့တော့ သူတို့အချင်းချင်း ပြောဆိုနေသံ ကြားမိပါတယ်"

ထွန်းခပြောပြသောစကားကို ဒေါက်တာမင်းထင်ကျော်က စိတ်ဝင်စားသွားလေသည်။

ကျောက်မျက်နှာတောင်ကြားအကြောင်းကို အခြားသိနေသူတွေရှိသဖြင့် သွားကြခြင်းဖြစ်ဟန်ရှိသည်။





"သူတို့တက်သွားတာ ဘယ်လောက်ကြာပြီလဲ"

"သုံးလလောက်တော့ရှိပြီ ထင်ပါတယ်"

"ဒါထက် အဲဒီအဖွဲ့တွေ ပြန်လာတာကော တွေ့မိသေးသလား"

"ဟင့်အင်း. . ကျွန်တော်တို့နဲ့တော့ မတွေ့ရတော့ဘူး"

"ဒါထက် မင်းအဲဒီဘက်ကိုရောက်တာ ဘယ်နှခေါက်ရှိပြီလဲ"

"သုံးလေးခေါက်ရှိပြီ ဆရာ. ."

"လမ်းခရီးတစ်လျှောက်မှာ ဘယ်လိုအန္တရာယ်မျိုးတွေ တွေ့နိုင်သလဲ"

"အဲဒီနေရာတွေမှာ တောင်တွေကလည်းထူထပ်တယ်၊ တောတွေကလည်း နက်တယ်၊ သားရဲတိရစ္ဆာန်တွေကလည်း ပေါတယ်. . နောက်ပြီး. ."

ထွန်းခ စကားမဆက်သေးဘဲနှင့် တစ်ချက်ကြည့်သည်။

"ပြောပါဦး"

"ဒါအပြင်. . တောထဲမှာ လူရိုင်းတွေရှိတယ်၊ သူတို့နေတဲ့ တောထဲလာရင် အဆိပ်လူးမြားတွေနဲ့ ပစ်သတ်ကြတယ်၊ ဒါကြောင့်. . အဲဒီလမ်းခရီးသွားရင် လှေပေါင်းမိုးတွေကို လုံခြုံအောင်လုပ်သွားရတယ်"

"မင်းလှေပေါင်းမိုးကရော လုံရဲ့လား"

"ကျွန်တော်လှေက အဲဒီဘက် သွားဖူးနေတာပဲ၊ ပေါင်းမိုးကို မြားမပေါက်အောင်. . ဝါးကပ်တွေနဲ့ယက်ပြီး လုပ်ထား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဝါးကပ်က မြားမပြောနဲ့ ကျည်ဆန်တောင် မပေါက်နိုင်ဘူး”

ထွန်းခက ဂုင်းလှေအတွက် လုံခြုံစိတ်ချရအောင် စီမံထားပုံကို ဂုဏ်ယူစွာပြောပြလေသည်၊

“ကောင်းတာပေါ့ကွာ. . . ဒါထက် လူရိုင်းတွေအပြင် တခြားဘယ်လို အန္တရာယ်မျိုးတွေ ရှိနိုင်သေးသလဲ”

ထိုသို့မေးသောအခါ ထွန်းခက တော်တော်နှင့် ပြန်မပြောဘဲ ကွမ်းကို တမြုံ့မြုံ့ဝါးရင်းနှင့် စဉ်းစားနေဟန်ရှိသည်။

အတော်ကြာမှ. . .

“ရှိတော့ ရှိတယ်ဆရာ. . ”

ဟု လေသံတိုးတိုးဖြင့်ပြောသည်။

BURMESE CLASSIC

“ဘာတွေလဲ”

“ကျတ်ရွာတွေရှိတယ်”

“ကျတ်ရွာတွေမှာ ဘယ်သူတွေရှိသလဲ”

တမင်မေးလိုက်ခြင်းဖြစ်သည်။

“ကျတ်တွေပေါ့ဆရာ၊ ကျတ်တွေဆိုတာ သရဲတစ္ဆေတွေက လူယောင်ဖန်ဆင်းထားကြတာ၊ မြင်တဲ့အခါ မြင်ရပြီး ပျောက်တဲ့အခါ ပျောက်နေတယ်”

“မင်းမြင်ဖူးသလား”

“တစ်ခါတော့ ရောက်ဖူးတယ်၊ သူတို့ကျွေးတဲ့ အသားဟင်းတွေစားလာတာ. . ဝမ်းသွားတော့ လက်ပံခေါက်တွေချည်းပဲ တော်တော်ဆိုးတာပဲ”

☺ အောင်မြင်စာပေ ☺



ဒေါက်တာမင်းထင်ကျော်က ထွန်းခ အမူအရာကြည့်ပြီး သဘောကျစွာရယ်လိုက်သည်။

“ဆရာက ကျွန်တော်ပြောတာကို မယုံဘူးထင်တယ်”

“ယုံပါတယ်. . ပရလောကသားတွေဆိုတာ နေရာအနှံ့မှာ အများကြီးရှိတာပဲ. . . မမြင်သင့်လို့သာ မမြင်ကြရတာပါ။ ဘယ်လိုသာ လူတွေလို မြင်ရမယ်ဆိုရင် ရှောင်သွားလို့တောင် လွတ်နိုင်ကြဘူး၊ ဒါပေမယ့် သူတို့က တွေ့တဲ့လူတိုင်းကို ဒုက္ခပေးတတ်ကြပါဘူး”

“ဒါပေမယ့် မြင်ရရင်တော့. . . အတော်ကြောက်စရာကောင်းတယ်၊ ကျွန်တော်ကတော့ တောထဲက လူရိုင်းတွေနဲ့သာ တွေ့ပြီးတိုက်ခိုက်ချင်သေးတယ်၊ တစ္ဆေသရဲတွေနဲ့တော့ မတွေ့ချင်ဘူး”

“ငါတို့က လှေကို အသွားအပြန် ငှားထားတာဆိုတော့ ချောင်းဖျားရောက်ရင် မင်းပါတစ်ပါတည်းလိုက်ခဲ့မှာလား”

“လိုက်ခဲ့မှာပါ။ လှေကို တစ်နေရာမှ ဝှက်ထားခဲ့ပြီး ကျွန်တော်တို့ လေးယောက်စလုံး လိုက်ခဲ့ပါ့မယ်”

ဟု ထွန်းခက ကတိပေးလေသည်။

ထို့နောက်မှာတော့ ဦးမွန်ထော်၊ ထွန်းခတို့နှင့် တိုင်ပင်ကာ ခရီးထွက်မည့် အစီအစဉ်များကို ပြုလုပ်ကြလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com



# အခန်း [၈]

# လျှို့ဝှက်သော အကြံအစည်ရှိသူများ

နောက်တစ်နေ့ နံနက်စောစောမှာတော့ ဖာပွန်ကမ်းခြေမှ လှေစတင်ထွက်ကြလေသည်။

အချိန်ကာလမှာ (၁၉၃၅)ခုနှစ် အောက်တိုဘာလ ဝန်းကျင်ဖြစ်ပေရာ ရာသီဥတု သာယာနေသော အချိန်မျိုးဖြစ်သည်၊ မိုးရာသီကုန်သွားပြီဖြစ်သဖြင့် တောင်ကျရေများ မဆင်းတော့ပေ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် သံလွင်မြစ်အပါအဝင် မြစ်ချောင်းများထဲမှာ ရေစီးမကြမ်းတော့ပေ။

သာမန်အနေအထားလောက်သာ ရှိတော့သည်။

မြစ်တို့၏သဘောမှာ မြစ်ကျယ်ပြီး အလျားရှည်လျှင် ရေစီးကြမ်းပြီး၊ မြစ်ကျဉ်းပြီး အလျားတိုပါက ရေစီးမကြမ်းပဲ သာမန်မျှသာ ရှိလေသည်။

ထွန်းခ၏လှေမှာ လူနှင့်ကုန်ပစ္စည်းများ တင်ထားသော်မှ ပေါ့ပေါ့ပါးပါးသွားလာနိုင်သည့် ကျွန်းသားဖြင့် ပြုလုပ်ထားသောလှေမျိုးဖြစ်သည်။

လှေတစ်ဝက်လောက်ကို ပေါင်းမိုးထားပြီး ရှေ့ပိုင်းမှာ အဖုံးဖုံးထားသည်။

အရေးအကြောင်းရှိပါက လှေထိုးသားများ လှေဝမ်းထဲသို့ အလွယ်တကူဆင်းနိုင်ရန် အပေါက်လည်းရှိသည်။

ရှေ့ပိုင်းမှာ ရွက်တိုင်ထူထားသည်။

လေတိုက်လျှင် ရွက်ဖွင့်၍တက်သည်။

လေမရလျှင် ထိုရွက်တိုင်မှာ ကြိုးဖြင့်ချည်ပြီး လူအားဖြင့် ဆွဲတက်သည်။

ထိုသို့ ကြိုးဆွဲတက်လျှင် သောင်ပြန့်ကျယ်သောနေရာမျိုးသာရပြီး ကမ်းဘေးတွင် သစ်ပင်တောများရှိပါက ကြိုးဖြင့်ဆွဲတက်၍ မရနိုင်ပေ။

ရွက်လည်းမရ၊ ကြိုးဖြင့်ဆွဲတက်၍လည်းမရလျှင်တော့ ထိုးဝါးဖြင့် ထိုးတက်ကြရသည်။





ရေစီးသာလျှင် မထောင်းသာလှပေ။

ရေစီးကြမ်းလျှင်တော့ ထိုးဝါးထိုးတက်ရသောအလုပ်မှာ အပင်ပန်းဆုံးဖြစ်သည်။

ထိုးဝါးကို ပခုံးမှာထောက်ပြီး လှေကြီးတစ်စင်းလုံး ရေဆန်တက်အောင် ထိုးတက်ရသည်မှာ များစွာပင်ပန်းလှသောကြောင့် သာမန်လူတို့ မလုပ်နိုင်သော အလုပ်မျိုးဖြစ်သည်။

လှေထိုး၊ လှော်တိုက် လူမိုက်အလုပ်ဆိုသည့် စကားအတိုင်း မိုက်မိုက်ကန်းကန်းလုပ်နိုင်သူများသာ လုပ်နိုင်သော အလုပ်ကြမ်းမျိုးဖြစ်သည်။

သောင်တစ်တန်းကျော်အောင် လှေထိုးပြီးလျှင် ထမင်းတစ်အိုးချက်ကို တစ်ယောက်တည်းကုန်အောင် စားနိုင်လောက်အောင် ပင်ပန်းလှသည်။

ထွန်းခခေါ်လာသော လှေထိုးသားများကတော့ ထိုအလုပ်ကို လုပ်နေကျဖြစ်သောကြောင့် စကားတပြောပြော၊ သီချင်းတအေးအေးဖြင့် လုပ်နိုင်ကြသည်၊

ထွန်းခက လှေပိုင်ရှင်ဖြစ်သောကြောင့် ပဲ့စင်မှ တက်မကိုင်ပေးရုံသာလုပ်ရသောကြောင့် သိပ်မပင်ပန်းလှပေ။

၎င်းတို့လှေသည် ပထမတော့ ယွန်းစလင်းမြစ်မှ ခွဲတက်လာသော ဘီလင်းချောင်းရိုးမှ ဆန်တက်သွားကြပြီး နောက်မှာတော့ အရှေ့မြောက်စူးစူးသို့ ခွဲတက်သွားသော ချောင်းရိုးအတိုင်း ဆန်တက်သွားကြလေသည်။

ချောင်းကျဉ်းမှသွားသောအခါ ရေစီးသိပ်မကြမ်းသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သိပ်မပူပင်မှုန်းတော့ပေ။

မြစ်ကျယ်များတွင် သွားရသည့်ထက် ပို၍ ခရီးတွင်လေသည်။ သို့သော်. . . ကမ်းဘေးတစ်လျှောက်တွင် ရှိနေကြသော သစ်တောကြီးများနှင့် နီးလှသောကြောင့် အန္တရာယ်တော့ မကင်းလှပေ။

ထိုအရပ်ရှိနေသည့် လူရိုင်းများရှိသဖြင့် အကယ်၍ ကမ်းပေါ်မှ မြားဖြင့်ပစ်ပါက အလွယ်တကူရောက်နိုင်သော အနေအထားမျိုးဖြစ်သည်။

သို့သော် ထွန်းခလှေမှာ ဝါးကပ်ကို ပေါင်းမိုးပြုလုပ်ထားသောကြောင့် မြားထိလျှင်လည်း မပေါက်နိုင်ပေ။

တစ်ခုတော့ရှိသည်။

ရှေ့ပိုင်းတွင် လှေထိုးနေသူများကို ပစ်လျှင်တော့ ထိမှန်နိုင်သည်။ သို့သော် ချောင်းရိုးအတွင်း ဆန်တက်ခဲ့ကြသည်မှာ ရက်အတန်ကြာခဲ့ပြီဖြစ်သော်လည်း မည်သည့်အန္တရာယ်နှင့်မှ မတွေ့ကြရသေးပေ။

ဒေါက်တာမင်းထင်ကျော်ကတော့ ဦးသက္ကပေးလိုက်သည့် မြေပုံချပ်ကိုဖြန့်ကာ ဦးဇန်ကောင်းနှင့်အတူ ကြည့်နေသည်။

ကျော်စွာလည်း အနားမှာရှိနေသည်။

၎င်းတို့ မြေပုံကြည့်နေကြသည်ကို မနီးမဝေး၌ အလုပ်လုပ်နေကြသော အလုပ်သမားအချို့က မသိမသာဖြင့် လှမ်းကြည့်ကြသည်။





အချို့ကလည်း. . သူတို့သုံးယောက် ပြောဆိုနေသော စကားများကို နားစွင့်နေကြသည်။

၎င်းတို့အမူအရာကို အကဲခတ်ကြည့်ရသည်မှာ များစွာ စိတ်ဝင်စားနေကြဟန်ရှိပေသည်။

ဒေါက်တာမင်းထင်ကျော်တို့ကတော့ မိမိတို့ ခေါ်ယူလာသော အလုပ်သမားများဖြစ်သည်ကတစ်ကြောင်း၊

လှေတစ်စင်းထဲမှာ အတူတကွ ရှိနေကြသောကြောင့် လျှို့ဝှက်စွာပြုလုပ်၍လည်း မရပေ။

သုံးယောက်သား မြေပုံကိုဖြန့်ပြီး ယခုရောက်နေသော နေရာကို ခန့်မှန်းကြည့်နေကြသည်။

"ကျုပ်တို့ ယွန်းစလင်းမြစ်က ခွဲထွက်လာတာ. . ရက်အတော်ကြာပြီ၊ အခု ဘီလင်းချောင်းကခွဲတက်လာတဲ့ ချောင်းလက်တက်တစ်ခုထဲကို ရောက်ကြပြီမဟုတ်လား"

ဟု ဦးဇန်ကောင်းကမေးသည်။

"ဟုတ်တယ် အဘ၊ ကျွန်တော်တို့ရောက်နေတာ ဒီနေရာလောက်မှာ ရှိနိုင်တယ်၊ ဒီလမ်းကြောင်းက ဦးသက္ကတို့သွားတဲ့ လမ်းကြောင်းပဲ"

"ဒီလိုဆိုရင် ခရီးက သိပ်မဝေးတော့ဘူး၊ နောက်ထပ် သုံးရက်လောက်ဆန်တက်သွားရင် ချောင်းဖျားအဆုံးသတ်တဲ့ နေရာကို ရောက်သွားနိုင်တယ်"

"ဒီလိုဆိုရင် ဦးသက္ကတို့လှေကြီးတောင် တွေ့ချင်တွေ့နိုင်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုကျော်စွာကပါဝင်ပြောလေသည်။

"နှစ်အတော်ကြာပြီးဆိုတော့ လှေဖျက်ကြီးက ရှိချင်မှ ရှိတော့မယ်၊ ဒါပေမယ့် ချောင်းဖျားဆုံးသွားရင်တော့ လှေနဲ့သွားလို့မရတော့ဘူး၊ တောလမ်းအတိုင်း ခရီးဆက်ကြဦးမယ်"

"ခရီးအတော်ဝေးသလားဆရာ"

"သိပ်မဝေးလှတော့ပါဘူး. . ၊ တောထဲကသွားရမှာဆိုတော့ သုံးညအိပ်လောက်ဆိုရင် ရောက်နိုင်ပါတယ်"

"အခုထိတော့ အနှောင့်အယှက်တွေနဲ့ သိပ်မတွေ့ရသေးဘူး၊ ဟိုနေရာရောက်ရင်လည်း အန္တရာယ်တွေကင်းပါစေလို့ပဲ ဆုတောင်းရမှာပဲ"

"အဲ့ဒီအကြောင်းတွေကို ခေါင်းထဲမှာ သိပ်မထည့်နဲ့ မောင်ကျော်စွာရဲ့၊ ခေါင်းထဲမှာ စိုးရိမ်စိတ်တွေသိပ်များနေရင် တခြားဘာမှတွေးလို့ မရနိုင်အောင်ရှိတတ်တယ်"

"ဟုတ်ကဲ့"

"ဒါပေမယ့် သတိလေးတော့ ထားရတယ်၊ ဒါမှ မမျှော်လင့်တဲ့ အန္တရာယ်တွေနဲ့တွေ့တဲ့အခါ ကိုယ့်ဘက်က အဆင်သင့်ဖြစ်နေပြီး ရင်ဆိုင်နိုင်မှာပေါ့"

"ဟုတ်ကဲ့အဘ"

ဦးဗန်ကောင်းက ပြောသောအခါ ကျော်စွာက ခေါင်းညိတ်ပြလေသည်။

"မောင်ထင်ကျော်ကို ပြောလက်စနဲ့ ပြောရဦးမယ်"

ဦးဗန်ကောင်းက တိုးတိုးကပ်ပြောသဖြင့် ဒေါက်တာ





မင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"တခြားတော့မဟုတ်ဘူး၊ အခုလိုက်လာတဲ့သူတွေထဲမှာ ကျုပ်တို့အလုပ်တွေကို စိတ်ဝင်စားနေတဲ့လူအချို့ ပါလာပုံရတယ်"

"ကျွန်တော်လည်း ရိပ်မိတန်သလောက်တော့ ရိပ်မိပါတယ်၊ အခုခေါ်လာတဲ့လူတွေက ဦးမွန်ထော်ခေါ်ပေးတဲ့သူတွေဆိုတော့ သူတို့အကြောင်းတွေကို ဘာမှသိရသေးတာ မဟုတ်တော့ ဘာပဲဖြစ်ဖြစ် သတိဝီရိယထားရမှာပေါ့"

ဟု ပြန်ပြောလိုက်လေသည်။

နောက်ပိုင်းမှာတော့ တဖြည်းဖြည်းနှင့် ဆန်တက်ခဲ့ကြရာ နောက်နှစ်ရက်ခန့်ကြာသောအခါ ချောင်းဖျားသို့ ရောက်လာခဲ့ကြလေသည်။ ထိုနေရာပိုင်းရောက်လာတော့ တဖြည်းဖြည်းနှင့် ချောင်းကပိုကျဉ်းလာလေသည်။

လှေတစ်စင်းနှစ်စင်း သွားသာရုံလောက်သာရှိတော့သည်။ ရေစီးအားလည်း မရှိတော့သဖြင့် ဆန်တက်ရသည်မှာ ခရီးတွင်လာကြသည်။

ကမ်းနံဘေး တစ်ဖက်တစ်ချက်တွင်ရှိနေကြသော သစ်ပင်များမှာ အချို့မှာ ချောင်းထဲသို့ကိုင်းကျနေသဖြင့် လှေကိုပင်လာရောက်ထိနေတတ်သည်။

ထိုနေရာများမှာ လူသူအရောက်အပေါက်နည်းသော နေရာများဖြစ်ကြသည်။

ပြောရလျှင်တော့ လူသူမရောက်သော. . အမှီအရ

www.burmeseclassic.com



တောများဖြစ်ကြလေသည်။

ချောင်းထဲသို့ ကိုင်းကျနေသော သစ်ပင်၊ သစ်ကိုင်းများပေါ်တွင် မျောက်မျိုးစုံ၊ ငှက်မျိုးစုံတို့အပြင်၊ ရှဉ့်၊ မြွေ စသောတိရစ္ဆာန်တို့ကို နီးကပ်စွာပင်တွေ့ကြရသည်။ ကမ်းနှင့်နီးသောတောထဲမှာလည်း ဆင်၊ ကျား၊ ဝက်ဝံစသော တောကောင်ကြီးများကို မတွေ့ရစေကာမူ. . အခြား တောတိရစ္ဆာန်တို့ကိုတော့မကြာခဏ တွေ့မြင်ကြရသည်။ လှေပေါ်မှာ ပါလာကြသူတို့မှာအမဲပစ်ကျွမ်းကျင်သူများဖြစ်ရာ. . တစ်နေရာတွင် လှေရပ်နားသည်နှင့် အမဲပစ်ထွက်ကြရာ ဟင်းစားရိက္ခာအတွက် မပြတ်ပဲရှိလေသည်။

ထို့ပြင်. . . လှေပေါ်မှာပင် ဇမုန်းထန်၏သမီး တင်မေပါလာရာ သူမက ထမင်းဟင်းတို့ကို ဒိုင်ခံချက်ပြုတ်ပေးလေရာစားရေးသောက်ရေးပါ များစွာအဆင်ပြေကြလေသည်။

တင်မေချက်ပြုတ်ပေးသောဟင်းများမှာ အကောင်းစားကြီးမဟုတ်သော်လည်း တောထမင်း၊ တောဟင်းအဖြစ် စားသောက်ကောင်းသော အခြေအနေမျိုးတော့ရှိသည်။

တစ်နေရာရောက်သောအခါ လှေကိုရပ်ပြီး နားနေကြစဉ် သံပချိုင်နှင့် ဇမုန်းထန်တို့ သားအဖနှစ်ယောက်တို့က လေးများလက်နက်တို့ကိုယူပြီး တောပေါ်တက်ရန် ပြင်ကြလေသည်။

"ဆရာ. . . ဒီနေရာမှာ လှေခဏနားတုန်း၊ ကျုပ်တို့. . တောပေါ်ခဏတက်ပြီး ဟင်းစားရှာလိုက်ဦးမယ်"

ဟု သံပချိုင်က ခွင့်တောင်းသည်။





"သိပ်တော့ ဝေးဝေးမသွားကြနဲ့. . ၊ လှေက ဒီနေရာမှာညအိပ်မှာ မဟုတ်ဘူး"

"ဒီနားတင်ပါပဲ ခဏနေရင် ပြန်လာခဲ့မယ်၊ လှေထွက်ခါနီးရင် အူသံပေးလိုက်ပါ"

ဟုမှာကြားကာ တောပေါ်တက်ကြလေသည်။

တောတောင်များက ထိုနေရာတစ်ဝိုက်မှာပင် အလွယ်တကူရှာဖွေတွေ့ရာ သူတို့လို တောကျွမ်းသော ဝါရင့်မုဆိုးများအဖို့ တောကောင်သားကောင်ရအောင် ပစ်ခတ်ဖို့ဆိုတာ ခက်ခဲလှသည်တော့မဟုတ်ပေ။

တောဝေါ်တက်သွားပြီး မကြာခင်မှာပင် သုံးယောက်နေရာခွဲပြီး အမဲလိုက်ရာ ဒရယ်တစ်ကောင် ရကြလေသည်။

ထို့ကြောင့် လှေရှိရာ ပြန်ဆင်းလာကြည်စဉ် တစ်နေရာရောက်သောအခါ သံပချိုင်ကပြောသည်။

"ခင်ဗျားတို့ သားအဖကို တောပေါ်ခေါ်လာတာ တခြားကြောင့်မဟုတ်ဘူးဗျ၊ တိုးတိုးတိတ်တိတ် တိုင်ပင်ချင်စရာရှိလို့"

"ဘာများလဲ"

"တခြားမဟုတ်ပါဘူး၊ အခုလာတဲ့အဖွဲ့တွေက ကျောက်မျက်နှာတောင်ကြားဘက်သွားပြီး ရွှေရှာကြမယ်ဆိုတာ ခင်ဗျားသိတယ်မဟုတ်လား"

ဇမုန်းထန်က ခေါင်းညိတ်ပြသည်။

"ငါသိပါတယ်၊ အရင်သွားတဲ့အဖွဲ့တွေလည်း ဒီရွှေတုံးတွေ့ရှာဖို့ သွားခဲ့ကြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလူတွေက အရင်လူတွေနဲ့ မတူဘူး၊ ကျောက်မျက်နှာတောင်ကြားရှိတဲ့နေရာက ခရီးလမ်းညွှန်မရှိရင် ရောက်နိုင်ဖို့မလွယ်ဘူး၊ ရှေ့ကသွားတဲ့လူတွေ သေကြတာ လမ်းညွှန်မြေပုံမပါဘဲနဲ့ ရမ်းသွားလို့ သေရတာဗျ၊ ဒီလူတွေမှာက ခရီးလမ်းညွှန်မြေပုံပါတယ်"

"သူတို့ကြည့်နေတဲ့ မြေပုံကို ပြောတာမဟုတ်လား"

"ဟုတ်တယ် အဲ့ဒီမြေပုံသာ ကျုပ်တို့ရလိုက်ရင် ရွှေတုံးတွေရှိတဲ့တောင်ကြားကို ဖြောင့်ဖြောင့်ရောက်နိုင်တယ်၊ ကျောက်မျက်နှာတောင်ကြားသာ ရောက်အောင်သွားနိုင်ရင် ကျုပ်တို့ဆင်းရဲတွင်းကလွတ်ပြီး ချမ်းသာကြမှာဗျ. ."

ဟု သံပချိုင်က အားတက်သရောပြောသည်။

"ဖြစ်ပါ့မလား သံပချိုင်ရဲ့၊ ဒီလူတွေက အရင်လူတွေနဲ့မတူဘူး၊ နောက်တစ်ခုက သူတို့က ဦးမွန်ထော်ရဲ့ မိတ်ဆွေရင်းချာတွေပဲ ဦးမွန်ထော်သိသွားရင် ခက်မယ်"

"စိတ်ပူမနေစမ်းပါနဲ့ဗျာ၊ ရွှေတုံးတွေသာရခဲ့ရင် ကျုပ်တို့က ရွာကိုပြန်စရာမှ မလိုတော့တာ၊ ဒီတော့ သူနဲ့တွေ့စရာလည်း အကြောင်းမရှိတော့ပါဘူး"

ဇမုန်းထန်ကပါ စိတ်ဝင်စားလာပြီး အတော်ကြာအောင် စဉ်းစားနေသည်။ ပြီးမှ. . .

"ဒါထက် ဘယ်လိုလုပ်မှာလဲ မင်းအစီအစဉ်လည်း ပြောပါဦး"

"ကျုပ်တို့က ဒီလှေနဲ့ပဲ ချောင်းဖျားရောက်တဲ့အထိ လိုက်သွားမယ်၊ ဟိုရောက်တော့မှ ဒီလိုလုပ်မယ်. . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . ."





သံပချိုင်က သူစိတ်ကူးထားသော အစီအစဉ်များကို ပြောပြလေရာ ဇမုန်းထန်မှာ မျက်လုံးပြူးသွားလေသည်။

"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်. . ကျုပ်ပြောတဲ့အတိုင်းသာလုပ်၊ ဘာမှ အန္တရာယ်မရှိစေရဘူး၊ အရေးကြီးတာက တင်မေပဲ၊ ဒီကိစ္စကို နင်လုပ်ပေးရမှာ"

"ဖြစ်ပါ့မလား ကျွန်မကြောက်တယ်"

"ဘာမှ ကြောက်စရာမလိုဘူး၊ နင် ဒီလိုဘဝမျိုးနဲ့ တစ်သက်လုံး မနေချင်ဘူးဆိုရင် ငါ့စကားကိုနားထောင်ပြီး ငါခိုင်းတဲ့အတိုင်းသာလုပ်၊ ဒါပေမယ့် ဟန်မပျက်ဖို့တော့ အရေးကြီးတယ်နော်"

တင်မေလည်း အယောင်ယောင်အမှားမှားဖြင့် ခေါင်းညိတ်ပြလေသည်။ ထို့နောက် ပစ်ခတ်ရခဲ့သော ဒရယ်ကိုထမ်းပြီး လှေရှိ ရာသို့ ပြန်ဆင်းခဲ့ကြလေသည်။

အချိန်က ညနေစောင်းနေပြီမို့ ရှေ့သို့မဆက်တော့ဘဲ ထိုနေရာမှာပင်နားပြီး ရလာသောဒရယ်ကို ဖျက်ကာ ချက်ပြုတ်စားသောက်ရန် ပြင်ဆင်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၉)

# သရဲလက်မှ သဘက်လုသောအဖြစ်

ညနေစောင်းအချိန်က ရလာသော ဒရယ်ကို လှေပေါ် တွင်တင်ပြီး ဖျက်ပါက လှေတစ်စင်းလုံး သွေးများစွန်းပေကုန် မည်စိုးသဖြင့် ကမ်းပေါ်မှာပင် ဖျက်ကြလေသည်။ အသားများ ကိုသာယူပြီး အခြားအသုံးမလိုသော အရိုးနှင့် အခြားအပိုင်းအစ များကိုတော့ နီးရာချုံများပေါ်သို့ ပစ်တင်ထားလိုက်ကြသည်။

ဒရယ်တစ်ကောင်းလုံး ခုတ်ထစ်ဖျက်ဆီးထားသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်. . ထိုနေရာတစ်ဝိုက်တွင် သွေးများအိုင်ထွန်းနေသည်။ သစ်တုံး၊ သစ်ရွက်များ အပေါ်မှာသာမက မြေပေါ်၌ပါ သွေးများ စွန်းပေနေသည်။

အချိန်ကလည်း နေဝင်ရီတရော အချိန်ရောက်လာပြီ ဖြစ်သောကြောင့် တောထဲ၌ အမှောင်ရိပ်သမ်းလာချေပြီ။

ထိုအခြေအနေတွင် တောထဲမှ ဆူဆူညံညံအသံအချို့ ပေါ်ထွက်လာသည်။

ပထမအတော်ဝေးဝေးနေရာမှ ကြားရသော်လည်း. . နောက်တော့ တဖြည်းဖြည်းနှင့် အသံများကနီးလာသည်၊

"ဟေ့. . အပေါ်ကလူတွေ လှေထဲရောက်အောင် မြန်မြန်ပြန်ဆင်းခဲ့ကြ"

လှေထဲမှာရှိနေသည့် ဦးမွန်ထော်က လှမ်းအော်ပြောလိုက်တော့မှ ခုတ်လက်စအသားများကို တောင်းတစ်လုံးဖြင့်ထည့်ကာ လှေထဲပြန်ဆင်းကြလေသည်၊

သူတို့လှေထဲရောက်သောအခါ လှေသမားများက ကမ်းပေါ်သို့ ထိုးပေးထားသော ကုန်းဘောင်ကိုလှေပေါ်သို့ ပြန်ဆွဲတင်ထားလိုက်ကြသည်။

ထိုအခိုက်မှာပင် တောထဲမှ ကြားနေရသောအသံများက တဖြည်းဖြည်းနှင့် နီးလာလေသည်။

"ဘာအသံတွေလဲ"

"ငါလည်းမသိဘူး. . မင်းတို့ အပြင်မှာမနေကြနဲ့၊ ပေါင်းမိုးထဲ အားလုံးဝင်ပြီး ပိတ်ထားတာပိုကောင်းမယ်"





ဟုပြောသဖြင့် အားလုံး ပေါင်းမိုးထဲသို့ဝင်ပြီး ပေါင်းမိုးတံခါးချပ်များတို ချထားလိုက်ကြသည်။

ဘေးတစ်ဖက်တစ်ချက်မှာ ဝါးထောက်ဖြင့် ထောက်တင်ထားသော ပေါင်းမိုးချပ်များကို ချလိုက်သောအခါ လုံသွားသော်လည်း အပြင်ဘက်မှ အခြေအနေကိုတော့ ကောင်းစွာလှမ်းမြင်နေကြရသည်။

အပြင်ဘက်မှာ အလင်းရောင်ပျောက်စပြုနေပြီ ဖြစ်သော်လည်း အတော်အသင့် မြင်နိုင်သေးသည်။

ထိုအချိန်မှာ တောထဲမှ ကြားနေရသောအသံများက ပိုနီးကပ်လာသည်။

စူးစူးဝါးဝါးအော်သံများဖြစ်သည်။

"ဘာသံတွေလဲ"

"မကြာခင် မြင်ရတော့မှာပါ"

ထိုသို့ပြောနေစဉ်မှာ သစ်တောအတွင်းမှ မည်းမည်းသဏ္ဌာန်များထွက်လာကြသည်၊

ကောင်းကင်မှသော်လည်းကောင်း၊ သစ်ပင်များကြားမှသော်လည်းကောင်း ပျံလာကြခြင်းဖြစ်သည်။

ရာပေါင်းများစွာသော သွေးစုပ်လင်းနို့ကြီးများဖြစ်ကြလေသည်။

သွေးနံ့ရသောနေရာသို့ အုပ်စုလိုက်ကြီး ရောက်လာကြခြင်းဖြစ်ပြီး သွေးကွက်များရှိသောနေရာသို့ ဝိုင်းအုံကာ သွေးစုပ်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့လည်း နေရာမရတော့သဖြင့်. . ဆွေးနှံ့ရသော လှေရှိရာသို့ ပျံလာပြီး ပေါင်းမိုး၌ ဝိုင်းအုံနားနေကြသည်။ ဆွေးစုပ်လင်းနို့များမှာ အကောင်အရွယ်အစား မကြီးလှသော်လည်း မျက်နှာပုံပန်းသဏ္ဌာန်က. . . မကောင်းဆိုးဝါးမျက်နှာကဲ့သို့ ကြောက်စရာကောင်းလှသည်၊

နီရဲနေသော မျက်လုံး၊ အပြင်သို့ထွက်နေသော အစွယ်နှစ်ချောင်းနှင့် သွားတို့မှာ ဆွေးစုပ်ဖုတ်ကောင်မျက်နှာနှင့် များစွာတူလှသည်။

အကယ်၍ ထိုအချိန်မျိုးမှာ ရင်းတို့အုပ်စုနှင့် လူဖြစ်စေ တိရစ္ဆာန်ဖြစ်စေ တွေ့ပါက. . . ဝိုင်းအုံပြီး ဆွေးစုပ်ယူလေ့ရှိရာ အသက်သေလောက်သော အန္တရာယ်မျိုးဖြစ်သည်။

ဆွေးစုပ်လင်းနို့ကြီးများမှာ ပေါင်းမိုးပေါ်၌သော်လည်းကောင်း၊ နံဘေးပတ်လည်၌သော်လည်းကောင်း၊ အတောင်ပံဖြင့် ခိုတ်ဆွဲလျက် တစ်နေရာမှ တစ်နေရာရွှေ့ပြီး ဆွေးနံ့ရသော နေရာများသို့ လိုက်လံရှာဖွေနေကြသည်။

တစ်ကြိမ်မှာတော့ အပေါက်တစ်ခုမှ အပြင်သို့ ချောင်းကြည့်နေသော လှေထိုးသားတစ်ယောက်မှာ သူကြည့်နေသည့် အပေါက်ဝသို့ လင်းနို့မျက်နှာကြီး ရောက်လာကာ မျက်နှာချင်းဆိုင်ဖြစ်သွားသဖြင့် အလန့်တကြားနောက်သို့ လှဲချလိုက်ရလေသည်၊

ထိုအခိုက်မှာပင် တောထဲမှထွက်လာသော မည်းမည်းသဏ္ဌာန်အချို့ ထိုနေရာသို့ ရောက်လာကာ. . သစ်ကိုင်းများခိုပြီး လင်းနို့များကို လိုက်လံရိုက်လေရာ. . ဆွေးစုပ်လင်းနို့များ ပျံပြေးကြလေတော့သည်။





နောက်ထပ်ရောက်လာသော မည်းမည်းသဏ္ဌာန်များမှာ အခြားမဟုတ်ပေ။

ထိုနေရာတစ်ဝိုက်မှာ ရှိနေကြသော သရဲ၊ သဘက်များပင်ဖြစ်သည်။

သရဲသဘက်များက ဆွေးစုပ်လင်းနို့များကို ခြောက်လှန့်မောင်းနှင်ပြီးနောက် လှေသမားများ စွန့်ပစ်ထားခဲ့သော အမဲရိုးများ၊ အသားတုံး၊ အသားတစ်များကို ကောက်ယူကြကာ စားသောက်ကြပြန်လေသည်။

ဆွေးစုပ်လင်းနို့များက ဆွေးစုပ်ရုံသာဖြစ်သော်လည်း ဒီသတ္တဝါများကတော့ အရိုးအရင်းပါမကျန်. . . တွေ့သမျှ ကောက်ယူစားသောက်ကြသည်။

အချို့ကမြေပေါ်မှာသော်လည်းကောင်း၊ သစ်ရွက်များပေါ်၌သော်လည်းကောင်း စွန်းပေနေသောသွေးများကို လျှာဖြင့် ယျက်ယူနေကြသည်။

အရိုးများကို ကိုက်ဝါးနေရာမှ ပေါ်လာသော တကျိုးကျိုးအရွပ်ရွပ်၊ အသံများကို လှေထဲမှပင် အတိုင်းသားကြားနေကြသည်။

“လှေထဲပြန်ဆင်းတာ မြန်ပေလို့သာပဲ၊ ဒီအချိန်မျိုးမှာ သရဲသဘက်အုပ်စုမျိုးနဲ့ တွေ့လို့ကတော့ အရိုးတောင်ကျန်မှာ မဟုတ်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



ဟု သံပချိုင့်က တိုးတိုးပြောသည်။

"နေဝင်သွားရင် တောထဲမှာ မနေရဘူး၊ မလွဲသာလို့နေ ရရင်လည်း သစ်ပင်အမြင့်တွေပေါ်မှာ တက်နေရတယ်၊ နေဝင် သွားရင် သားရဲတိရစ္ဆာန်တွေနဲ့ မိစ္ဆာတွေက အစာရှာဖို့ ထွက်လာ ကြတယ်"

"ကြောက်စရာပဲ"

"ဒီအတိုင်းဆိုရင်တော့ ဒီနေရာထိရောက်လာချင်မှလာ မှာပါ၊ မင်းတို့က နေဝင်ချိန်ရောက်တော့မှ သွေးနံ့တွေပေးလိုက် တော့ သူတို့ကိုဖိတ်ခေါ်သလို ဖြစ်သွားလို့ တစ်သုတ်ပြီးတစ်သုတ် ရောက်လာကြတာပါ၊ တစ်ညလုံးများ လာနေကြမှာလား မပြော တတ်ဘူး"

ဟု ဦးမွန်သော်က ညည်းညည်းညူညူပြောလိုက်သည်။

ဦးမွန်သော် ယူဆသကဲ့သို့ပင် အခြေအနေက ထိုမျှနှင့် မပြီးတော့ပေ. . ။

အချိန်ကလည်း ညဥ့်ဦးပိုင်းအချိန် ကျော်လာလေပြီ ယခုအချိန်ထိလေ့ပေါ်မှာ ရှိနေသူတို့မှာ ညစာမစားကြရသေး ပေ။

ခုတ်ထစ်ထားသော ဒရယ်သားများကိုလည်း မချက် သေးပေ။ ခုတ်ပြီးစမှာပင်တောင်းတစ်လုံးဖြင့် ထည့်ထားသော ကြောင့် စိမ့်ထွက်လာသော သွေးများက လှေကြမ်းခင်းပျဉ်ချပ် ပေါ်သို့ ရောက်နေသည်။

ပေါင်းမိုးပိတ်ထားသဖြင့် လှေဝမ်းထဲမှာ သွေးညှီနံ့များ





တ လှိုင်နေသည်။

လှေနှင့်မနီးမဝေးတောစပ်တွင် သရဲသဘက်များရှိနေ သောကြောင့် ပေါင်းမိုးကိုလည်း မဖွင့်ဝံ့သေးပေ။

ထိုအခိုက်မှာပင် နောက်ထပ်တောတိုးထွက်လာသော အသံများ၊ သစ်ပင်သစ်ကိုင်းများ ကျိုးပဲ့ကျသံအချို့ကို ထပ်ကြား ရသဖြင့် အပေါက်များမှ လှမ်းကြည့်လိုက်သည်။

နောက်ထွက်လာသော မည်းမည်းသဏ္ဌာန်က ခန္ဓာ ကိုယ် ပိုမိုကြီးသည်။

သစ်ပင်တမျှ အရပ်အမောင်းရှိပြီး တစ်ကိုယ်လုံးအမွေး များဖုံးနေလေသည်။

ဆန်ကောနှစ်ချပ်တမျှ ကြီးသောနားရွက်ကြီး နှစ်ဖက်က ဆင်တစ်ကောင်ပမာ ဘေးသို့ကျနေသည်။

နီရဲနေသော မျက်လုံးနှစ်လုံးကိုသာ လှမ်းမြင်ရသော် လည်းမျက်နှာ၏ ပုံပန်းသဏ္ဌာန်ကိုတော့ ကောင်းစွာမမြင်ရပေ။ လူဝံ၊ မျောက်ဝံတို့ကဲ့သို့ သာမန်ထက်ပိုရှည်သော လက်ကြီးနှစ် ဖက်ကို နံဘေးသို့ချကာ ထွက်လာသော မိစ္ဆာကောင်မှာ အခြား မဟုတ်ပေ။

ထိုနေရာတစ်ဝိုက်ကို အပိုင်စားရထားသော တောပိုင် ကြီးဖြစ်သည်။

တကယ်တော့ သဘက်ကြီးပင်ဖြစ်သည်။

ထိုသဘက်ကြီးက သူရောက်လာသည်အထိ ထိုနေရာ တစ်ဝိုက်တွင် သဲကြီးမဲကြီးဖြစ်ကာ ရှိနေကြသောသရဲ၊ တစ္ဆေ



www.burmeseclassic.com

www.burmeseclassic.com



တို့ကို သစ်ကိုင်းတစ်ကိုင်းခိုးကာ လိုက်လံရိုက်ပုတ်တော့မှ ထွက်ပြေးသွားကြလေတော့သည်။

သွေးစုပ်လင်းနို့များကို သရဲသဘက်များက ခြောက်လှန့်မောင်းနှင်ပစ်သည်။

ယခု သူတို့ထက်အကောင်ကြီးသော တောပိုင်သဘက်ကြီးရောက်လာသောအခါ သူတို့ထွက်ပြေးကြရပြန်၏။

တောပိုင်သဘက်ကြီးက သရဲသဘက်များ စားသောက်ရာမှ အကြွင်းအကျန်များကို တစ်စစီ၊ တစ်ခုစီ လိုက်ကောက်ပြီး စားသောက်နေသည်ကို လှေ့ထဲမှ လှမ်းကြည့်နေသူများက အံ့တိုင်းသားမြင်နေကြသည်။ လှေသမားတို့ စွန့်ပစ်ထားခဲ့သော အကြွင်းအကျန်က မများလှပေ။

ထိုအကြွင်းအကျန်များမှာ တစ္ဆေသရဲများ စားသောက်ကြသဖြင့် ကုန်ပေပြီ။

ထိုအခါ မတင်းတိမ်သောကြောင့် တောပိုင်သဘက်ကြီးက ကမ်းစပ်မှဆောင့်ကြောင့်ထိုင်ကာ လက်ဖြန့်တောင်းသည်။

"ငါစားဖို့ပေး. ."

အသံနက်ကြီးဖြင့် လက်ဖြန့်တောင်းလေရာ လှေထဲမှ လူများ ကြက်သီးမွေးညင်းထသွားကြသည်။

"ငါ စားဖို့ပေးပါ"

နောက်တစ်ကြိမ်တောင်းပြန်သည်၊

"ဟိုမှာတောင်းနေပြီ ဘယ်လိုလုပ်ကြမလဲ"

တစ်ယောက်ကတိုးတိုးမေးနေစဉ်မှာ ကမ်းပေါ်မှ အသံ





ကြားရပြန်သည်။

"ငါစားဖို့ပေးပါ မပေးရင်. . လှေမြှုပ်ပြီး အားလုံးသတ်ပစ်မယ်"

"ဘယ်လိုလုပ်ရမလဲ"

"ရှိတဲ့အသားအချို့ ပစ်တင်ပေးလိုက်ကွာ"

ဦးမွန်ထော်က ပြောသဖြင့်. . တစ်ယောက် အသားတုံးတစ်တုံးယူပြီး ပေါင်းမိုးဟာကာ ကမ်းပေါ် ပစ်တင်ပေးလိုက်သည်။

သဘက်ကြီးက သူ့အနားရောက်လာသော အသားတုံးကို ကောက်ပြီးစားသောက်နေသည်။

ထိုမျှနှင့်တော့ ပြီးမသွားပေ။

ကုန်သွားတော့ ထပ်တောင်းပြန်သည်။

"ပေးဦး"

နောက်တစ်ခါ တောင်းပြန်သဖြင့် ထပ်ပစ်ပေးရပြန်သည်။ ဤသို့ဖြင့် တောင်းလိုက်၊ ပေးလိုက်နှင့်. . တောင်းထဲမှာ ထည့်ထားသော အသားများ တစ်ခုမှမကျန်တော့ပေ။

"ပေးဦး"

သဘက်ကြီးက လက်ဝါးဖြန့်ကာ တောင်းနေပြန်သည်။

ပေးစရာလည်း မရှိတော့ပေ။

ထိုအခါ အခြေအနေကြည့်နေသော ဒေါက်တာမင်းထင်ကျော်က သည်းမခံနိုင်တော့သဖြင့် အဆင်သင့်ရှိနေသော သေနတ်ကိုယူပြီး တောပိုင်သဘက်ကြီးကို ပစ်လေသည်။

"ဒိုင်း. . ."



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်နေသော အချိန်မို့ သေနတ်သံက ကျ
လောင်စွာ ထွက်ပေါ်သွားပြီး တောတစ်ခွင် ပဲ့တင်ထပ်သွားေ
သည်။-သေနတ်ဖြင့် ပစ်သဖြင့် တောပိုင်သဘက်ကြီး ထွက်ပြေ
သွားသော်လည်း ထိုသေနတ်သံကြောင့် နောက်ထပ်အန္တရာ
များကို ဖိတ်ခေါ်လိုက်သကဲ့သို့ ဖြစ်သွားသည်ကိုတော့ ထိုအ
က မသိခဲ့ကြပါချေ. . ။

ဒေါက်တာမင်းထင်ကျော် သေနတ်ဖြင့် ပစ်လိုက်သေ
နတောပိုင်သဘက်ကြီးကတော့ တောတွင်းသို့ဝင်ရောက် ပျော
ကွယ်သွားလေသည်။

နောက်ထပ်လည်း ရောက်မလာကြတာပေ။

ဒရယ်သားများလည်း မကျန်တော့သဖြင့် လှေပေါ်
ရှိသော အစားအသောက်များကိုပင် ချက်ပြုတ်စားသောက်ကြ
လေသည်။

သံပချိုင်ကတော့ ဒရယ်တစ်ကောင်ရခဲ့ပြီးမှ မစားရေ
သရဲကျွေးလိုက်ရသည်ကို မကျေမနပ်ဖြစ်နေလေသည်။ သို့သေ
ဘာမှ မတတ်နိုင်တော့ပေ။

ညစာစားသောက်ပြီးသောအချိန်မှာ ညဦးပိုင်းအချိ
ကျော်ခဲ့ပြီဖြစ်သောကြောင့် ပင်ပန်းလာကြသောကြောင့် စားပြ
သည်နှင့် အိပ်ရန်ပြင်ကြလေသည်။

လှေထိုးသမားများနှင့် အခြားအလုပ်သမားများမှာ ပင
ပန်းကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ကတော့ မပင်မပန်း လိုက်





ခဲ့ကြရသဖြင့် အခြားသူများကို အိပ်စေပြီး ၎င်းတို့ကတော့ စကား
ပြောရင်းနှင့် ကင်းစောင့်ပေးကြလေသည်။

ဒေါက်တာမင်းထင်ကျော်၊ ကျော်စွာ၊ စောထီး၊ ငမဲ
အောင်တို့ဖြစ်သည်၊

ညအချိန်ရောက်တော့ ပေါင်းမိုးများကိုချထားသော
ကြောင့် အပြင်မှမမြင်ရပေ။

သို့သော် ပေါင်းမိုး၌ အပေါက်များရှိသောကြောင့် အထဲ
မှကြည့်လျှင်တော့ အပြင်ဘက်မှအခြေအနေကို မြင်နိုင်လေ
သည်။

အပြင်ဘက်မှ လရောင်ရှိနေသောကြောင့် လှေပတ်
ဝန်းကျင်ကိုတော့ မြင်ရသည်။

သစ်ပင်အရိပ်များရှိနေသဖြင့် ကမ်းစပ်မှ အခြေအနေ
တို့ကိုတော့ လုံးမမြင်ကြရပေ။

ညည့်နက်ပိုင်းအချိန်ရောက်တော့ ကမ်းဘေးတစ်ဖက်
တစ်ချက်၌ရှိသော တောထဲမှ ချိုးကူသံလိုလို အသံကြားကြရ
သည်။

"ကူကူး. . ကူကူး. . "

"ကူ ကူး. . ကူကူး. . "

ထိုအသံကြားသဖြင့် တစ်ယောက်မျက်နှာတစ်ယောက်
ကြည့်လိုက်ကြသည်။

"ချိုးကူသံကြားတယ်ဆရာ"

"ဒီအချိန်မှာ ချိုးကူသံမဖြစ်နိုင်ဘူး၊ မောင်ကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com



သေနတ်ပြင်ပြီး ဟိုဘက်အခြမ်းကစောင့်၊ ကျွန်တော်က ဒီဘက်အခြမ်းကစောင့်မယ်၊ စောထီးနဲ့ ငမဲအောင်က လေးနဲ့မြှားကို အဆင်သင့်ပြင်ပြီး ပေါင်းမိုးရှေ့ပေါက်တစ်ယောက်. . နောက်ပေါက်တစ်ယောက် စောင့်ကြ"

"ဟုတ်ကဲ့ဆရာ"

"ရန်သူတွေ့ရင် လက်မနှေးကြစေနဲ့ ကြားလား"

ခေါင်းညိတ်ပြကာ ဒူးလေးနှင့်မြှားဘူးကိုယူပြီး ရှေ့တစ်ယောက်. . နောက်တစ်ယောက် စောင့်ကြလေသည်။

ပထမတော့ ချိုးကူသံလိုလို အသံကြားရသည်. . . နောက်တော့ အသံပျောက်သွားသည်။

ဒေါက်တာမင်းထင်ကျော်က ပေါင်းမိုးအပေါက်မှ အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်၊

ကမ်းစပ်၌ရှိသော. . သစ်ပင်များအကွယ်၌ ရောက်နေသော လူရိုင်းများကို တွေ့ရသည်။

"လူရိုင်းတွေရောက်နေပြီ. . "

အသံတိုးတိုးဖြင့် ပြောလိုက်သည်၊

"ဒီဘက်မှာလည်း တွေ့တယ်"

"သူတို့ အခြေအနေ ကြည့်နေပုံရတယ်. . . လှေပေါ်ရောက်တော့မှ တိုက်ခိုက်ကြမယ်"

ဟု အချင်းချင်း တိုင်ပင်ထားကြလေသည်၊

လူရိုင်းများမှာ ညဦးပိုင်းက ကြားလိုက်ရသော သေနတ်သံကြောင့်သာ မလာဝံ့ကြပဲ အခြေအနေစောင့်ကြည့် နေ





ကြဟန်ရှိသည်။

သို့မဟုတ်ပါက လှေပေါ်သို့ ချက်ချင်းရောက်လာကြမည် ဖြစ်သည်။

ခဏကြာတော့ လှေဦးပေါ်သို့တစ်ယောက်. . လှေပဲ့ပိုင်းသို့တစ်ယောက် ခုန်ဆင်းလာသည်။

လက်ထဲမှာ လှံရှည်များကိုင်ထားသည်။

၎င်းတို့က လှေတစ်စင်းလုံး ငြိမ်သက်နေပြီး မီးမှောင်နေသောကြောင့် သံသယရှိနေဟန်ရှိသည်။

သို့ကြောင့်. . . လှေပေါ်ရောက်နေသော လူရိုင်း နှစ်ယောက်က လှံရှည်ကြီးများ အဆင်သင့်ကိုင်ကာ တဖြည်းဖြည်း ရှေ့တိုးလာကြသည်။

အပေါက်ဝရောက်လာသည်နှင့် စောထီးနှင့် ငမဲအောင်တို့နှစ်ယောက် ပစ်လိုက်သောမြှားထိပြီး ဝူးဝူးဝါးဝါးအော်ဟစ်ကာ ရေထဲသို့ ပစ်ကျသွားကြလေသည်၊

"ဂွစ်. . "

"ဒုတ်. . ."

"ဝူး. . ဝါး. . ဝါး. . "

လှေပေါ်ရောက်နေသော လူရိုင်းနှစ်ယောက်စလုံး ရေထဲပြုတ်ကျသွားသောအခါမှာတော့ ကမ်းဘေးတစ်ဖက်တစ်ချက်မှပစ်လိုက်သော မြှားတံများက လှေပေါ်သို့ မိုးသီးမိုးပေါက်များပမာ ကျလာလေတော့သည်။

ပေါင်းမိုးသို့ တဒေါက်ဒေါက်နှင့် လာရောက်ထိမှန်သံ



www.burmeseclassic.com

www.burmeseclassic.com



များလည်း ကြားရသည်။

သို့သော် အတွင်းသို့မပေါက်ပေ။

ထိုအခြေအနေကြောင့် အိပ်ပျော်နေသူများလည်း လန့်နိုးလာကြလေသည်။

ဒေါက်တာမင်းထင်ကျော်က အခြေအနေကို အတိုချုပ်ပြီး ပြောပြလိုက်သည်။

ထိုအခိုက်မှာပင် ကမ်းပေါ်မှ လူရိုင်းအချို့က လှေပေါ်သို့ ခုန်ဆင်းလာကြရာ ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့က သေနတ်ဖြင့် ပြိုင်တူပစ်ချရာ ခြေကားရာလက်ကားရားနှင့် ရေထဲပြုတ်ကျသွားကြလေတော့သည်။

သေနတ်သံကြားသောအခါ နောက်ထပ် မဆင်းဝံ့ကြတော့ပဲ နောက်ကြောင်းပြန်လှည့်ကာ တောထဲသို့ ဝင်ပြေးကြလေတော့သည်။

နောက်ပိုင်း မိုးလင်းသည်အထိ အခြေအနေက မထူးခြားတော့ပါချေ။





# အခန်း [၁၀]

# အသားထဲမှ လောက်ထွက်သူများ

နောက်တစ်နေ့နံနက်ပိုင်း အချိန်မှာတော့ ထိုနေရာမှ ခရီးထွက်ခဲ့ကြသည်။ ရှေ့သို့သွားရသောခရီးမှာတော့ စိတ်ချလက်ချ မနေဝံ့ကြတော့ပဲ သတိကြီးစွာထားကာ သွားကြရလေသည်။ အဘယ်ကြောင့်ဆိုသော် ချောင်းက တဖြည်းဖြည်းကျဉ်းလာပြီးနောက် . . လှေတစ်စင်းသွားသာရုံလောက်သာ ရှိတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

ကမ်းဘေးတစ်ဖက်တစ်ချက်၌ရှိသော သစ်တောများမှာလည်း ထူထပ်လှသောကြောင့် အတွင်းသို့ မမြင်ရပေ။

လှိုင်းများက တစ်နေရာမှစောင့်ပြီး မြားဖြင့်ပစ်ပါက ထိနိုင်လောက်သော အကွာအဝေးရှိသဖြင့် သတိကြီးစွာ ထားနေကြရခြင်းဖြစ်၏။

လှေထိုးသည့်လူကထိုး၊ နံဘေးမှ လက်နက်များ အဆင်သင့်ကိုင်ကာ တောပေါ်မှ အခြေအနေကို ကြည့်သူကကြည့်နေကြရသည်။

ထိုအခြေအနေမျိုးတွင် ဦးမွန်ထော်ခေါ်လာသောလူများထဲမှ စောထီးနှင့် ဇမဲဖောင်တို့နှစ်ယောက်မှာ များစွာအားကိုးရလေသည်။

ဒင်းတို့ကိုင်သော လေးနှင့်မြားကို အဆင်သင့်ကိုင်ကာ လှေဦးပေါ်မှ လိုက်ကြသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့နှစ်ယောက်ကလည်း သေနတ်များကို အဆင်သင့်ပြင်ကာ အပြင်ဘက်မှပင်လိုက်ကြလေသည်။

ထိုသို့လိုက်သဖြင့်လည်း လှေထိုးသားများမှာ စိတ်ချလက်ချနှင့် လှေထိုးဝံ့ကြလေသည်။

ချောင်းကျဉ်းပြီး ရေစီးမသန်တော့သော်လည်း သွားရသည်ကတော့ ခရီးမတွင်လှပေ။

အဘယ်ကြောင့်ဆိုသော်. . .





အပေါ်မှ ခေါ်သော်လည်းကောင်း၊ ကမ်းစပ်တစ်ဖက်တစ်ချက်မှ သော်လည်းကောင်း ချောင်းထဲသို့ ကိုင်းကျနေသော သစ်ပင်သစ်ကိုင်းတို့ဖြင့် မလွတ်သောကြောင့်ဖြစ်သည်။

အချို့သစ်ပင်များမှာ အလုံးအရွယ်အစားကြီးသဖြင့် ဓားဖြင့်ခုတ်၍မရသော သစ်ကိုင်းများကိုတော့ လွှဖြင့်တိုက်ဖြတ်ရလေသည်။

တစ်နေရာရောက်သောအခါ ချောင်းထဲသို့ ကိုင်းကျနေသောသစ်ကိုင်းတစ်ခုက ခံနေသောကြောင့် ရှေ့ဆက်သွား၍မရဘဲရှိရာ၊ . လှေသမားများက လွှဖြင့်တိုက်ဖြတ်ကြရပြန်လေသည်။

ထိုအခြေအနေကိုမြင်တော့ ဦးဇန်ကောင်းကပြောသည်။

"အခုလိုချောင်းထဲကို သစ်ပင်တွေကိုင်းကျနေတာ တွေ့ရတော့ ဝမ်းသာစရာပဲ"

ဦးဇန်ကောင်းစကားကြားသောအခါ အနီးမှာ ရှိနေကြသူများက အံ့သြသွားကြသည်။

အခြားသူများက သစ်ပင်ကို ခက်ခက်ခဲခဲ ခုတ်ထစ်ဖြတ်တောက်ပြီး လုပ်ကိုင်နေကြရသည်ကိုကြည့်လျက် ဝမ်းသာသည်ဟု ပြောသဖြင့် နားမလည်နိုင်အောင်မြစ်သွားကြရခြင်းပင် ဖြစ်၏။

"ဘယ်လိုကြောင့်လဲအဘရဲ့"

"ကျုပ်ပြောတဲ့အဓိပ္ပါယ်က တခြားမဟုတ်ပါဘူး၊ ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲကို ကိုင်းကျနေတဲ့သစ်ပင်၊ သစ်ကိုင်းတွေ ခြေရာလက်ရာမပျက် ရှိနေသေးတော့၊ ကျုပ်တို့အရင် ဒီချောင်းထဲကို ဘယ်သူမှ မဝင်သေးဘူးဆိုတာသိလို့ ဝမ်းသာတယ်လို့ ပြောတာပါဗျာ"

ထိုသို့ပြောတော့မှ သဘောပေါက်သွားကြလေသည်။ ဤသို့ဖြင့် တဖြည်းဖြည်းချင်းသွားကြရာ. . နောက်ဆုံးမှာတော့ ချောင်းဖျားဆုံးသောနေရာသို့ ရောက်သွားကြလေတော့သည်။

ထိုနေရာရောက်တော့ ရှေ့ဆက်သွား၍မရတော့ပေ။ အချိန်ကလည်း ညနေစောင်းအချိန်သို့ ရောက်နေချေပြီ၊

လှေဆိုက်ပြီးသောအခါ ထွန်းခက ပြောသည်။

"ဒီထက်သွားလို့မရတော့ဘူး၊ နွယ်တွေအောက်မှာ လှေပျက်ကြီးတစ်စင်းရှိနေတယ်"

ထိုသို့ပြောသဖြင့်. . ဒေါက်တာမင်းထင်ကျော်တို့က ထိုနေရာကို ကြည့်ရှုကြလေသည်။

လှေကြီးတစ်စင်း နစ်မြုပ်နေသောနေရာမှာ ကမ်းနှင့်မဝေးသောနေရာ၌ရှိသည်။

နှစ်ပေါင်းများစွာကြာခဲ့ဟန်ဖြင့် လှေတစ်စင်းလုံးနွံများအောက်ရောက်နေပြီး၊ ပဲ့စင်နှင့်ရွက်တိုင်ထူသော နေရာလောက်သာ အပေါ်သို့ပေါ်နေလေသည်။

ကျွန်းသားဖြင့်ပြုလုပ်ထားသောကြောင့်သာ နှစ်ပေါင်းများစွာ ကြာသည့်တိုင်း မဆွေးမမြေ့ပဲ ကျန်နေခြင်းဖြစ်လေသည်။

"ဒါ ဦးသက္ကတို့စီးလာတဲ့ လှေကြီးဖြစ်မယ်ထင်တယ်"





"ဟုတ်လောက်တယ်၊ ဒီနေရာကို သူတို့လှေကလွဲပြီး ခြားလှေတွေ ရောက်ခဲ့ပုံမပေါ်သေးဘူး"

"သူတို့ ဒီနေရာရောက်ခဲ့တာ နှစ်ပေါင်းသုံးဆယ်ကျော်ာက်ကြာနေပြီ၊ နှစ်ပေါင်းသုံးဆယ်ကျော်အတွင်းမှာ ဒီနေရာ ဒုတိယမြောက်ရောက်လာခဲ့သူတွေဟာ ကျွန်တော်တို့ပဲ ဖြစ်ယ်ထင်တယ်"

"ဟုတ်မယ်ထင်တယ်၊ အချိန်ရှိတုန်း ကမ်းပေါ်တက်ပြီး ခြေအနေ လေ့လာကြည့်ရအောင် မောင်ထင်ကျော်"

ဦးဗန်ကောင်းကပြောသည်။

"ဦးသက္ကတို့ ဒီနေရာရောက်ကြတုန်းက. . လူရိုင်းတွေက်ချက်ကြောင့် ဦးသက္ကဖခင် ဦးရွှေရုံနဲ့ လှေသမားတွေ သေားကြရတယ်၊ ဦးသက္ကတောင် ကံကောင်းထောက်မလို့ အက်ဘေးက လွတ်မြောက်သွားခဲ့ရတာ"

"သေကံမရောက် သက်မပျောက်. . ဆိုတာမျိုးပေါ့"

"ဒီတော့ ဒီနားတစ်ဝိုက်မှာရှိတဲ့ လူရိုင်းတွေက အချိန်ရွေးရောက်လာနိုင်တယ် လက်နက်တွေအဆင်သင့်ပြင်ပြီး တိဝီရိယထားပြီး သွားကြတာပေါ့"

ဟုပြောဆိုတိုင်ပင်ကာ မိမိတို့ကိုင်ဆောင်သော လက်က်များကိုပါ တစ်ပါတည်းယူကာ လှေပေါ်မှ ကုန်းပေါင်ထိုးပြီး အရှေ့ဘက်ကမ်းပေါ်သို့ တက်ကြသည်။

ဒေါက်တာမင်းထင်ကျော်၊ ကျော်စွာ၊ ဦးဗန်ကောင်း၊ ဦးမွန်ထော်၊ စောထီး၊ ငမဲအောင်တို့ (၆)ယောက်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းအချိန် ရောက်ပြီဖြစ်သောကြောင့် တောထဲ၌ အမှောင်ရိပ်များ သမ်းစပြုနေပြီ။

အမှောင်ရိပ်သမ်းနေသည်ကတစ်ကြောင်း၊ တောထူသည်ကတစ်ကြောင်းကြောင့် အဝေးဝေးသို့ မမြင်ရပေ၊ ၎င်းတို့သည် အနီးဝန်းကျင်တစ်ဝိုက်သို့ လိုက်လံကြည့်ရှုကြသော်လည်း ထူးခြားမှုတော့ မတွေ့ရပေ။

ထိုအချိန်မှာပင် တောထဲမှ ဆူဆူညံညံအသံများကြားလာရသည်။

ပထမတော့ အဝေးဝေးမှ ကြားရပြီးနောက် တဖြည်းဖြည်း နီးလာလေသည်။

"လူသံတွေကြားရတယ်"

"လူရိုင်းတွေအသံများလား"

"လှေထဲပြန်ဆင်းကြတာပိုကောင်းမယ်"

ဟုပြောဆိုတိုင်ပင်ပြီး လှေထဲသို့ ပြန်ဆင်းကြသည်။ သူတို့လှေထဲ ပြန်ရောက်သည်နှင့် ထိုးထားသော ကုန်းပေါင်ကို လှေပေါ်ပြန်ဆွဲတင်ထားလိုက်သည်။

ပြီးနောက် ပေါင်းမိုးအကာများကိုချပြီး မည်သူမှ အပြင်မှာမနေကြရန်လည်း မှာကြားထားလိုက်သည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် မှောင်စပျိုးလာချေပြီ။

ကြားနေရသောအသံများက တဖြည်းဖြည်းနှင့် လှေဆိပ်နှင့် နီးကပ်လာသည်။





သို့သော် လူရိုင်းများအသံမျိုးတော့ မဟုတ်ပေ။

သာမန်လူများပြောဆိုနေကြသော စကားသံမျိုးအတိုင်း ကြားနေခြင်းဖြစ်သည်။

"စကားသံတွေ နားထောင်ကြည့်ရတာ သူလိုကိုယ်လို လူရိုင်းတွေတော့ မဟုတ်လောက်ဘူးထင်တယ်"

"ဒီတောထဲမှာ လူနေတဲ့ရွာမှ မရှိတာ၊ ဘယ်ကလူတွေက အချိန်မတော်ကြီး တောထဲလျှောက်သွားနေကြမှာလဲ"

ထိုသို့ပြောဆိုနေစဉ် ကြားနေရသောစကားသံများက ချောင်းစပ်နှင့် မနီးမဝေးသို့ ရောက်လာကြသည်။

သစ်ပင်များကွယ်နေသောကြောင့် မီးရောင်အချို့ကိုသာ တစ်စွန်းတစ်စမြင်ရပြီး လူများကိုတော့ မမြင်ကြရပေ။

သို့သော် စကားပြောသံများကိုတော့ သဲသဲကွဲကွဲ ကြားလာရသည်။

"ချောင်းထဲမှာ ဧည့်သည်တွေပါတဲ့ လှေတစ်စင်းရောက်နေတယ်ဟေ့"

"ဧည့်သည်တွေဆိုတော့ ရန်သူတွေလား၊ မိတ်ဆွေတွေလားကွယ့်"

"ရန်သူတွေလည်းပါတယ်၊ မိတ်ဆွေတွေလည်းပါလာကြတယ်"

"ဒီလိုဆိုရင်တော့ ရန်သူတွေကိုဖယ်ရှားပြီး၊ မိတ်ဆွေတွေကို အကူအညီပေးရမှာပေါ့"

ထိုကဲ့သို့ပြောဆိုပြီး အသံပျောက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အပေါက်မှလှမ်းကြည့်လိုက်တော့ မီးရောင်ကိုပင် မမြင်ရတော့ပေ။

"ဘာတွေလဲ"

ဇမုန်းထန်ကမေးလိုက်သည်၊

"ဒီအချိန် တောထဲလျှောက်သွားနေကြတာဆိုတော့. . ဝိညာဉ်တွေပဲဖြစ်မှာပေါ့"

ဒေါက်တာမင်းထင်ကျော်က ပြောလိုက်တော့ သံပချိုင်က ဆက်မေးပြန်သည်။

"ဆရာတို့ ဘယ်အချိန် 'တောပေါ်'တက်ကြမလဲ"

"ဒီကနေ့တော့ အချိန်မရှိတော့ဘူး၊ မနက်စောစောမှပဲ အစီအစဉ်လုပ်ပြီး တက်ကြတာပေါ့"

"ကျွန်တော်တို့ အားလုံး လိုက်ရမှာလား"

"ကျန်တဲ့လူတွေတော့ လိုက်ခဲ့ရမယ်၊ ဒါပေမယ့် လှေမှာစောင့်ဖို့တော့ ထားခဲ့ရဦးမှာပေါ့"

ထိုအခါ လှေသမား ထွန်းခက လှေသမားသုံးယောက်ကိုသာ လှေစောင့်ထားခဲ့ပြီးနောက် သူပါလိုက်ခဲ့မည်ဖြစ်ကြောင်း ပြောလေသည်။

လှေထိုးသမားသုံးယောက်မှာ ထိုစကားကြားသောအခါ မျက်နှာပျက်သွားကြသည်။

အဘယ်ကြောင့်ဆိုသော်. . .

လှေထဲတွင် သုံးယောက်တည်း နေခဲ့ရမည်ဆိုပါက အကယ်၍ လူရိုင်းများ ဆင်းလာပါက. . . ဘယ်လိုမှ မခုခံနိုင်ပဲ





အသတ်ခံရမည်ကို ကြောက်လန့်နေကြသောကြောင့် ဖြစ်လေသည်။ သို့သော်. . ထွန်းခကိုတော့ မပြောဝံ့ကြပေ။

"ဆရာတို့သွားမယ့် ကျောက်မျက်နှာတောင်ကြားဆိုတာ အတော်ခရီးဝေးသေးတယ်"

ဦးမွန်ထော်ကပြောသည်။

"ဘယ်လောက်သွားရဦးမလဲ"

"အနည်းဆုံး သုံးညအိပ်လောက် သွားရဦးမယ်၊ ဒါပေမယ့် လူသူအရောက်အပေါက်မရှိဘဲ တောရှုပ်လွန်းအားကြီးလို့ ခရီးလမ်းညွှန်မြေပုံမပါဘဲနဲ့ မရောက်နိုင်ဘူး"

"ဒီအတွက်တော့ စိတ်မပူပါနဲ့၊ ကျွန်တော်မှာ မြေပုံပါလာပါတယ်၊ ခရီးလမ်းများမှာတော့ စိတ်ပူစရာမရှိပါဘူး၊ လမ်းမှာတွေ့မယ့် တခြားအန္တရာယ်တွေကိုပဲ ဂရုစိုက်ကြရမယ်"

ထိုကဲ့သို့ပြောနေသည်ကို. . မနီးမဝေးမှာ ထိုင်နေကြသော ဇမုန်းထန်နှင့် သံပချိုင်တို့နှစ်ယောက်က မသိမသာ နားစွင့်နေကြသည်။

ထို့နောက်မှာတော့ ညဉ့်ဦးပိုင်းအချိန်ရောက်သောအခါ တင်မေချက်ပြုထားသော ထမင်းဟင်းများကို ဝမ်းပြည့်အောင် စားကြပြီးနောက် မျက်ခွံများလေးလံလာသောကြောင့် အသီးသီး အိပ်ပျော်သွားကြလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၁)

# ဘဝဟောင်းမှ ဆွေစဉ်မျိုးဆက်

မြင်ကွင်းက မကောင်းလှပေ. . .။

ကြောက်မက်ဖွယ်ရာကောင်းသော မြင်ကွင်းများကို. . တွေ့မြင်နေရခြင်းဖြစ်သည်။

ဘေးပတ်ပတ်လည်တွင် ကျောက်နံရံကြီးများရှိနေသည်။ ထိုကျောက်နံရံကြီးများမှာလည်း ကြောက်စရာကောင်းသော လူမျက်နှာကြီးများ ပေါ်နေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



လူမျက်နှာကြီးများမှာ ကျောက်နံယံနှင့်အပြည့် ရှိနေလောက်အောင် ကြီးမားလှပြီး ပုံသဏ္ဌာန်အမျိုးမျိုး ရှိကြလေသည်။

အချို့က ရယ်နေသည်၊ အချို့က ပြုံးရုံသာပြုံးပြသည်၊ အချို့က မဲ့ပြသည်၊ အချို့ကတော့ သွားဖြဲပြသည်၊ မျက်လုံးပြူးပြသော ကျောက်မျက်နှာရှိသလို ပါးစပ်မှစကားပြောနိုင်သော ကျောက်မျက်နှာလည်းရှိသည်။ ကျောက်မျက်နှာတို့က ဒေါက်တာမင်းထင်ကျော်နှင့်တွေ့သောအခါ မေးကြသည်။

"သူတို့ နေကောင်းကြရဲ့လား"

"အခု ဒီနေရာလာတာ ရွှေတုံးတွေယူဖို့လာတာလား"

"ရွှေတွေကိုလှူပြီးရင်. . ငါတို့ကိုလည်း အမျှဝေပေးပါနော်"

"မင်းလက်မှာဝတ်ထားတဲ့ မြလက်စွပ်က ငါတို့ ဆွေစဉ်မျိုးဆက်ပိုင်ဆိုင်တဲ့ရတနာပဲ ဒီလက်စွပ်ပါလာတော့ ငါတို့လည်း အကူအညီပေးလို့ ရတာပေါ့"

ဟုပြောဆိုနေကြလေသည်။

ထိုစကားသံများကိုကြားသောအခါ ဒေါက်တာမင်းထင်ကျော်မှာ များစွာအံ့ဩနေမိသော်လည်း တစ်ခွန်းမှ ပြန်မပြောပေ. .။

နောက်တော့ အိပ်ပျော်နေရာမှ ပြန်နိုးလာလေသည်။ ထိုသို့နိုးလာတော့မှ သူမြင်နေရသော မြင်ကွင်းများမှာ တကယ်မဟုတ်ပဲ အိပ်မက်မက်နေခြင်းဖြစ်ကြောင်း သတိပြုမိလေသည်။





အိပ်ပျော်ရာမှ ပြန်နိုးလာပြီဖြစ်သော်လည်း ခေါင်းထဲမှာ မူးဝေနောက်ကျိနေသောကြောင့် တော်တော်နှင့် မထနိုင်သေးပဲရှိသည်။

နားစွင့်ကြည့်လိုက်တော့လည်း. . . လှေဟစ်စင်းလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

သို့ကြောင့် စိတ်ထဲမှာ အံ့ဩစွာဖြင့် နေရာမှထလိုက်တော့မှ အခြားသူများက အိပ်ရာမှထပြီး လက်ဖက်ရည်ကြမ်းသောက်နေကြသည်ကို တွေ့မြင်ရသည်။

သို့သော် လူစုံတော့ မတွေ့ရပေ။

"နိုးလာပြီလား မောင်ထင်ကျော် ခေါင်းမူးနေသေးရင် ရေအေးအေးနဲ့ မျက်နှာသစ်ပြီးတော့. . လက်ဖက်ရည်ခါးခါး သောက်လိုက်ရင် သက်သာသွားလိမ့်မယ်"

ဟုပြောသဖြင့် မျက်နှာအရင်သစ်သည်။

ပြီးမှ. . ဦးမွန်ထော်ပေးသော လက်ဖက်ရည်တစ်ခွက် သောက်လိုက်သည်။

"အခြေအနေက ဘယ်လိုလဲအဘ"

"ကျုပ်ခေါ်ပေးတဲ့ သံပချိုင်ရယ် ဇမုန်းထန်တို့ သားအဖနှစ်ယောက်ရယ် ထွန်းခခေါ်လာတဲ့ လှေသမားသုံးယောက်ရယ် ထွက်ပြေးသွားကြပြီ"

"ကျွန်တော်တို့က ဘယ်လိုဖြစ်သွားကြတာလဲ"

"သူတို့ ချက်ကျွေးတဲ့ ထမင်းနဲ့ဟင်းတွေထဲမှာ အိပ်ဆေးတွေ ပါပုံရပါတယ်၊ ဒါကြောင့် အားလုံးအိပ်ပျော်သွားကြတာ"



www.burmeseclassic.com

www.burmeseclassic.com



“သူတို့လည်းစားတာပဲ၊ ဘာမှမဖြစ်ဘူးလား”

“သူတို့က အကြံရှိတဲ့သူတွေဆိုတော့. . ဖြေဆေးအရင်သောက်ထားမှာပေါ့၊ ထင်တော့ထင်သား. . ဟိုရက်ကတည်းက သူတို့ တစ်ကျိတ်ကျိတ်နဲ့ ရှိနေကြတာ. . ၊ ကျုပ်တို့ပေါ့လျော့လို့ ခံလိုက်ရတာပဲ”

“သူတို့ ဘယ်နေရာသွားကြတာလဲ”

“ကျုပ်အထင်ပြောရရင်တော့. . ကျုပ်တို့ထက် အရင်ရောက်အောင် ကျောက်မျက်နှာတောင်ကြားကို သွားကြမှာပေါ့”

“အဲ့ဒီနေရာကို ဒီအတိုင်းသွားလို့မှမရတာ”

“မြေပုံကြည့်ပြီးသွားမှာပေါ့၊ မောင်ထင်ကျော် ယူလာတဲ့ မြေပုံရော ရှိသေးရဲ့လားကြည့်ပါဦး”

ဟု သတိပေးလိုက်တော့မှ. . ဂျာကင်အိတ်ထဲသို့ စမ်းကြည့်သောအခါ မြေပုံမရှိတော့ပေ။

“မြေပုံမရှိတော့ဘူး”

“ဟုတ်တယ်လေ၊ သူတို့က ဒီမြေပုံကို စမြင်ကတည်းက စိတ်ဝင်စားနေကြတာ၊ ဒါကြောင့် လမ်းတစ်လျှောက်လုံး ကျိတ်ပြီးကြံစည်နေတာ၊ အခုတော့ သူတို့အကြံအစည် အထမြောက်သွားပြီပေါ့”

“သူတို့သုံးယောက်အပြင် လှေသမားသုံးယောက်က ဘာကြောင့် ပါသွားကြတာလဲ”

ထိုအခါ ထွန်းခက သူထင်မြင်ချက်ကိုပြောပြသည်၊

“လှေသမားတွေက လှေထဲမှာ မနေခဲ့ချင်ဘူး၊ နောက်





တစ်ချက်က သူတို့နဲ့လိုက်ရင် ချမ်းသာမယ်ပြောပြီး ခေါ်တာကို အဟုတ်မှတ်ပြီး လိုက်သွားကြတာပဲဖြစ်မှာပါ”

ဒေါက်တာမင်းထင်ကျော်က သက်ပြင်းချလိုက်လေသည်။

“မြေပုံရှိလို့သွားရင်လည်း ကျောက်မျက်နှာတောင်ကြားကို ရောက်ရုံပဲရှိမယ် ရွှေတုံးတွေကို ယူလို့မှမရတာ”

ထိုစကားကြောင့် ထွန်းခက တအံ့တသြအမူအရာဖြင့် မေးလိုက်သည်။

“ဘယ်လိုကြောင့်လဲ ဆရာ”

“အဲ့ဒီရွှေတွေက ကျိန်စာသင့်နေတဲ့ ရွှေတွေဖြစ်တာကြောင့် သက်ဆိုင်သူတွေပဲ ယူခွင့်ရှိပြီး၊ မသက်ဆိုင်တဲ့သူတွေ ယူလို့မရဘူး၊ ယူဖို့ကြိုးစားရင်လည်း သေမှာပဲ. . ”

ဟုပြောလေသည်။

ထို့နောက် ဦးမွန်ထော်က ဝင်မေးလိုက်သည်။

“ကျောက်မျက်နှာတောင်ကြားရှိတဲ့နေရာက ခရီးအတော်ဝေးသေးတယ်၊ ကျုပ်တို့မှာ လမ်းညွှန်မြေပုံမရှိပဲနဲ့ ဖြောင့်ဖြောင့်ရောက်ပါ့မလား”

“ဒီနေရာတောင် ရောက်အောင်လာခဲ့ပြီးမှတော့ မြေပုံမရှိလည်း ရောက်အောင်သွားကြရမှာပဲ”

“ဘယ်တော့ ခရီးဆက်မလဲ”

“အစီအစဉ်လေးတွေလုပ်ပြီး နောက်တစ်နေ့မှ သွားကြတာပေါ့၊ ကျွန်တော်တို့မှာ မြေပုံမရှိပေမယ့် သူတို့သွားတဲ့ မြေရာ



www.burmeseclassic.com

www.burmeseclassic.com



လမ်းကြောင်းအတိုင်း နောက်ကလိုက်သွားရင် သိပ်မခက်ပါဘူး ဒါပေမယ့် ကျွန်တော်ကိုင်တဲ့ သေနတ်ကိုပါယူသွားတော့ သတိတော့ထားရမယ်"

"လူယုတ်မာတွေ ကောင်းစေချင်လို့ ခေါ်လာမိတော့မှ ကိုယ်အပေါ် သစ္စာဖောက်ထဲ့သူတွေ ဖြစ်နေတော့တယ်၊ ဘုရားမှတ်လို့ ကိုးကွယ်နေခဲ့တယ် ဖွတ်ထွက်လာတော့မှ ဖွတ်တောင်ပို့မှန်းသိရတော့တယ်"

ဟု ဦးမွန်ထော်က မကျေမနပ်ဖြင့် ပြောနေလေသည်။

ယခုအခါမှာတော့ ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့မှာ လူနည်းသွားပေပြီ။

လှေစထွက်လာစဉ်က လှေပေါ်မှာ လူ(၁၃)ယောက်ပါလာသည်။ သေနတ်ပြောင်းရှည်နှစ်လက်နှင့် ပြောင်းတိုတစ်လက်လည်းပါသည်။

ယခုလူ(၆)ယောက်ခွဲသွားပြီဖြစ်သည့်အပြင် သေနတ်တစ်လက်ပါ ယူဆောင်သွားလေပြီ။

လှေထဲမှာ လူခုနစ်ယောက်သာ ကျန်ခဲ့တော့သည်။

သို့သော်လည်း ကျန်နေခဲ့သူများမှာတော့ အတွေ့အကြုံလည်းရှိသူများဖြစ်သည့်အပြင် လျင်မြန်ဖျတ်လတ်သူများ ဖြစ်သောကြောင့် စိုးရိမ်စရာတော့ မရှိပေ။

နေ့အချိန်တွင် စီစဉ်စရာရှိသည်များကို စီစဉ်ကြသည် သူတို့အတွက် အရေးကြီးဆုံးက လှေပင်ဖြစ်သည်။ ထိုမျှဝေးလှသောခရီးလမ်းကို လှေမရှိဘဲနှင့် မည်သည့်နည်းနှင့်မျှ ရောက်





အောင်မပြန်နိုင်ကြပေ။

တောပေါ်တက်လျှင် အားလုံးလိုက်ကြမည်ဖြစ်ရာ. . . ကျန်ခဲ့သောလှေကို လုံခြုံစိတ်ချရသောနေရာ၌ ထားခဲ့ရန် စီစဉ်ကြသည်။

ဦးစွာ လှေကို မူလရောက်နေသော နေရာမှ နောက်သို့ပြန်ဆုတ်ကာ အတော်ဝေးဝေးနေရာ ရောက်သည်အထိ ရွှေ့သည်။

ထို့နောက်. . ချောင်းလက်တက်တစ်ခုထဲသို့ရောက်အောင် လူအားဖြင့်ဆွဲတင်သည်။

ချောင်းထဲရောက်သွားတော့မှ ရွှေ့နောက်နေရာများမှာရော အပေါ်မှသော်လည်းကောင်း သစ်ကိုင်းများဖြင့် ဖုံးကာထားကြသည်။

ထို့နောက် ရိက္ခာနှင့် လက်နက်ပစ္စည်းများကို အားလုံးသယ်ယူရန်ပြင်သည်။

"ဒီညတော့ လှေထဲမှာပဲအိပ်ကြမယ်၊ မနက်စောစောမှပဲ ခရီးထွက်ကြတာပေါ့၊ ဒီနေ့အတွက် ဘာမှမချက်ကြနဲ့တော့ ရှိတာပဲ ဝမ်းပြည့်အောင်စားကြတာပေါ့"

ဟုပြောကာ ပါလာသောအသားဘူး၊ ငါးဘူးနှင့်. . . ကောက်ညှင်းကျည်တောက် အချို့ကိုသာ စားကြလေသည်။

တောတက်သူများအတွက် ရက်ပေါင်းများစွာကြာသည်အထိ တာရှည်ခံသော ကောက်ညှင်းကျည်တောက်မှာ မပါမဖြစ် သယ်ဆောင်ရသော ရိက္ခာတစ်မျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညအချိန်ရောက်တော့ မီးမထွန်းဘဲ မှောင်ချနေသည်။ မီးရောင်နှင့် အနံ့ထွက်မည်စိုးသဖြင့် ဆေးလိပ်ပင် မသောက်ကြပေ။

ဆေးလိပ်သောက်တတ်သူများက ခံတွင်းချဉ်ပြေစေရန် ကွမ်းတမြုံ့မြုံ့ဝါးကြသည်။

သူတို့အားလုံး တစ်ယောက်မှမအိပ်ကြဘဲ လှေထဲမှာ ငြိမ်သက်စွာနေကြလေသည်။

အသံထွက်မည်ဆိုးသောကြောင့် စကားပင်ကျယ်ကျယ် မပြောကြပေ။

လှေတစ်စင်းလုံးမှာလည်း ချောင်းငယ်အတွင်းသို့ ဆွဲတင်ကာ တစ်စင်းလုံး သစ်ကိုင်းသစ်ခက်တို့ဖြင့် ဖုံးထားသောကြောင့် မှောင်လာသောအခါ အစအနမျှပင်မမြင်ရတော့ဘဲ. . ပျောက်နေလေသည်။

ညဉ့်နက်ပိုင်းအချိန်ရောက်သောအခါ တောထဲမှခြေသံလိုလို ကြားလာရသည်။

ဒီအတိုင်းပုံမှန်လျှောက်လာသော ခြေသံမျိုးမဟုတ်ဘဲ ခြေဖွပြီးလျှောက်လာသော ခြေသံမျိုးဖြစ်သည်။

သို့သော်. . သစ်ရွက်ခြောက်၊ သစ်ကိုင်းခြောက်များကို နင်းမိသောအသံနှင့် သစ်ပင်သစ်ကိုင်းများနှင့် တိုးမိတိုက်မိသော အသံအချို့ကတော့ ပေါ်ထွက်နေသည်။

ထိုအသံများက နေ့တက်အချိန်ဆိုလျှင် မကြားနိုင်သော်လည်း တိတ်ဆိတ်ငြိမ်သက်နေသည့် ညအချိန်မျိုးမှာတော့ ကြား





ရသည်။

ဒေါက်တာမင်းထင်ကျော်က သတိနှင့်နေပြီး နားပါးသူဖြစ်သောကြောင့် ခြေဖွပြီးနင်းလာသော ခြေသံအချို့ကို သတိပြုမိလိုက်သည်။

ထို့ကြောင့်ကျန်လူများကို အသံမထွက်စေရန် အချက်ပြပြီး ခြေဟန်လက်ဟန်ဖြင့် အသိပေးလိုက်သည်။

အားလုံးလက်နက်များကိုကိုင်ပြီး ပေါင်းမိုး၌ ဖောက်ထားသောအပေါက်ငယ်ကလေးများမှ အပြင်ဘက်သို့ လှမ်းကြည့်လိုက်ကြသည်။

အပြင်ဘက်၌ အမှောင်ရိပ်များရှိနေသော်လည်း သစ်ပင်သစ်ကိုင်းများကြားမှ ထိုးကျနေသောလရောင်အချို့ကြောင့် အတော်အသင့်မြင်ကြရသည်။

အမှောင်ရိပ်ခိုလျှင် လှေရှိရာဘက်သို့ လျှောက်လာသောလူတစ်စုကို လှမ်းမြင်ရသည်။

ပထမမြင်ကွင်းက မသဲကွဲသောကြောင့် ဇမုန်းထန်တို့ပြန်လာလေသလားဟုပင် ထင်လိုက်မိသည်။

သို့သော် မဟုတ်နိုင်ပေ။

ဇမုန်းထန်တို့က လူ(၆)ယောက်သာရှိသည်။

ယခုလာသောလူက ပိုများသည်။

မနီးမဝေးရောက်လာတော့မှ ဇမုန်းထန်တို့မဟုတ်မှန်းသိရတော့သည်။

လူရိုင်းအုပ်စုများဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူ (၂၀)ခန့်ရှိပေလိမ့်မည်။

လေး၊ မြား၊ ဓားလှံတို့ကို ကိုင်ဆောင်လာကြသည်။

ရုတ်တရက်ကြည့်လိုက်တော့ သူတို့လှေရှိသောနေရာဘက်သို့လာနေသည်ဟု ထင်လိုက်မိသော်လည်း မဟုတ်ပေ။ လှေရှိနေသောနေရာနှင့် မနီးမဝေးရောက်တော့မှ ကွေ့ပြီး မူလလှေရပ်ခဲ့သော ချောင်းဖျားဘက်သို့ ဆင်းသွားကြလေတော့သည်။ ဒီတော့မှ . . သက်ပြင်းချနိုင်ကြသည်။

အကယ်၍သာ လှေနေရာမရွှေ့ပဲ မူလနေရာ၌သာဆက်နေပါက လူရိုင်းများ၏ တိုက်ခိုက်ခြင်းကိုခံရကာ တစ်ချိန်က ဦးသက္ကတို့ကြုံတွေ့ခဲ့ရသော အန္တရာယ်မျိုးနှင့်ကြုံတွေ့လျှင်လည်း ကြုံတွေ့ရနိုင်ပေလိမ့်မည်။

ယခုကြိုတင်စီစဉ်မှု လက်ဦးသွားသောကြောင့်သာ လူရိုင်းအုပ်စုများနှင့် ရင်ဆိုင်မတွေ့ရခြင်းဖြစ်၏။

ချောင်းဖျားဘက်သို့ ဆင်းသွားကြသောလူရိုင်းများက သူတို့ရှိသောနေရာဘက်သို့ နောက်တစ်ကျော့ ပြန်မလာကြစေကာမူ သူတို့တစ်ဖွဲ့လုံး မအိပ်ကြဘဲ . . သတိနှင့် ထိုင်စောင့်ကြသည်။

အရုဏ်တက်ချိန်ရောက်ပြီ စိတ်ချရသောအခြေအနေမျိုးရောက်တော့မှ တစ်ရေးအိပ်ဝံ့ကြသည်။

တစ်ညလုံး မအိပ်ကြရပဲ ရှိနေကြရာမှ စိတ်ချရသောအချိန်ရောက်မှ အိပ်ကြရလေရာ အားလုံးနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြလေသည်။





ထိုသို့အိပ်ပျော်နေစဉ်မှာ ပိတ်ထားသောလှေ ပေါင်းမိုးကိုတဘုတ်ဘုတ်နှင့် လာရောက်ပုတ်နေသော အသံကြားမှပြန်နိုးလာကြလေသည်။

အပေါက်မှချောင်းကြည့်လိုက်သောအခါ အပြင်ဘက်မှအလင်းရောင်ကောင်းစွာ ရနေချေပြီ။

သူတို့လှေနံဘေးမှာလည်း လူတစ်ယောက်ရပ်နေသည်ကိုလည်း တွေ့ရလေသည်။

သေနတ်ကို အဆင်သင့်ပြင်ထားရင်း ပေါင်းမိုးထောက်ကို ထောက်တင်လိုက်သည်။

ရပ်နေသူမှာ ဟောင်းနွမ်းသော အဝတ်အစားများကိုဝတ်ဆင်ထားပြီး ခေါင်းမှာတဘက်ဟောင်းတစ်ထည်ဖြင့် ပတ်ပေါင်းထားသည်။

ပခုံးမှာလည်း လွယ်အိတ်တစ်လုံးလွယ်ထားပြီး . . ဝါးတောင်ဝှေးတစ်ချောင်းပါသည်။

အသက်အရွယ်က (၆၀)ဝန်းကျင်ခန့်ရှိနေပေပြီ။

"ခင်ဗျား ဘယ်သူလဲ"

" ကျုပ်နာမည် ဦးသာမောင်လို့ ခေါ်ပါတယ်၊ ဦးရွှေရုံရဲ့လက်ရင်း တပည့်ဟောင်းတစ်ယောက်ပါပဲ"

ဒေါက်တာမင်းထင်ကျော်မှာ ဇဝေဇဝါဖြစ်သွားလေသည်။

"ဦးရွှေရုံ ဆိုတာကရော ဘယ်သူလဲ"

" ဦးရွှေရုံဆိုတာ အခု ဦးသက္ကဖြစ်နေတဲ့ မောင်သက္က



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ဖခင်ပေါ့ကွယ်"

"ဟင်"

ဒေါက်တာမင်းထင်ကျော်မှာ များစွာအံ့ဩသွားေ
သည်။

ထိုနာမည်ကို တစ်နေရာမှာကြားဖူးသည်ဟု ထင်နေ
ယခုမှ ရှင်းသွားလေတော့သည်။

"ခင်ဗျားကဘယ်လိုကနေ ဘယ်လိုဒီနေရာရောက်ေ
တာလဲ"

"ကျုပ်က သူတို့နဲ့ပါလာကတည်းက ဒီတောထဲရော
နေခဲ့တာပါ။ အတူလာတဲ့လူတွေ မရှိတော့လို့ ဒီကသွားရင် မ
တဲ့ရွာကလေးတစ်ရွာမှာ ဇာတ်မြှုပ်နေခဲ့တာပါ အခုတော
ဆွေမျိုးသားချင်းတွေ ရောက်လာကြတယ်ဆိုလို့ လာကြည့်တ
ပါ"

ထိုသို့ပြောတော့မှ ဒေါက်တာမင်းထင်ကျော်မှာ
ဘောပေါက်သွားလေသည်။

"အခုလိုမမျှော်လင့်ပဲ ပြန်တွေ့ရတာဝမ်းသာမိပါတယ
ခင်ဗျား၊ မိတ်ဟောင်းဆွေဟောင်းတွေနဲ့ ပြန်တွေ့ရတယ်လို့
သဘောထားပါတယ်"

"ဒါထက် ကျုပ်တို့ရဲ့ဆွေမျိုးက ဘယ်သူပါလဲ"

"ကျွန်တော်ပါပဲ၊ ဦးဒီပရဲ့မြေး ဦးသက္ကသမီးနဲ့ မကြာခ
ကမှ လက်ထပ်ထားတဲ့သူက ကျွန်တော်ပါပဲ"

"တွေ့ရတာဝမ်းသာပါတယ် မောင်ရင်၊ ဒါထက် စိ





တော့မရှိပါနဲ့. . ကျုပ်တို့ရဲ့ ဆွေစဉ်မျိုးဆက်ဆိုတဲ့ အထောက်
အထားတစ်ခုခုများ ပြနိုင်မလား"

"ပြနိုင်ပါတယ်ခင်ဗျာ. . . ဒီမှာပါ"

ဒေါက်တာမင်းထင်ကျော်က ၎င်းလက်မှာဝတ်ဆင်ထား
သည့် ဒေါ်စောမြပေးလိုက်သည့် မြလက်စွပ်ကို ထောင်ပြလိုက်
တော့မှ ကျေနပ်သွားဟန်ဖြင့် ခေါင်းတစ်ချက်ညိတ်ပြသည်။

"ကျေနပ်ပါပြီမောင်၊ ကျုပ် ဘယ်လိုအကူအညီ ပေးရ
မလဲ. . ပြောပါ"

ထိုအခါ ဒေါက်တာမင်းထင်ကျော်က ဦးသာမောင်အား
သူ့ပေါ်သို့ ဖိတ်ခေါ်ကာ. . ကွမ်းဆေးလက်ဖက်တို့ဖြင့် ဧည့်ခံ
ကျွေးမွေးရင်းဖြင့် ဦးသက္ကတို့စေခိုင်းသောကြောင့် ရွှေတုံးတွေ
သူရန်လာခဲ့ခြင်းဖြစ်ကြောင်း ပြောပြလိုက်လေသည်။

ဦးသာမောင်ကတော့ ကွမ်းဝါးရင်းခေါင်းတညိတ်ညိတ်
ဖြင့် နားထောင်နေသည်။

"သူတို့ရဲ့ရည်ရွယ်ချက်ကလည်း သူတို့အသုံးပြုဖို့. . .
ဟုတ်ပါဘူး၊ ဘုရားမှာ ရွှေသင်္ကန်းကပ်ဖို့နဲ့ ပိုလျှံတာတွေကို
လှူဒါန်းပြုဖို့ပါပဲ"

"ကောင်းမြတ်တဲ့ ရည်ရွယ်ချက်ပါပဲ"

"ဦးသာမောင်ကို သိချင်တာများ မေးလို့ရမလား"

" မေးပါ. . မေးပါ. . "

"ကျောက်လက်ဝါးတောင်ကြားမှာ ရွှေတုံးတွေရှိတယ်
တာ အမှန်ပဲလား၊ အခုအချိန် ထိရှိနေတုန်းပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ်. . ဒီရွှေတုံးတွေကို မသက်ဆိုင်သူတွေယူ မပြောနဲ့ လက်ဖျားနဲ့တောင် ထိခွင့်မရနိုင်ဘူး"

"ကျွန်တော်တို့ သွားယူရင်ကော ရနိုင်ပါသလား"

"မောင်ရင်က သက်ဆိုင်သူတစ်ယောက်ပဲ ထိုက်သင့် လောက်တော့ ရနိုင်ပါတယ်"

"ဒီစကားကြားရတာ ဝမ်းသာမိပါတယ်၊ တကယ်တေ ကျွန်တော်ကလည်း ကိုယ်ကျိုးအတွက်သုံးဖို့ ရည်ရွယ်ချက် ပါဘူး"

"ကောင်းတာပေါ့ မောင်ရယ်၊ ဒါကြောင့်လည်း ကျုပ် တကူးတကရောက်လာပြီး အကူအညီပေးရတာပေါ့. . "

ဟုပြောရာ. . . ဒေါက်တာမင်းထင်ကျော် အပါအ နံဘေးမှာ ရှိနေသူတို့မှာ အားရှိသွားကြလေသည်။

သူတို့သွားမည့်နေရာမှာ ဆန်းကြယ်သောနေရာ သည်။ ဦးသာမောင်လို လူတစ်ယောက်ရောက်လာပြီး အ အညီမပေးပါက အခက်အခဲတွေ့နိုင်ပေမည်။

အဘယ်ကြောင့်ဆိုသော်. . .

ကျောက်မျက်နှာတောင်ကြား၌ရှိသော ရတနာသို ကြီးမှာ ရှိနေပါလျက် ရှာမတွေ့နိုင်သော နေရာမျိုးထဲတွင် နေရာပါဝင်နေသောကြောင့်ပင် ဖြစ်ပေသည်။







# အခန်း (၁၂)

# မြေနက်ကန်းဘုမ္မိသိုက်ကျမ်း အကြောင်း

ကမ္ဘာ့နေရာ အနှံ့အပြား၌သော်လည်းကောင်း၊ မြန်မာ ငံ နေရာအနှံ့အပြား၌သော်လည်းကောင်း၊ သာမန်လူတို့ ာဖွေမတွေ့ရှိသော ရတနာသိုက်ပေါင်း မြောက်မြားစွာ ရှိကြ လသည်။ ထိုသိုက်များမှာ မြေပေါ်၌သော်လည်းကောင်း၊ မြေ အောက်၌သော်လည်းကောင်း ရှိပါလျက်နှင့် ကွယ်ပျောက်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြလေရာ သာမန်လူတို့ ရှာမတွေ့နိုင်ကြပေ။

ရတနာသိုက်၊ ဉစ္စာသိုက်များ ဘယ်လောက်များပြား သလဲဆိုလျှင်၊ ပဲခူး ဒေးစွန်ပါ စေတီတော်မှတ်တမ်းတစ်ခုတွင် ဒေးစွန်ပါ နယ်တစ်ပိုက်မှာပင် သိုက်ပေါင်း ကိုးသိန်းကိုးသောင်း ရှိသည်ဟုတွေ့ရသည်။ ဒုတိယအများဆုံးနေရာကတော့ အင်းဝ နယ်နိမိတ်အတွင်း၌ ဖြစ်သည်။

နန်းမတော်မယ်နု၏ လက်ဝတ်ရတနာများကို ဝှက်ထား သော လေးထောင့်ကန်သိုက်နှင့်၊ ဘောဂဗလသူဌေးကြီး ထားခဲ့ သော ရွှေငွေရတနာသိုက်တို့မှာ ထင်ရှားပြီး၊ အခြားအမျိုးအမည် မပေါ်သော သိုက်ပေါင်းများစွာတို့လည်း ရှိကြပေသေးသည်။

ထို့ကြောင့် မြန်မာနိုင်ငံနယ်နိမိတ်အတွင်း အပြင်၌ရှိ သော သိုက်များအကြောင်းကို ရေးမည်,ပြောမည်ဆိုပါက ဒေး စွန်ပါ ကိုးသိန်းကိုးသောင်းသိုက်များနှင့် အင်းဝသိုက်များအ ကြောင်း ကမလွဲမသွေ ပါရလေသည်။

'သိုက်'ဟူသော ဝေါဟာရ အဓိပ္ပာယ်မှာ 'စုစည်းထား ခြင်း' ဟူသည့် အဓိပ္ပါယ်ရှိရာ. . . ရွှေငွေရတနာများ စုစည်း၊ စုပေါင်းထားသောနေရာကို 'ရတနာသိုက်' 'ဉစ္စာသိုက်'ဟု ခေါ် ဝေါ်ကြလေသည်။

အများအားဖြင့်တော့ သိုက်တို့၏သဘောမှာ ပရလော ကသားများနှင့် ဆက်စပ်မှုရှိသော နေရာများဖြစ်ကြသည်။ ထို နေရာကို စောင့်ကြပ်ရသော ဝိညာဉ်လောကသားတို့မှာလည်း ကမ္ဘာဇိဒ္ဓိတန်ခိုးရှိကြသော ဝေမာနိကပြိတ္တာ လောကသားများ





ဖြစ်ကြသည်။

ရတနာသိုက်တို့၏သဘောမှာ သဘာဝအလျောက် ပျောက်ကွယ်နေခြင်းထက် အကြောင်းအမျိုးမျိုးကြောင့် ပျောက် ကွယ်နေကြခြင်းသာဖြစ်သည်။

သစ္စာပြု၍ ကွယ်ပျောက်စေသော သိုက်များ၊ ကျိန်စာ ဖြင့် ကွယ်ပျောက်နေစေသော သိုက်များ၊ အဓိဋ္ဌာန်ပြု၍ ကွယ် ပျောက်ထားသော သိုက်များဟူ၍ ရှိကြသည်။

ထိုသိုက်များမှာ ရှာဖွေတွေ့ရှိရန် မလွယ်ကူပေ။ သိုက် စောင့်ပုဂ္ဂိုလ်များ၊ ပရလောကသားများက ခွင့်ပေးမှ တွေ့မြင်ခွင့် ရသည်။ ဉစ္စာပစ္စည်း ရနိုင်သည်။

မြန်မာနိုင်ငံတွင် သိုက်များနှင့်ပတ်သက်သော. . မှတ် တမ်းအထောက်များများရှိလေသည်။

၎င်းတို့ကို 'သိုက်စာ'ဟုခေါ် ဝေါ်ကြသည်။

ထိုကျမ်းများထဲတွင် ထင်ရှားသော ရှေးဟောင်းကျမ်း တစ်ကျမ်းရှိသည်။

ငမှန်ကန်းကို အကြောင်းပြုပြီး ပေါ်ပေါက်ခဲ့သဖြင့်. . 'ငမှန်ကန်းဘုမ္မိသိုက်' ဟုခေါ် ဝေါ်ကြသည်။

၎င်းမှတ်တမ်းမှာ ရှေးဟောင်းမှတ်တမ်းများပင် ဖြစ်၏။

ငမှန်ကန်း ထင်မြင်မိသမျှ ပြောဆိုခဲ့သော သူ့ရှုးစကား များတွင် အချို့သောစကားတို့၌ အနုသန္ဓေမပျက် ဝါကျတစ်ခု ထဲဆုံး၍ အဓိပ္ပါယ်ပြည့်စုံသော စကားများကို စုစည်း၍ ရဟန်း၊ ပုဏ္ဏား၊ လူပညာရှိ "ဘုမ္မိသိုက်ကျမ်း" ရှစ်စောင်တွဲအဖြစ် မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



သက္ကရာဇ် (၁၂၇၅)ခုနှစ်က မန္တလေးမြို့ ရတနာဒီပံပိဋကတ် ပုံနှိပ်တိုက်မှ ထုတ်ဝေခဲ့ပါသည်။

အဆိုပါစာအုပ်မှ ကောက်နုတ်ထားသော သိုက်စာများကို စာဖတ်သူများ ဗဟုသုတရစေရန် ဖော်ပြပါမည်။

"ဇာတီ"ဆိုသည်မှာ ရှေးဝေါဟာရဖြစ်ပြီး "စေတီ"ဟု အဓိပ္ပါယ်ရပါသည်။

မန္တလေးတောင်တွင် စေတီ(ဇာတီ)ရှိသည်။ ထိုအောက် စောက်တစ်တောင်တူးပါက ရွှေပိဿာချိန် (၁၀၀)ရှိသည်။

မန္တလေးအရှေ့အာရုံဘုရား ဆီမီးတိုင်တွင် ရွှေတစ်အိုးရှိသည်။

မန္တလေးမတိုင်မီက မန္တလေးအနောက်တောင်တက် ခရီးနှစ်ခွအဆုံ ကျောက်ပုံအောက်တွင်. . ရွှေတစ်ရေအိုး၊ ငွေအတင်း(၁၀၀)ရှိသည်။

မန္တလေးမတိုင်မီတွင် အရိပ်မထွက် ဘုရားအရှေ့စောင်းတန်းကအထွက် လမ်းမြောက်ပါးတံတိုင်းနှင့် သုံးတာကြားတွင် ကျောက်အုတ်ရှိသည်။

ထိုကျောက်ကိုရှာ၍ တစ်တောင်တူးပါက ရွှေငွေရှိသည်။ ထိုဘုရားအရှေ့မြောက်ထောင့်ရှိ ထိန်ပင်ကြီး၏ အရှေ့တောင်ထောင့်၊ ငါးတောင်ခြားတွင် ကျောက်လိပ်ရှိ၏။

ထိုကျောက်လိပ်အောက်တွင် ရွှေနှင့်ငွေ ခြေတင်တစ်စရွတ်(နှစ်ပြည်)ရှိ၏။

မန္တလေးမတိုင်မီအရပ၌ ကုန်းရှစ်ခုရှိ၏။ ထိုမြောက်ပါး





တာ တောင်ပို့ရှိ၏။ ထိုတောင်ပို့အောက် ရှစ်တောင်တူးပါက. . ရွှေနှင့်ငွေ သုံးတင်းရှိ၏။ ငွေလင်ပန်းနှစ်ချပ်၊ ရွှေလင်ပန်းတစ်ချပ် ရွှေတုံးရှိ၏။ ကြေးခွက်(၅၀၀၀)ရှိ၏။

နောက်စောင်းတန်းတံခါးအဝင်ရှိ ညောင်ပင်အနောက် သုံးတောင်ခြားတွင် ကျောက်ဖျာရှိ၏။ ကျောက်ဖျာအောက်တစ်ထွာတူးလျှင် ရွှေနှင့်ငွေ ခြောက်တင်းရှိ၏။

စောင်းတန်းဘုရား အရှေ့ကအထွက် မြောက်ကစောင်းတန်းနှင့် သုံးတာခြားတွင် ကျောက်ပြားရှိသည်။ ထိုကျောက်ပြားအောက်ကို တစ်ထောင်တူးပါက ရွှေငွေ ခြောက်တင်းရှိ၏။

တောင်ပြုန်းဘုရားအရှေ့တွင် နတ်ရုပ်ရှိ၏။ နတ်ရုပ်အရှေ့မြောက်ထောင့်ငါးတာခြားရှိ ကျောက်တိုင်အောက်မှာ ရွှေ(၁၀၀၀)ရှိ၏။

မြင်းခုံတိုင်တောင် ကျောက်တိုင်ရှိ၏။ ထိုကျောက်တိုင်၏အောက် သုံးတောင်တူးပါက ပတ္တမြားများစွာရှိသည်။

ရဟိုင်းတောင်လက်ရဂူ အနောက်စိပ်လယ်ကြားတွင် ကျောက်ဖျာရှိ၏။ ထိုကျောက်ဖျာအောက်၌ ခွာသာ(ငွေခဲ) များစွာရှိသည်။

ပင်းဘုရား လှေကားရင်းရှိ ကျောက်ဖျာအောက်တွင် ရွှေတစ်အိုးရှိသည်။

ပုညရှင် အရှေ့လှေကားအထက်တွင် ကျောက်ဖျာဖြင့်ပိ၍ထားသောရွှေ(၃၀၀)ရှိသည်။

ရတနာ့ဂူတွင် ရွှေလင်ပန်းရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ပျဉ်းမနားတွင် ထန်းပင်ရှိ၏။ ထိုတောင်အနားခြုပ်တွင် ဂူငယ်ရှိ၏။ ထိုဂူအောက်တွင် ရွှေတစ်ရေအိုးရှိသည်။

ပျဉ်းမနား အရှေ့မြောက်ထောင့် မဲဇလီတော အလယ်တွင်စေတီ(ဇာတီ)ရှိ၏။

ထိုစေတီအောက်၌ အလောင်းစည်သူမင်း လှူဒါန်းထားခဲ့သော ရွှေစင်တစ်ထောင်ရှိသည်။

ပျဉ်းမနားအရှေ့စူးစူးရှိစေတီ(ဇာတီ)အောက်တွင် ရွှေစင်တစ်ထောင်ရှိသည်။

နောင်တော်ခြေဆေးကန်တွင် ငါးရံ့ရှိ၏။ ရွှေအပြည့်ရှိ၏။ ယင်းအနောက် သရက်ပင်အောက်တွင် အင်္ဂတေနှင့်ထုပ်ထားသည့် ရွှေသုံးပိဿာရှိသည်။

သရထယ်ညီနောင် အထက်ကြားတွင် ဗျိုင်းရှိ၏။ ဗျိုင်းအောက်တွင် ငွေတစ်တင်းရှိ၏။

စရေးအရှေ့ကုန်းခင်းတွင် ကျောက်နွားရှိ၏။

ထိုကျောက်နွားအတွင်း၌ ငွေအပြည့်ရှိ၏။

ထိုနွားအောက်သို့ သုံးတောင်တူးပါက ငွေ(၅၀၀၀)ရှိ၏။

ပင်းယရှင်တောင်တွင် မန်ကျည်းပင်ကြီးတစ်ပင်၏အောက်၌ ငွေတစ်တင်းရှိ၏။

မြစ်သားအနောက်တောင်ထောင့်ရှိ ဂူငယ်အောက်တွင် ရွှေတစ်တင်းရှိသည်။

မြင်တင်ဂူတွင်းဝယ် ကျောက်ဖျာကြီးဖိလျက် ရွှေလေးပိဿာရှိ၏။





မရှက်ရွာတောင် ကျောက်ဆောင်အောက်၌ ကျောက်ပုံရှိ၏။ ထိုကျောက်ပုံအောက်တွင် ရတနာများစွာရှိ၏။

နက်မောက်မည်သောတောင်ထက်တွင် နတ်အိမ်ရှိသည်။ ထိုအိမ်၏အရှေ့မှာ ကျောက်ဖျာရှိ၏။ ထိုကျောက်ဖျာအောက်တွင် ဘုရားရှိ၏။ ထိုဘုရားအောက် လေးတောင်အနက်တွင် ရွှေတစ်ရေအိုးရှိသည်။

တောင်ခွင်ရွာဆိုး အရှေ့တွင် စေတီ(ဇာတီ)ရှိ၏။ ထိုစေတီအောက်တွင် ငွေကိုးတင်းရှိ၏။ အရှေ့တံခါးနက်အောက်၌ ငွေတစ်အိုးရှိ၏။ ထိုစေတီသပိတ်မှောက်၌ ကျောက်အိုးအပြည့်ငွေများရှိသည်။

မြင်တင်ကုန်း၊ ကျောက်ဖျာတောင်ဂူပလုပ်ရွာတွင် မြေအောက်သုံးတောင်တူပါက ရွှေနှင့်ငွေ တစ်အိုးရှိသည်။

ယင်းမြောက်ရှိ လိပ်ရုပ်မြောက်တွင် ငွေစဉ့်အိုးရှိ၏။ ယင်းအောက်ကို တူးပါက ရွှေတစ်လှည်း၊ ငွေတစ်လှည်းရှိသည်။

မြင်တင်ကုန်းအထက်တွင် ကျောက်ဖိထားသော ရွှေသုံးပိဿာရှိသည်။

ကျောက်ဆောင်တောင်ကြီးအရှေ့ရှိ ကျောက်နွားရုပ်ကြီးအတွင်းတွင် ရွှေငွေရတနာများရှိသည်။

တပဲအင်းမြောက်လယ်ပြင်တွင် ပေါက်ပင်ရှိ၏။ ထိုပေါက်ပင်အတွင်း၌ ရွှေနှင့်ငွေများရှိသည်။

ထိုနေရာ၏ အနောက်လယ်ပြင်တွင် ကျောက်ဖျာရှိ၏။ အောက်သို့ သင်္ငါးတောင်တူးပါက ရွှေတစ်စဉ့်အိုးရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



တူကလင်အရှေ့အင်တိုင်သာတွင်း ကျောက်ဆင်ရုပ်ရှိ၏။ ထိုဆင်ရုပ်ထဲ၌ ရွှေလေးတင်း ငွေတစ်စဥ့်အိုးရှိသည်။

ရွာသစ်တောင်လယ်ပြင်ရှိ မန်ကျည်းပင်၏ အောက်သို့ နှစ်တောင်အနက် တွင်းတူးပါက ရွှေတစ်တင်းရှိသည်။

လွန်သ အနောက်မြစ်တွင် ခြင်္သေ့သည် အရှေ့ကို မျက်နှာပြုနေ၏။ ခြင်္သေ့အောက်က ကျောက်ဖျာရှိ၏။ ထိုကျောက်ခြင်္သေ့၏ ဝမ်းထဲတွင် ရွှေအပြည့်ရှိသည်။

လွန်းထိန်အနောက်မြောက်တောင်ရှိ ကျောက်ဆောင်အောက်သို့ နှစ်တောင်တူးပါက ရွှေတစ်တင်းရှိသည်။

သင်စိတ်ရွာရှေ့ လယ်ကန်သင်းထက်ရှိ ကျောက်စာတိုင်အောက်တွင် ရွှေတစ်တင်းရှိ၏။

ရွာသစ်အနောက်ကုန်းထက်ရှိ ကျောက်စာတိုင်အောက်တွင် ရွှေတစ်စဥ့်အိုးရှိသည်။

လင်တွေတောင်ထိပ်ထက် ကျောက်မိချောင်းအတွင်းတွင် ရွှေတစ်ပိဿာရှိ၏။

ဖရုံတောင်ဘက်ရှိ ကျောက်နွားရုပ်ထဲတွင် ရွှေအပြည့်ရှိပြီး ဦးခေါင်းထဲတွင် ပြဒါးသေအပြည့်ရှိသည်။

မန်ကျည်းစောက်ရှိ ကန်တွင်းရှိ ကျောက်မိချောင်း၏ ဝမ်းတွင် ရွှေအပြည့်ရှိသည်။

ရွာသာစဉ် အိမ်တွင် ကျောက်သပိတ်တွင်း၌ ရွှေအပြည့်ရှိသည်။

ပလိပ်အရှေ့ ဘုရားပလ္လင်အောက်တွင် ရွှေတစ်စဥ့်အိုး





ရှိသည်။

ဥယျာဉ်အိုဲ မြောက်လယ်ကြီးနားရှိ ကျောက်တိုင်အလယ်တွင် ရွှေတစ်မြူတာရှိသည်။

ရင်သာဘောင်၊ ဘုမ်းလည်ရွာအရှေ့ ညောင်ပင်နှင့် ပုထိုးငယ်၏ အောက်တစ်ထွာတူးပါက ရွှေတစ်တင်းရှိ၏။

တမုတ်ဆိုးရေတွင်း ကျောက်ဖျဉ်အောက်၌ ရွှေလေးပြည်ရှိသည်။

မကွရာဂူလှေကား အသက်အောက်တွင် အရှေ့ကရွှေ (၂၀၀)။

သံတဝက်တောင်ထက် ကျောက်ပုထိုးအောက် လေးတောင်တူးက ရွှေတောင်ရှိသည်။

အုန်းသောင်ရွာအရှေ့တောင်ထက် ပုထိုးတစ်ဆူ၏ အောက်ရှိ ကျောက်ဖျာအောက်တွင် ရွှေအပြည့်ရှိသည်။

အောက်သို့ စောက်နှစ်တောင်ထပ်တူးပါက သံကွန်ရွက်နှင့် ရွှေနှစ်စဥ့်အိုး ရှိသည်။

ပင်းမြောက်ဆံတုံရွာမြောက်ရှိ တောင်ထက်တွင် ညောင်ပင်ရှိသည်။ ထိုညောင်ပင်အောက် ခြောက်တောင်တူးပါက ရွှေ(၃၀၀)ရှိသည်။

ထိုညောင်ပင် အနောက်ချောင်းထောင့်တွင် ကျောက်ဆင်ရှိ၏။ ထိုကျောက်ဆင်၏ ဝမ်းထဲတွင် ငွေသားအပြည့်ရှိ၏။ ကျောက်ဆင်၏ ဦးကင်းတွင် ရွှေတစ်တင်းနှင့် ပတ္တမြားများရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းရွာ အနောက်တောင်ငယ် ဦးကင်း၏အောက်တွင် ရွှေငွေ(၂၀၀၀)ရှိသည်။

မုံတောင်ရွာမြောက်က ကျောက်မိချောင်းနှင့် ကျောက်ဆင်တို့၏အောက်တွင် ငွေငါးတင်းရှိသော ငွေအိုးရှိ၏။

ငါးသရောက်ရွာအရှေ့ရှိ ကျောက်ရှက်၏အောက်တွင် ရွှေတစ်လက်ဖက်ရှိသည်။

ငါးသရောက်ရွာ၊ နဲလွယ်ဘုရားမြောက်ရှိ အရှေ့သို့မျက်နှာပြုနေသော ကျောက်သူရုပ်တွင်း၌ ရွှေငါးတင်းရှိသည်။

တောင်အနီးရှိ ကျောက်နဂါးအောက်တွင် ရတနာဥစ္စာ ရွှေငွေများစွာရှိသည်။

ပလ္လင်ရွာအနောက် ဂူငယ်ရှိ၏။ ကျောက်ဂူကို ခုနစ်တောင်တူးပါက ရွှေအိုး၊ ငွေအိုး၊ ပတ္တမြားအိုးတို့ ရှိသည်။

တက်သေးရွာအရှေ့က ဂူသုံးလုံး၏ မြောက်စွန်ဆုံးဂူတံခါးအောက် သုံးတောင်တူးပါက ရွှေတစ်တင်းရှိသည်။

ပုလဲဘုရားအရှေ့တွင် ရွှေအတိပြည့်နေသော ကျောက်တစ်လုံးရှိသည်။

မြင်စိုင်းဇက်ဘုရားအရှေ့က ကျောက်တစ်လုံးအောက်တွင် လိပ်ရုပ်အတွင်း၌ ရွှေအတိရှိ၏။

မြင်စိုင်းဘုရားရှေ့က ဆီမီးတိုင်အတွင်းတွင် ရွှေအတိပြည့်၏။

မြို့သစ်တောင်ပါးရှိ ကံငယ်၏အလယ်ရှိ ကျောက်မိချောင်း၏ဝမ်းတွင် ရွှေ(၁၀၀၀၀)ရှိ၏။





မဖဲရွာတွင် အင်္ဂတေဖြင့် ပြုလုပ်ထားသော လူရုပ်နှင့် လိပ်ရုပ်တို့အတွင်း၌ ရွှေတစ်တင်းစီ ရှိ၏။ ဦးခေါင်းတွင် ပတ္တမြားရှိ၏။

တရုပ်ဆိပ်ရွာတွင် ညောင်ပင်နှင့်စေတီ(ဇာတိ)ရှေ့ရှိ ဆီမီးတိုင်တွင် ရွှေတစ်သပိတ်ရှိ၏။

မြင်းမူရွာအနောက်ရှိ အင်းလယ်မှ ကျောက်လုံးတွင် အင်္ဂတေဖြင့် ထုပ်ထားသော ရွှေတစ်သပိတ်ရှိသည်။

ကန်းနီမြို့တွင်းရှိ မြင်းဖြူရုပ်ဘုရားရှိ မြင်းရုပ်အတွင်း၌ ရွှေအပြည့်ရှိသည်။

ကျောက်ရဲတောင်ရှိ ကျောက်သမင်ရုပ်အတွင်းတွင် ရွှေတစ်အိုး၊ ငွေတစ်အိုးရှိသည်။

မြင်ကွမ်းရွာအရှေ့ မန်ကျည်းပင်အပါးတွင် ကျောက်စာတိုင်အောက်၌ ရွှေ(၁၀၀၀)ရှိသည်။

မကွေးမြို့ဆိပ်အနောက်၊ ကလင်အုပ်ရွာမြောက်. . ကျောက်သမင်ရှိ၏။ ထိုအောက်၌ ရွှေတစ်မြူတာ၊ ငွေတစ်မြူတာ ရှိ၏။

သမင်တလင်းရွာ အရှေ့က ညောင်ပင်ကြီးခြေရင်းတွင် ရွှေတစ်ရာရှိသည်။

သမင်တလင်းရွာ ကျောက်တိုင်အောက်၌ ရွှေတစ်စရွတ် ရှိ၏။

မြင်ပါဟုက်တောင်ပါး ကျောက်ဆောင်အောက်၌ ရွှေအိုးငါးလုံးရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



မြင်ပါဟုအရှေ့တစ်တိုင်ရှိ ကျောက်ဖျာအောက်၌ ရွှေအိုးတစ်လုံးနှင့် ငွေအိုးတစ်လုံးရှိ၏။

စေတနာတောင်ဂူ ခုနစ်ဆောင်ရှိ၏။ တောင်သို့ မျက်နှာမူနေသောတောင်၊ မြောက်သို့မျက်နှာမူနေသောတောင်၊ အရှေ့သို့မျက်နှာမူနေသောတောင်၊ ထိုတောင်သုံးလုံး အလယ်ရှိ အုတ်စုန်းအောက် နှစ်တောင်တူးပါက ရွှေနှစ်တင်း ရှိ၏။

ဂူကြီးတောင်ကန်ထက်တွင် ထနောင်းပင်၊ ကုက္ကိုပင်နှင့် ကျောက်ပုံရှိ၏။ ထိုကျောက်ပုံအောက်တွင် ငွေအိုးတစ်လုံးနှင့် ရွှေအိုးတစ်လုံးရှိ၏။

ပင်းတလဲတောင် မန်သာဘုရား၏ အရှေ့မြောက်ထောင့်တွင် ရွှေနှင့်ငွေ ကိုးတင်းရှိ၏။

ရဲတောင်အနောက်ရှိတောင် ကျောက်စကြံ၏အထက်တွင် ရွှေနှင့်ငွေ ခြောက်တင်းရှိ၏။

စည်းခုံဘုရား၊ ဖိနပ်အုတ်ချပ်အောက်တွင် ကွမ်းခွက်ရွှေအိုးရှိသည်။ အနောက်တံတိုင်းတွင် ကမ္ဗလာရွှေငွေရှိသည်။

ကလိန်ရွာတံခါးတွင် ရွှေလောင်းရှိသည်။

မလွှဲအနောက်၊ ကျောက်သလွန်ရှိ ကျောက်ပုံအောက်တွင် ရွှေတစ်တင်းရှိသည်။

ထိုနှင့်မနီးမဝေးသောအရပ်၌ ကျောက်မျက်ရွှဲ ခုနစ်တောင်၊ ရွှေတစ်တင်း. . ငွေတစ်တင်းရှိ၏။

ကျောက်စာတိုင်အပါး ကျောက်ဖျာအောက်၌ ရွှေအတင်း(၂၀)ရှိ၏။





လဲတောင်၏ အရှေ့မျက်နှာ၌ ကျောက်တိုင်လေးတိုင်ရှိပြီး ထိုအောက်၌ ရွှေနှင့်ငွေ အတင်းတစ်ဆယ်ရှိ၏။

မြင်းမူအနောက်ဘက်ရှိ ညောင်ပင်ကြီးအောက်၌ ရွှေငွေရတနာများစွာရှိ၏။

မကွေးရွာဆိုးရှိ ကျောက်သမင်အောက်တွင် ရွှေတစ်အိုးရှိသည်။

မင်းချောက်ရွာအပါးတွင်ရှိသော တောင်အောက်သို့ ငါးတောင်တူးပါက ရွှေ(၁၀၀)ရှိ၏။

ရေချမ်းအရှေ့တောင်စောင်းရှိ ကျောက်အုတ်သုံးချပ်အောက်တွင် ကျောက်ကောင်းများစွာရှိသည်။

ကမ်းနီရွာ တောင်ပါးက ဂူကြီးတစ်လုံးရှိ၏။ ဘုရားပုထိုးတောင် ပလ္လင်အောက်တွင် ရွှေတစ်စဥ့်အိုးရှိ၏။

ကမ်းနီမြောက်တွင် အင်္ဂတေဖွေးဖွေး ကုန်းရိုးရှိ၏။ ထိုအထက်တွင် ရွှေအပြည့်ရှိသော ကျောက်သပိတ်ရှိ၏။

မြင်းမူအရှေ့ရှိသိမ် လှေကားအောက် အစောက်ခုနစ်တောင်တူးပါက ကြေးလှေတစ်စင်းအပြည့်ရှိ၏။

တပဲယင်းအရှေ့ရှိသိမ်အောက် စောက်ငါးတောင်တူးပါက ရွှေအိုးတစ်အိုးရှိသည်။

မလယ်ရွာတောင် ချောင်းဆုံရှိကျောက်ဖျာကြီးအောက်တွင် ကြေးလှေလေးစင်း အပြည့်ရှိသည်။

မလယ်အနောက်ကတောင်ရှိ ကျောက်နွားသုံးခု၏ အလယ်တွင် ရွှေတစ်အိုးရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ပဲသာ အရှေ့ကျောက်ဂဝံတွင် ရွှေတစ်အိုးရှိ၏။

ချောင်းမဘုရားအရှေ့ရှိ ကြက်ရုပ်အတွင်းတွင် ရွှေအပြည့်ရှိ၏။

ကင်းရွာတောင်က ခရီးလမ်းမရှိ၏၊ လမ်းမတောင်က ကျောက်ပုံအောက်သို့ စောက်သုံးတောင်တူးပါက ကျောက်ဖျာပိတ်ထားသော ရွှေတစ်စရွတ်အိုးရှိ၏။

ဖွဲ့ရွာဘုရားရှေ့ အရှေ့သုံးတောင်တူးသော် ကျောက်ဖျာပိတ်လျက် ရွှေတစ်စရွတ်အိုးရှိ၏။

အင်းပဲအရှေ့ အလောင်းစည်သူကန်ကြီး၏ အရှေ့တံခါးအတက်တွင် ကျောက်စာတိုင်သုံးခုရှိ၏။ အလယ်တိုင်အောက်တွင် ရွှေအဥ္စလီအပြည့်ရှိ၏။

ပင်ကပိုင်ရွာအရှေ့ ကျောက်ဆောင်အောက်တွင် ရွှေအိုးသုံးလုံးရှိ၏။

လှိုင်းတက်ကင်းခြေဘုရားရှေ့ . . . ကျောက်စာတိုင်အောက်တွင် ငွေအိုးတစ်လုံးရှိ၏။

လှိုင်းတက်နတ်အိမ်အောက် ကျောက်အိုးတွင် ရွှေအိုးနှင့်ငွေများရှိ၏။

လှိုင်းတက်အရှေ့မိချောင်းရုပ်၏ ဝမ်းအောက်တွင် ရွှေအိုးသုံးလုံးရှိ၏။

ဝတီးအနောက် ချောင်းတောင်ဘက်ရှိ အိုင်အတွင်း . အောက်ခြေ၌ ကျောက်တလားတွင် ရွှေအပြည့်ရှိသည်။

ကြွက်မြိုက်ရွာ အရှေ့တောင်ထောင့်နတ်အိမ်ကြို့ပင်၏





အောက်၌ ကျောက်စီ၍ တလားနှင့်ထည့်ထားသော ရွှေတစ်စရွတ်အိုးရှိ၏။

ယမည်းသင်ရွာအနောက်၊ မန်ကျည်းရွာအရှေ့တွင် ချောင်းရှိ၏။ ချောင်းတစ်ဖက်ခရီးမြောက်က ကျောက်ပုံအောက်ခြေ၌ ရွှေတစ်စရွတ်အိုးရှိ၏။

တောင်ရစ်ကမ်းပါးကတူးလျှင် အလံ (၄၀)တူးရသည့် ဥမင်တွင် ရှေးမင်းဖြစ်သော စည်သူမင်းထားခဲ့သည့် ရွှေတစ်စဉ့်အိုးနှင့် ရွှေကိုယ်လေးအရုပ်တော်ရှိ၏။

ရွှေတစ်စဉ့်အိုးတွင် ရွှေလက်စွပ်အပြည့်ရှိ၏။ ထိုအရုပ်တော်၏ ဦးခေါင်းရင်းတွင် ရွှေအိုးတစ်လုံးရှိပြီး ခြေရင်းတွင်ငွေအိုးနှစ်လုံးရှိသည်။

ထိုဥမင်ဝတွင် အင်္ဂတေဖြင့် တည်ထားသော စေတီ(ဇာတီ)ရှိ၏။ ထိုဇာတီ(စေတီ)အောက်တွင် ငွေအတင်း(၃၀) မြှုပ်နှံပူဇော်ထားသည်။

ပျူကံအရှေ့တောင်ထောင့်၌ ပျူမိဖုရားတည်သော စေတီ(ဇာတီ)ရှိ၏။ ထိုစေတီအောက်၌ မင်းဝတ်တန်ဆာအစုံရှိသည်။ စေတီ၏ သပိတ်မှောက်သည် ရွှေအတိရှိသည်။

ပြူကံအနောက်သို့သွားသောခရီး၌ ဂူကျောင်းရှိ၏။ ကျောက်တိုင်လည်းရှိပြီး ထိုအောက် တူးသော် ကျောက်ဖျာအောက်၌ ရွှေအိုးနှင့်ငွေအိုးရှိ၏။ ထိုအောက်သို့ ဆက်တူးပါက ရွှေ(၃)အိုး၊ ငွေ(၃)အိုးရှိသည်။

ပင်ကြားရွာတောင်တွင် မြောက်ဆိတ်ပင်ကြီးရှိ၏။ ထို

www.burmeseclassic.com



အရှေ့က ရေကန်ရှိ၏။ တောင်ကမြေကုန်းခံရှိ၏။ ထိုအောက်၌ ရတနာဥစ္စာ ရွှေငွေများစွာရှိ၏။

ဎင်းမြောက်က မြေစုပုထိုးကဲ့သို့ရှိ၏။ ထိုအောက်သို့ ရှစ်တောင်တူးပါက ရွှေအိုး (၃)လုံးရှိ၏။

ဎင်း၏အနောက်တောင်ထောင့်တွင် ကျောက်စာတိုင် (၃)ခုရှိ၏။ အလယ်အောက်သို့ (၄)တောင်တူးပါက. . ရွှေငွေ ရတနာပစ္စည်း နွားဝန်တစ်တင်ရှိ၏။

ထိုအောက်တွင် ကျောက်ဖျာရှိ၏။ ထိုကျောက်ဖျာ အောက်တွင် အနော်ရထာမင်း၏ ဥစ္စာများဖြစ်သော ရွှေစင်များ စွာရှိ၏။

ကံပြို့ရွာရှိ စေတီ(ဇာတီ)တွင် ထီးလှိုင်ရှင် လျှုဒါန်းထား ခဲ့သည့် ရွှေအိုးနှစ်လုံးရှိ၏။

ကံပြိုင်ရွာအနောက်ဘက် ရွာဆိုးတောင်တွင် ကျောက် သပိတ်(၃)လုံး၏အောက်၌ ရတနာ(၃)တင်းရှိ၏။

သမန်းရွာရှေ့ နွားတက်ကျောက်စရစ်ကုန်း အလယ်ရှိ ကျောက်စာတိုင်အောက်တွင် ရတနာရွှေငွေဥစ္စာများစွာရှိ၏။

ပုထိုးဖြူရွာမြောက်ရှိ တောင်ပူဆာ၌ရှိသော ဇောင်ချမ်း ပင်အောက်ကို အရှေ့ဘက်မှတူးလျှင် ရွှေဖျဉ်းရှိ၏။ ကြေးသေ ထည့်ထားသော ကြေးဖျဉ်းရှိ၏။

ရဲတောင်အနောက်တောင်လမ်းဆုံးခရီး တစ်ဖက်တွင် ရှိသော ကျောက်နဂါးအောက်သို့ စောက်(၅)တောင်တူးပါက ရွှေနှစ်ဝံတင်ရှိ၏။ ကျောက်နဂါး၏ဦးခေါင်းတွင် ပတ္တမြား အုတ်





ရှစ်လုံးလောက်ရှိ၏။

တပယ်ရွာတောင်က ကျောက်ဆောင်၏ အောက်. . စောက်(၇)တောင်တူးက ရွှေအိုးနှင့်ပတ္တမြားအိုးရှိ၏။

ခက်မနားအကြားက လန်ကြည်၌ ပုထိုး(၃)လုံးရှိ၏။ ထိုပုထိုးများအောက်၌ ရွှေ(၇)တင်းရှိ၏။

ရွှေကွမ်းကပ်တောင် ခရီးခွဲတွင်ရှိ ကျောက်လုံးထဲ၌ သံ တလားနှင့်ထားသော ရွှေ(၅)တင်းရှိ၏။

သာလျောင်းအရှေ့တောင်ထောင့်က ကျောက်သပိတ် အောက်တွင် ရွှေ(၄)တင်းရှိသည်။

သာလျောင်းတောင်ရွာပေါ်တွင် ကျောက်စာတိုင် သူ ရှုပ်အတွင်း၌ တလားနှင့် ထည့်ထားသော ရွှေ(၃)စရွတ်ရှိ၏။

ဆိတ်တောင်အရှေ့ရှိ ရသေ့တောင်ငယ်တောင်ရံ၌ မိချောင်းရုပ်သည် တောင်ကိုဦးခေါင်းပြုလျက် ရှိ၏။ ထိုမိချောင်း ရုပ်၏ ယာလက်အောက်၌ ရွှေနှင့်ငွေများစွာရှိ၏။

ပက်ပိုင်တောင်တွင်ရှိသော. . ကျောက်စာတိုင်ကြီး အောက်တွင် ရွှေငွေရတနာ(၃၁)တင်းရှိ၏။

စရွာအရှေ့ရှိ ညောင်ပင်ကြီးအောက်တွင်ရှိသော ကျောက်မိကျောင်း၏ ကိုယ်ထဲတွင် ရွှေငွေရတနာ အပြည့်ရှိ သည်။

ကဝိန်အရှေ့မြောက်ဘက်ရှိ အင်ကြင်းပင်အောက် တည့်တည့်တွင် ရွှေတစ်တင်းရှိ၏။

ကဝိန်တွင် ကျောက်ဘုရားရှိ၏။ ထိုဘုရားတွင် ကျောက်



www.burmeseclassic.com

www.burmeseclassic.com



မြင်းခေါင်းပြတ်ရှိ၏။ အဆိုပါ ကျောက်မြင်း၏ဝမ်းတွင် ရွှေအပြည့်ရှိ၏။

ကွမ်းတိုင်အရှေ့တောင်ကြီးထက်ရှိ ကျောက်မိကျောင်း၏ဝမ်းတွင် ရွှေတစ်တင်းရှိ၏။

ငါနှံ့တောင်ထက်ရှိ ကျောက်ဂဝံကြီးဝမ်းထဲတွင် ရွှေတစ်တင်းခွဲရှိ၏။ ဦးခေါင်းထွင့်၌ ရွှေတစ်ပြည်ရှိ၏။

ပင်းတလဲရွာနောက်က ကျောက်ပုံအောက်တွင် ငွေအတင်းနှစ်ဆယ်ရှိ၏။

ကျွဲတဲရွာအနောက် ညောင်ပင်ကြီးအောက်တွဲ ကျွဲရုပ်နှစ်ရုပ်ရှိ၏။ ကျွဲရုပ်တစ်ရုပ်၏ဝမ်းတွင် ရွှေအပြည့်ရှိပြီး ကျန်ကျွဲရုပ်တစ်ရုပ်၏ဝမ်းတွင် ငွေအပြည့်ရှိသည်။

အိုးထိမ်းကုန်းမြောက်ရှိ ကျောက်ဝက်ရုပ်ဝမ်းထဲတွင် ရွှေသုံးတင်း၊ ငွေနှစ်တင်းရှိ၏။

ရက်ခန်ပြည် ညောင်ပင်မြောက်ရှိ . ကုက္ကိုပင်ကြီးအောက်တွင် ရွှေအိုးတစ်လုံးရှိ၏။

ဩကွဆင်ဥကြည် အရှေ့ချောင်းတောင်ဘက်ရှိ . . ကျောက်အိုးအတွင်း၌ ရွှေအပြည့်ရှိ၏။

ရည်သည်ရွာရှေ့ရှိ တောင်သုံးလုံး၏ အလယ်တောင်ကျောက်လုံးကြီးအောက်တွင် ကျောက်ဖျာအောက်၌ ရွှေအိုးရှိ၏။

ကြွက်မြိုက်ဘုရားရှေ့ရှိ ကျောက်လိပ်၏ဝမ်းတွင် ရွှေငါးတင်းရှိ၏။





ကံရွာအရှေ့မြောက်ထောင့်က ထနောင်းပင်အောက်တွင် ရွှေလက်စွပ်အပြည့်ထည့်ထားသော အိုးရှိ၏။

ပြုကံရွာနောက် ချောင်းအပါးတွင် ပူတင်းရှစ်လုံးရှိ၏။ တစ်လုံးတွင် ရွှေရတနာလက်စွပ်အပြည့်ရှိ၏။ ပူတင်းနှစ်လုံးထဲတွင် ရွှေခြေကျင်းများ၊ ရွှေလက်ကောက်များရှိ၏။ ပူတင်းလေးလုံးထဲတွင် ငွေအပြည့်ရှိ၏။ ပူတင်းတစ်လုံးတွင် သူရိုးနှင့် မီးသွေးရံလျက်ရှိ၏။

. တက်သေးရွာမြောက်ရှိ ဂူသုံးလုံးအောက်၌ ငွေနှစ်တင်းစီရှိ၏။ ရွှေလင်ပန်းတစ်ချပ်နှင့် ရွှေသန္ဓေတစ်လုံးစီရှိ၏။ ထိုဂူသုံးလုံးတံခါးတိုင်မှတ်အထွက် အရှေ့တံခါးခုံအောက်တွင် ရွှေနှင့်ငွေတစ်စရွတ်ရှိ၏။

ဝံပတေရွာတောင်ရှိ ထန်းပင်ခွ၏ အရှေ့သုံးတာခြား၊ ထိုထန်းပင်အနောက် တစ်တောင်ခြားတွင် ငွေတစ်မြှုတာ၊ အရှေ့ဘက်တွင် ရွှေတစ်မြှုတာရှိသည်၊

ခန်လှူရွာတောင်ဘက် ခွေးတစ်ဟောင်အရပ်ရှိ ညောင်ပင်သည် လူနှစ်ဖက်ခန့်ကြီးမား၏။ ထိုအရှေ့နှစ်ထွာခြားတွင် အလျားနှစ်တောင်၊ အနံတစ်တောင့်ထွာရှိသော ကျောက်တိုင်အောက်၌ အနော်ရထာမင်းစော ထားတော်မူခဲ့သည့် ငွေအပြည့်ရှိ၏။

ခမောက်ရွာအရှေ့ရှိ ညောင်ပင်အရှေ့တောင်ထောင့်အကိုင်းတွင်းတွင် ငွေငါးပိဿာရှိ၏။

ရှိန်စော်မြို့တောင်ပါး၊ နွားတစ်တွံတွင် စောင်ချမ်းပင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးမှာ လူနှစ်ယောက်ဖက်ခန့်ရှိ၏။ ထိုသစ်ပင်၏ အရှေ့တစ်ထွာခြားတွင် ရွှေသန္တေသုံးလုံး၊ ရွှေတစ်မြူတာ၊ ကြေးတစ်ရာရှိ၏။

ထိုသစ်ပင်တောင် တစ်တောင်ခြားတွင် ငွေနှင့်ကြေးအခွက်ငါးဆယ်ရှိ၏။

တပက်ဆွဲရွာအနောက် ဆောက်ချုံတွင် ကျည်းပင်နှစ်ခွပေါက်လျက်ရှိ၏။ ထိုအပါး၌ အင်္ဂတေတိုက်သည် အလျားသုံးတောင်၊ အနံနှစ်တောင်၊ စောက်နှစ်တောင့်ထွာရှိသည်။ ထိုတိုက်ထဲတွင် ငွေအပြည့်ရှိ၏။

ရှိန်စော်ရွာတောင်ရှိ အင်း၏ အရှေ့ဘက်တွင် ကျောက်တိုင်ရှိ၏။ ထိုကျောက်တိုင်၏ အရှေ့တစ်ထွာခြားတွင် ကြေးနှင့်ငွေ တစ်တင်းခွဲရှိ၏။

ထိုကျောက်တိုင်အောက်သို့ စောက်နှစ်တောင်တူးပါက စဥ့်အိုးနှင့်ထည့်ထားသော ရွှေငါးပိဿာရှိ၏။

မနောရွာတောင်၌ ဂူတစ်လုံးရှိ၏။ ထိုဂူတောင် ဝါးတစ်တာခြားတွင် အလျားသုံးတောင်၊ အနံနှစ်တောင်၊ စောက်တစ်တောင့်ထွာရှိသော အုတ်တိုက်ရှိ၏။ ထိုအုတ်တိုက်အတွင်း၌ ငွေသားအပြည့်ရှိ၏။

ခမောက်ရွာရှေ့က ဘုရားတံတိုင်းအရှေ့ မုတ်ထွက်တံခါးတိုင်အောက်၌ ရွှေတစ်ပိဿာရှိ၏။

ရှိန်စော်ရွာမြောက်ရှိ အင်းတဲချောင်းတောင်ဘက် ငါးတာခြားတွင် ကျောက်တစ်တိုင်လိပ်ကုန်းပေါ်နေ၏။ ထိုအောက်ရှိ အုတ်တိုက်အတွင်းတွင် ငွေသားအပြည့်ရှိ၏။





ရှိန်စော်ရွာ အရှေ့မြောက်ထောင့်ရှိ ပုထိုးတစ်ဆူ၏ မြောက်ဘက်၌ ချောင်းရှိ၏။ ထိုချောင်း၏ တောင်ဘက်၌. . . ညောင်သုံးပင်စီလျက်ရှိ၏။ အနောက်စွန်းညောင်ပင်ငယ်အောက်၌ ငွေတစ်စဥ့်အိုးရှိ၏။ အောက်သို့ဆက်တူးပါက. . ကျောက်မျက်ရတနာများနှင့် ပတ္တမြားကောင်းကောင်းရှိ၏။

အထက်ပါ ရေးသားဖော်ပြပေးခဲ့သည့် အကြောင်းအရာတို့မှာ သက္ကရာဇ် (၁၃၃၉)ခုနှစ်၊ အနော်ရတာမင်းလက်ထက်တွင် ပုဂံပြည်တွင် ထင်ရှားကျော်ကြားခဲ့သော ဇေဒင်ပညာအရာ၌ ထင်ရှားကျော်ကြားခဲ့သည့် ရှင်လက်ယာကန်း ရေးသားပြုစုသော ‘ငမှန်ကန်း ဘုမ္မိသိုက်ကျမ်း’မှ သိုက်ညွှန်းပေစာတို့ကို ပြန်လည်ရေးသားခဲ့ခြင်းဖြစ်ပေသည်။

ထိုကျမ်းစာအုပ်၌ အခန်းပေါင်း (၉၅)ခန်းပါဝင်လေရာ တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းကျမ်းတစ်ဆူပင် ဖြစ်ပေသည်။

ယခုရေးသားပြသော ဥစ္စာသိုက်များအကြောင်းမှာ အခန်း(၉)၌ ဖော်ပြထားသော အကြောင်းအရာအချို့သာ ဖြစ်ပါသောကြောင့် ဆက်လက်ရေးသားမည့် စာအုပ်များတွင် ကျန်ရှိနေသော တန်ဖိုးမဖြတ်နိုင်သည့် ပညာရပ်များအကြောင်းကို ဆက်လက်ရေးသားမည်ဖြစ်ပါကြောင်း။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၃)

# အမှောင်ရိပ်အတွင်းမှ အန္တရာယ်များ

တောက တဖြည်းဖြည်းနှင့် ရှုပ်ထွေးလာသည်။ တောနက်လာသည်နှင့်အမျှ နေရာအနှံ့အပြား၌ အန္တရာယ်များက ရှိနေကြသည်။

ထို့ထက်ပို၍ဆိုးသည်က သစ်ပင်ကြီးများက အုပ်မိုးနေသောကြောင့် အရှေ့အနောက်၊ တောင်မြောက်မှန်းဆရန် ခက်ခဲလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တောနက်ထဲမှာ ခပ်သုတ်သုတ် ခရီးနှင်ကြသော အဖွဲ့မှာ ဇမုန်းထန်ခေါင်းဆောင်သော အဖွဲ့ဖြစ်သည်။ ဇမုန်းထန်၊ တင်မေ၊ သံပချိုင်နှင့် လှေထိုးသမားသုံးယောက်တို့ ဖြစ်ကြလေသည်။

လှေထိုးသမား သုံးယောက်တို့မှာ သံပချိုင်နှင့် ဇမုန်းထန်တို့က စည်းရုံးပြောဆိုပြီး ခေါ်လာသောကြောင့် လိုက်လာကြသူများ ဖြစ်သည်၊

သူတို့အဖွဲ့တွင် ဒေါက်တာမင်းထင်ကျော်ထံမှ ယူလာသော မြေပုံနှင့် ပြောင်းရှည်သေနတ်တစ်လက် ပါလာသည်။ ထိုအကြံအစည်ကို ဇမုန်းထန်က ကြံစည်ခဲ့ခြင်း ဖြစ်ပြီး. . ကျန်သည့်လူများ သူ့အစီအမံအတိုင်း လုပ်ပေးကြရခြင်းဖြစ်သည်။

အားလုံးစားသောက်မည့် ထမင်းဟင်းများထဲတွင် ဆေးခြောက်ဖြင့် ပြုလုပ်ထားသော အိပ်ဆေးခတ်ခြင်း၊ ၎င်းတို့က. . ဖြေဆေးများ ကြိုတင်သောက်ထားကာ ထမင်းစားသောအခါ ဟန်မပျက်ပင် ဝိုင်းဖွဲ့စားသောက်ကြသည်၊

ညဉ့်ဦးပိုင်းအချိန်ကျော်ပြီးနောက် သူတို့(၆)ယောက်မှ လွဲပြီး ကျန်အဖွဲ့သားများ အိပ်မောကျသွားသောအခါ သေနတ်တစ်လက်၊ မြေပုံနှင့် အခြားပစ္စည်းအချို့ကို ယူဆောင်ကာ ထွက်ပြေးကြလေသည်။

ထိုညမှာတော့ လှေနှင့်ဝေးနိုင်သမျှ ဝေးအောင်သွားပြီး ညဉ့်နက်ပိုင်းရောက်တော့ ဂူတစ်ဂူထဲမှာဝင်ပြီး နေကြသည်၊

နောက်တစ်နေ့ နက်နက်စောစော အချိန်ရောက်သော





အခါမှ ရှေ့သို့ ခရီးဆက်ကြလေသည်။

သူတို့သည် မြေပုံထဲ၌ အညွှန်းပါသည့်အတိုင်း နေထွက်ရာဘက်သို့ မျက်နှာမူကာ အရှေ့မြောက်စူးစူးသို့ ဦးတည်ကာ သွားကြလေသည်။

သို့သော်လည်း ဇမုန်းထန်နှင့် သံပချိုင်တို့နှစ်ယောက်မှာ မြေပုံရှိနေသော်လည်း မြေပုံအညွှန်း၌ ဖော်ပြထားသော သင်္ကေတများကို ကောင်းစွာနားမလည်ကြသောကြောင့် စိတ်ထင်ရာ မှန်းဆသွားရင်း တောနက်ထဲမှာ တဝဲလည်လည် ဖြစ်နေကြသည်။

"ကျုပ်တို့တော့ ခင်ဗျားတို့ခေါ်လို့သာ လိုက်လာရပေမယ့် စိတ်ထဲက ခပ်လန့်လန့်ပဲ"

"ဘာကြောင့်လဲကွ"

"ဟိုလူတွေ နောက်ကလိုက်လာပြီး. . တွေ့ကြရင်တော့ အခက်ပဲ"

"စိတ်ပူမနေစမ်းပါနဲ့ကွာ သူတို့မြေပုံမပါဘဲနဲ့ လာလို့မရပါဘူး၊ တကယ်လို့ ရင်ဆိုင်တွေ့တော့လည်း သူသေကိုယ်သေ တိုက်ခိုက်ကြရုံအပြင် ဘာရှိမလဲ"

သံပချိုင်က ဝင်ပြောလိုက်သည်။

"ဒါထက်. . ခင်ဗျားတို့ ပြောသလို ဟိုနေရာမှာ ရွှေတုံးတွေရှိတာရော အမှန်ပဲလား"

"အမှန်ပေါ့ကွ၊ မဟုတ်ဘဲနဲ့ ငါတို့က ဒီလောက်စွန့်စားကြပါမလား၊ ငါတို့က မင်းတို့သုံးယောက်ကို ဆင်းရဲတွင်းက



www.burmeseclassic.com

www.burmeseclassic.com



ချွတ်စေချင်လို့ တမင်ခေါ်လာကြတာ၊ မင်းတို့ လှေထိုးနေလို့က တော့ ဒီတစ်သက် ဆင်းရဲတွင်းက လွတ်ကြမှာမဟုတ်တာ သေ ချာတယ်"

"မှန်ပါတယ် . . ကျုပ်တို့သုံးယောက်လည်း သေမထူး နေမထူး ဘဝမျိုးပါပဲ၊ ခိုင်းချင်ရာသာ ခိုင်းပါ . . လုပ်ပါ့မယ်"

ဟု လှေသမားသုံးယောက်က ကတိပေးကြလေသည်။

ဤသို့ဖြင့် တစ်နေလုံး ခရီးဆက်ကြသော်လည်း အခြေ အနေက သိပ်မထူးဘဲ တောထဲမှာပင် တဝဲလည်လည် ဖြစ်နေ ကြဆဲပင် ရှိသေးသည်။ ညနေစောင်း အချိန်ရောက်တော့ တင် မေက ပြောသည်။

"အဖေ ကျွန်မတို့ သွားနေတာ ရှေ့မရောက်ဘဲ ဒီနေရာ တစ်ဝိုက်မှာပဲ တဝဲလည်လည် ဖြစ်နေတဲ့ပုံပဲ"

"ဘာကြောင့်လဲ"

ဇမုန်းထန်က လေသံမာမာဖြင့် ပြန်မေးလိုက်သည်။

"ကျွန်မ ဒီနေရာတွေကို စိတ်ထဲက မှတ်မိနေသလိုပဲ"

" တောထဲမှာပဲ သစ်ပင်တွေက နေရာအနှံ့ရှိနေတော့ ဘယ်နေရာကြည့်ကြည့် အတူတူဖြစ်နေတာပဲပေါ့၊ နင်ကလည်း တောထဲမရောက်ဖူးတဲ့သူ ကျနေတာပဲ"

ဟုပြောလိုက်ရာ တင်မေလည်း ဘာမှထပ်မပြောသာ တော့ပေ။

သို့သော်လည်း တင်မေပြောသကဲ့သို့ပင်၊ သူတို့သွား နေသော ခရီးမှာ ရှေ့သို့ရောက်သည် သိပ်မရှိလှဘဲ ရောက်ပြီး





သားနေရာများသို့သာ အကြိမ်ကြိမ် ပြန်ရောက်နေလေသည်။

တောထဲ၌ရှိသော သစ်ပင်များမှာလည်း အမျိုးအစား တူသော သစ်ပင်တို့က နေရာအနှံ့၌ရှိလေရာ မှတ်သားရတာ မလွယ်လှပေ။ သံပချိုင်နှင့် ဇမုန်းထန်တို့ နှစ်ယောက်စလုံးမှာ တောထဲ၌ အမဲလိုက်ဖူးသူများဖြစ်သဖြင့် တောနှင့်မစိမ်းလှပေ။ အတွေ့အကြုံလည်း အတန်အသင့်ရှိကြသည်။

သို့ကြောင့် သွားလမ်း၊ လာလမ်းနေရာ မထပ်စေရန်၊ နေရာမှတ်မိစေရန် သစ်ပင်ပင်စည်များတွင် အမှတ်အသားပြု ခြင်း( ထိုကဲ့သို့ အမှတ်အသားပြုခြင်းကို မှန်ကပ်သည်ဟု ခေါ် ဝေါ်ကြသည်)၊ သစ်ပင်သစ်ကိုင်းများကို ခုတ်ချထားခြင်းများ ပြုလုပ်ထားခဲ့ကြသည်။

နေဝင်ချိန်ရောက်သောအခါ လုံခြုံသောနေရာသို့ရှာ ပြီး နားကြလေသည်။ လှေမှထွက်ခဲ့ကြတာ တစ်ညနှင့်တစ်ရက် ရှိသော်လည်း အခြေအနေက မထူးခြားသေးပေ။

ထိုညက ဂူထဲမှာ အိပ်နေကြစဉ် တင်မေမှာ ထူးခြား သောအိပ်မက်တစ်ခု မက်လေသည်။

အိပ်မက်ထဲတွင် လူမျက်နှာနှင့်သဏ္ဍာန်တူသော . . ကျောက်နံရံကြီးများကို မြင်ရသည်။

ကျောက်မျက်နှာကြီးများက သူကိုဝိုင်းကြည့်နေကြ သည်။ တချို့က စကားပြောသည်။

"နင်တို့ . . ရွှေတွေလိုချင်လို့ လာကြတာ မဟုတ်လား၊ ငါတို့ဆီမှာ ရွှေတုံးတွေ အများကြီးရှိတယ်လေ လာယူကြလေ၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး နင်ငါတို့ဆီမှာ လာနေရမယ်”

“အမယ်လေး မနေဝံ့ပါဘူးရှင်၊ မနေပါရစေနဲ့ ကြောက်ပါပြီ. . ကြောက်လှပါပြီ”

ဟု စူးစူးဝါးဝါး အော်လိုက်သံကြောင့် အိပ်နေသူများပင် လန့်နိုးလာကြသည်။

“ဘာဖြစ်တာလဲ. . . ဘာဖြစ်တာလဲ”

“တင်မေ. . ဘာကြောင့် အော်တာလဲ”

“ကျွန်မ. . ကျွန်မ. . အိပ်မက်ထဲမှာ ကျောက်မျက်နှာကြီးတွေကို တွေ့ရတယ်အဖေ၊ ကြောက်စရာ ကောင်းလိုက်တာ”

“ဟင်”

“ကျွန်မကို သူတို့နဲ့လာနေရမယ်လို့ ကျောက်မျက်နှာကြီးတွေက ပြောကြတယ်၊ ကျွန်မ ကြောက်တယ်”

“ဘာမှ ကြောက်စရာမလိုဘူး၊ အိပ်မက်မက်တာပဲ. . ငါတို့ပြောနေတဲ့ ကျောက်မျက်နှာတွေအကြောင်းကို ကြားရင်းကနေ စိတ်စွဲသွားပြီး အိပ်မက်မက်တာဖြစ်မှာပေါ့”

ဇမုန်းထန်ကတော့ သမီးဖြစ်သူ စိတ်သက်သာရာ ရစေရန် အားပေးစကား ပြောလေသည်။

“ကျွန်မတို့ ရှေ့ဆက်မသွားဘဲ လှေကိုပြန်ကြရအောင် အဖေ၊ အဲဒီနေရာကို ကျွန်မတို့ချည်း သွားလို့မဖြစ်ဘူးထင်တယ်”

“ဘာကြောင့် မဖြစ်ရမှာလဲ”

“ကျွန်မတို့ အန္တရာယ်တစ်ခုခုနဲ့ တွေ့တော့မယ်လို့ စိတ်ထဲက ထင်နေမိတယ်”





“တိတ်စမ်း. . တင်မေ တောထဲတောင်ထဲသွားတဲ့ အခါမှာ အတိတ်နိမိတ်မရှိတဲ့ စကားမျိုးတွေ မပြောရဘူး ဆိုတာ နင်နားမလည်ဘူးလား”

တင်မေ အသံတိတ်သွားသည်။ ထိုအခါ သံပချိုင်ကပါ ဝင်ပြောသည်။

“ဟုတ်တယ် တင်မေရဲ့. . နင့်အဖေ ပြောတာမှန်တယ်၊ တောထဲတောင်ထဲမှာ စကားမှားလို့မရဘူး၊ ဥပါဒ်ဒဏ်ကြောင့် ဥပဒ်ရောက်ရတတ်တယ်၊ နောက်ပြီး. . ငါတို့က သူတို့ကို သစ္စာဖောက်ပြီး ထွက်လာကြတာဆိုတော့ လှေကိုပြန်သွားဖို့တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး”

ဟု ဖြောင်းဖျပြောဆိုသဖြင့် တင်မေလည်း မျက်နှာငယ်ကလေးဖြင့် ခေါင်းညိတ်ပြရလေသည်။

ထို့နောက်မှာတော့ အားလုံးပြန် မအိပ်ဝံ့ကြသော်လည်း မီးမဖိုဝံ့ကြသောကြောင့် အမှောင်ထဲမှာပင် ဒီအတိုင်း ထိုင်နေကြရလေသည်။

ဇမုန်းထန်စိတ်ထဲမှာတော့ စောစောပိုင်းက စူးစူးဝါးဝါး အော်ဟစ်လိုက်သည့် တင်မေအသံကြောင့် စိုးရိမ်စိတ်ဝင်နေလေသည်။

တိတ်ဆိတ်ငြိမ်သက်နေသော အချိန်မျိုးတွင် ပွဲတင်ထပ်မှုများကြောင့် ထိုကဲ့သို့သော ကျယ်ကျယ်လောင်လောင် အော်ဟစ်သံမျိုး မဆိုထားနှင့်၊ စကားပြောသံမျိုးကိုပင် အတော်ဝေးဝေးမှ ကြားရနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအော်သံကြောင့် အနီးပတ်ဝန်းကျင် တစ်ဝိုက်သို့ လူရိုင်းများသော်လည်းကောင်း. . ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့သော်လည်းကောင်း. . . ရောက်နေပါက သူတို့အတွက် အန္တရာယ်မကင်းပေ။ သို့ကြောင့် စိတ်ထဲမှ မသိမသာ စိုးရိမ်စိတ်ဝင်နေခြင်းဖြစ်သည်။

အချိန်ကလည်း သန်းခေါင်ယံအချိန်သို့ ကျော်လွန်လာလေပြီ၊ အပြင်ဘက်၌ တိတ်ဆိတ်ငြိမ်သက်နေပြီး သစ်ရွက်များပေါ်သို့ နှင်းစက်ကျသံ တဖြောက်ဖြောက်လောက်သာ ကြားနေရသည်။

နောက်တော့. . နှင်းစက်ကျသံများက စိပ်လာသည်။ တဖြည်းဖြည်းနှင့် ပိုမိုများပြားလာလေသည်။ ဇနန်းထန်က စိတ်ထဲမှာ မသင်္ကာသဖြင့် အပြင်ဘက်သို့ လှမ်းကြည့်လိုက်သော်လည်း ဘာမှမမြင်ရသဖြင့် ရေဘူးကိုယူပြီး သောက်ရန်ပြင်နေစဉ် ရေဘူးက ပြုတ်ကျသွားလေတော့သည်။ ကြည့်လိုက်တော့ ရေဘူးတွင် မြားတစ်စင်း စိုက်ဝင်နေသည်။

"ဟင်"

ဒီတော့မှ အလန့်တကြား ကြည့်လိုက်သောအခါ နှင်းတောထဲမှ တိုးထွက်လာသော လူရိုင်းများကို မြင်လိုက်ရသောအခါ မျက်လုံးပြူး သွားကြလေသည်၊

"လူရိုင်းတွေ ရောက်လာပြီ"

ဟုပြောပြောဆိုဆိုနှင့် သေနတ်ကို ကောက်ယူပြီး ပစ်လိုက်သည်။





"ဒိုင်း"

ဒီတစ်ခါမှာတော့ လူရိုင်းများက နောက်သို့ ပြန်ဆုတ်သွားကြတော့ဘဲ ဓားလှံလက်နက်များကိုင်ကာ ဂူအတွင်းသို့ ပြေးဝင်လာကြလေသည်။

ထိုအခြေအနေမျိုးမှာတော့ ကြောက်လန့်နေ၍ မဖြစ်တော့သောကြောင့် ၎င်းတို့မှာရှိသော ဓားလှံလက်နက်များဖြင့် ခံတိုက်ခိုက်ကြရလေသည်။

သို့သော်. . လူအင်အားချင်းက မမျှပေ၊ လူရိုင်းများက (၂၀)ခန့်ရှိပြီး သူတို့က(၆)ယောက်သာရှိသည်။ အနီးကပ်တိုက်ခိုက်ရင်းနှင့်ပင် အတူပါလာသော လှေသမား(၂)ယောက် လူရိုင်းများလက်ချက်ဖြင့် အသက်ထွက်သွားကြလေတော့သည်။

ဇမုန်းထန်တို့လည်း အခြေအနေမကောင်းမှန်း သိကြသောကြောင့် တိုက်ရင်းခိုက်ရင်းနှင့် ဂူထဲမှပြေးရန် ကြိုးစားကြသည်။ အပြင်သို့ရောက်သောအခါမှ လူရိုင်းများက တင်မေကို ဖမ်းမိသွားကြလေသည်။

"အဖေ ကျွန်မကို ကယ်ပါဦး"

တင်မေက စူးစူးဝါးဝါး အော်ဟစ်အကူအညီ တောင်းသော်လည်း ဘယ်လိုမှ အခွင့်အရေး မသာတော့ပေ။

ထို့ကြောင့် ဇမုန်းထန်၊ သံပချိုင်နှင့် လှေသမား ဖိုးထင်တို့ သုံးယောက်မှာ ဘေးလွတ်ရာသို့ ထွက်ပြေးကြရလေတော့သည်။

"အဖေရေ ကယ်ပါဦး၊ ကျွန်မကို ကယ်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော တင်မေ၏ စူးစူးဝါးဝါး အော်ဟစ်အကူအညီ တောင်းနေသော အသံများကိုတော့ စိတ်မချမ်းသာစရာ ကြားနေရသည်။ နောက်တော့. . တဖြည်းဖြည်း ဝေးသွားပြီး အသံပျောက်သွားလေတော့သည်။

လူရိုင်းများလည်း သူတို့နောက်သို့ လိုက်မလာကြတော့ပေ။ အချိန်ကလည်း အရုဏ်တက်ချိန် ရောက်လာပြီဖြစ်သောကြောင့်. . အရှေ့ဘက်တွင် အလင်းရောင်အချို့ ပေါ်ထွက်ပြူလာလေပြီ။

သူတို့လည်း ခြေဦးတည့်ရာ ပြေးခဲ့ကြရာ ဘယ်နေရာရောက်နေမှန်းပင် မသိရတော့ပေ။ အမှောင်ဖုံးနေသော သစ်တောအတွင်းမှာ ဖြတ်ပြေးခဲ့ရသောကြောင့် သုံးယောက်စလုံး ဒဏ်ရာဒဏ်ချက်များ ရနေကြလေပြီ။

လူရိုင်းများ နောက်မှလိုက်လာသောအသံ မကြားတော့မှ အတန်အသင့် လုံခြုံသော တောင်ကြားတစ်ခုသို့ ဝင်ရောက်နားကြရလေသည်။

သုံးယောက်စလုံးတွင် လက်ထဲမှာကိုင်လာသော ဓားနတ်တစ်လက်၊ ဓားတစ်လက် နှင့်လှံတစ်ချောင်း သာပါလာပြီး အခြားဘာမှ မပါလာတော့ပေ။

ယုတ်စွအဆုံး ရေဘူးပင် မပါလာတော့ပေ။ လှေမှ လာသော ပစ္စည်းများအားလုံး ဂူထဲမှာ ကျန်နေခဲ့လေပြီ။

"ငါ့သမီးလေးတော့ လူရိုင်းတွေလက်ထဲ ပါသွားပြီ၊ ဒုက္ခပါပဲကွာ"





ဟု ဇမုန်းထန် ရင်မချိသောအသံဖြင့် ပြောလိုက်သည်။

"ကျုပ်တို့လည်း သူ့အတွက် စိတ်မကောင်းပါဘူး၊ ဒါပေမယ့် လူအင်အားချင်းမမျှတော့ သူ့ကို ဘယ်လိုမှ မကယ်နိုင်ခဲ့ကြဘူး"

သံပချိုင်ကပါ ပြောသည်။

"အခု ကျုပ်တို့သုံးယောက်ပဲ ကျန်တော့တယ်၊ ဘယ်လိုလုပ်ကြမလဲ"

အတူပါလာသော ဖိုးထင်က မေးသည်။

"ငါ့သမီး တင်မေတော့ အသက်ရှင်ဖို့ အကြောင်းမရှိတော့ဘူး၊ ဒီအခြေအနေ ရောက်မှတော့ နောက်ပြန်ဆုတ်လို့လည်း မဖြစ်တော့ဘူး"

"ဟုတ်တယ်"

"သေမြေကြီး. . ရှင်ရွှေထီးပဲပေါ့ကွာ၊ ရှေ့ဆက်သွားကြပဲ ရှိတော့တာပေါ့၊ မင်းတို့နှစ်ယောက်သဘောကရော ဘယ်လိုလဲ"

"ခင်ဗျားလိုပဲပေါ့ဗျာ၊ နောက်ကြောင်းပြန်သွားလို့မှ. . မဖြစ်တာ၊ ရှေ့ကိုပဲ ဆက်တိုးရမှာပေါ့"

ဟု ပြောဆိုတိုင်ပင်ကာ ထိုနေရာမှာပင် မိုးလင်းသည့်အချိန်ရောက်အောင် စောင့်နေကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၁၄]

# မရဏာကျိန်စာကျောက်မျက်နှာ

လူမိုက်ကံကောင်း ကြံ့သည်ပဲ ပြောရမလား၊ အဆိုးထဲမှ အကောင်းဟုပဲ ဆိုရမလား ဇမုန်းထန်တို့ သုံးယောက်အတွက် ကတော့ ပြေးရင်းလွှားရင်းနှင့်ပင် မမျှော်လင့်ပဲ ကျောက်မျက်နှာ တောင်ကြားရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားလေ သည်။ လူရိုင်းများ တိုက်ခိုက်ခံရပြီး နောက်တစ်နေ့တွင် အရှေ့ မြောက်စူးစူးသို့ ဦးတည်ပြီးသွားကြရာ ညနေစောင်းအချိန်တွင် ထိုနေရာသို့ ရောက်သွားကြခြင်း ဖြစ်သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မြေပုံထဲမှာပါသော အညွှန်းကိုကြည့်ပြီး ရှေ့မှာမြင်နေရသောတောင်မှာ ကျောက်မျက်နှာတောင်ဟု ထင်ကြသော်လည်း သေသေချာချာ သိသောကြောင့်တော့ မဟုတ်ပေ။

"မြေပုံထဲက အမှတ်အသားတွေ အတိုင်းဆိုရင်တော့ ရှေ့မှာမြင်နေရတဲ့တောင်ဟာ ကျောက်မျက်နှာတောင်ပဲ ဖြစ်မယ်"

ဇမုန်းထန်က ပြောသောအခါ. . ကျန်နှစ်ယောက်က တအံ့တသြဖြင့် ကြည့်နေကြသည်။ သူတို့မျက်စိထဲမှာတော့. . ထူးထူးခြားခြား ဘာမှမတွေ့ရဘဲ သာမန်တောင်တစ်လုံးကို မြင်တွေ့နေရသကဲ့သို့ ရှိလေသည်။

မတ်စောက်လှသော လေးထောင့်ပုံသဏ္ဍာန်ရှိသော ကျောက်နံရံကြီးများက လေးဘက်လေးတန် ကာရံထားသကဲ့သို့ ရှိပြီး ကျောက်နံရံများမှာ အဖုအထစ်မရှိပဲ ပြောင်ချောလျက်ရှိသည်။

ပုံသဏ္ဍာန်မှာ ကျောက်ရေတွင်းဟောင်းကြီးတစ်လုံး တောင်ကုန်းပေါ်သို့ တင်ထားသကဲ့သို့ ရှိလေသည်။ တစ်ခုတော့ရှိသည်. . . ကျောက်တောင်ထိပ်မှ ကျနေသော နွယ်ပင်များကတော့ အောက်ခြေအထိ ရောက်နေလေသည်။

ထိုကျောက်တောင်ကြီး၏ ဘေးပတ်လည်တွင်. . သစ်တောကြီးများ ဖုံးအုပ်ထားသော်လည်း ကျောက်တောင်နံရံမှာတော့ မည်သည့်အပင်မှ မရှိပေ။





သို့သော်. . ပေအတော်မြင့်သော တောင်ထိပ်ပေါ်မှာတော့ သစ်ပင်သစ်တောများ ရှိနေသည်။

"ကျောက်မျက်နှာတောင်လို့သာ အမည်ပေးထားတယ် နံရံမှာလည်း ကျောက်မျက်နှာတွေလည်း မရှိပါလား"

"ဟုတ်ပါရဲ့ ဒီတောင်ရော ဟုတ်ရဲ့လား"

သံပချိုင်နှင့် ဖိုးထင်တို့က ကျောက်တောင်နံရံကို မော့ကြည့်ရင်း ပြောကြသည်။

"ဟုတ်ပါတယ်ကွာ၊ ငါတို့ရှာနေတာ ဒီတောင်ပါပဲ. . ကျောက်မျက်နှာတွေက အမြဲပေါ်နေတာ မဟုတ်ဘူး၊ ပေါ်ချင်မှ ပေါ်တာ"

"ဟာင်. ."

"ဘယ်လိုအချိန်မျိုးမှာ ပေါ်တာလဲ"

"ငါလည်း မသိဘူး၊ သူတို့ ပြောသံကြားရတာတော့. . အိပ်မက်မက်တဲ့ အချိန်မှ တွေ့ရတယ်လို့လည်း ပြောကြတယ်"

"အခု ဘယ်လိုလုပ်မှာလဲ"

"မြေပုံထဲက အညွှန်းအတိုင်း ဆိုရင်တော့. . ငါတို့ ဒီ ကျောက်တောင်ထိပ်ကို တက်ကြရမယ်၊ အပေါ်မှာ တွင်းပေါက် တစ်ခုရှိတယ်၊ အဲဒီတွင်းပေါက်ထဲမှာ ငါတို့လိုချင်တဲ့ ရွှေတုံးတွေ ရှိတယ်"

ဇမုန်းထန် စကားကြားသောအခါ ကျန်နှစ်ယောက်မှာ စောစောကနှင့် မတူတော့ဘဲ အနည်းငယ်တက်ကြွလာသည်။

"တက်လို့ လွယ်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"အရင်လူတွေတောင် ရောက်အောင်တက်ကြသေးတာပဲ၊ ငါတို့က ဘာကြောင့်မတက်နိုင်ရမှာလဲ"

ဟုပြောကာ တောင်ခြေဘက်သို့ လျှောက်လာကြလေသည်။ အချိန်က နေဝင်ရီတရောအချိန် ကျော်လာခဲ့ပြီ ဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ အမှောင်ရိပ်များ ဖုံးလွှမ်းစပြုလာချေပြီ။

တောင်ခြေနားရောက်သောအခါ အမှောင်ရိပ်ထဲမှ လူတစ်ယောက် ထွက်လာလေသည်။

အဝတ်အစားများက စုတ်ပြဲနေပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော အမျိုးသမီးတစ်ယောက် ဖြစ်သည်။ မှောင်စပြုနေပြီ ဖြစ်သဖြင့် မျက်နှာကိုတော့ သဲသဲကွဲကွဲ မမြင်ရပေ။

"နင် ဘယ်သူလဲ"

"ကျွန်မ တင်မေပါ"

"ဟင်. . တင်မေ နင်ဘယ်လိုဖြစ်လာတာလဲ"

"ကျွန်မ လူရိုင်းတွေလက်ချက်ကြောင့် သေခဲ့ရပြီ"

"ဖြစ်ရလေ သမီးရယ်၊ အခု ဘာလာလုပ်တာလဲ"

"အဖေတို့ကို သတိပေးချင် လို့လာတာပါ၊ ဒီတောင်မှာရှိတဲ့ရွှေတွေက ကျိန်စာနဲ့ ထားခဲ့တာမို့ မသက်ဆိုင်သူတွေ ယူလို့မရပါဘူး၊ ယူရင် ကျိန်စာမိပြီး သေကြရလိမ့်မယ်၊ ဒီတော့. . . နောက်ကြောင်းကိုသာ ပြန်လှည့်သွားကြပါ"

"ငါ မပြန်တော့ဘူး တင်မေ၊ ငါ့ရဲ့ မိုက်မဲမှုကြောင့် နင်လည်း အသေဆိုးနဲ့သေခဲ့ရပြီ၊ ဒီတော့. . ဒီအခြေအနေ ရောက်





မှတော့ မထူးတော့ဘူး၊ သေချင်လည်း သေပစေတော့ ဆက်လုပ်ရတော့မှာပဲ "

ဟု ပြောလိုက်သောအခါ ရှေ့မှာရပ်နေသော သဏ္ဌာန်က အမှောင်ထဲသို့ ဝင်သွားလေတော့သည်။

"တင်မေ. . တင်မေ. . "

ဇမုန်းထန် လှမ်းခေါ်သော်လည်း နောက်ထပ်မတွေ့ရတော့ပေ။ ထို့နောက်မှာတော့ သုံးယောက်သား တောင်ခြေသို့ ရောက်အောင်သွားပြီး အခြေအနေကို ကြည့်သည်။

တောင်ထိပ်မှ တွဲလောင်းကျနေသော နွယ်ငန်းကြီးများမှာ အချို့လက်မောင်းလုံးခန့် ရှိသည်။

အချို့က ငြိမ်သက်နေသော်လည်း အချို့နွယ်များမှာ အပေါ်သို့ တက်လာလိုက်၊ အောက်သို့ ဆင်းလာလိုက်နှင့် ရှိနေကြသည်။

ထိုမြင်ကွင်းကို မြင်သောအခါ သုံးယောက်သား အံ့သြသွားကြလေသည်။

ဇမုန်းထန်က လှုပ်ရှားနေသော နွယ်ရှင်အချို့ကိုကြည့်ပြီး တစ်စုံတစ်ခု အတွေးပေါက်သွားသည်။

"ဟန်ကျပြီ"

"ဘယ်လို ဟန်ကျတာလဲ"

"ဒီနွယ်ရှင်တွေကို ခိုပြီး တက်သွားရင် ငါတို့ အပေါ်ကို အလွယ်တကူ ရောက်နိုင်တယ်"

"ဖြစ်ပါ့မလား တော်ကြာ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ် သေစရာရှိရင် ငါရှေ့က အသေခံမယ်၊ ငါတက်သွားပြီး အပေါ်ရောက်တော့မှ . . မင်းတို့နှစ်ယောက် နောက်ကနေလိုက်ခဲ့ကြ"

ဟုပြောကာ လက်ထဲမှာကိုင်ထားသော သေနတ်ကို ကျောမှာလွယ်လိုက်သည်။

ပြီးမှ တောင်ခြေသို့ လျှောက်သွားကာ အပေါ်သို့ လိပ်တက်စပြုနေသော နွယ်ပင်းပင်တစ်ပင်ကို လှမ်းဆွဲလိုက်သည်။ လက်မောင်းလုံးခန့် အရွယ်အစားရှိသော နွယ်ပင်းပင်ကြီးက လူတစ်ယောက် လှမ်းဆွဲခိုလိုက်သော်လည်း အရှိန်တန့်မသွားပေ။

စောစောကလောက်မမြန်ဘဲ နှေးသွားသည်မှ လွဲပြီး အပေါ်သို့ ဆက်တက်မြဲတက်သွားလေသည်။

နောက်ဆုံးမှာတော့ ဇမုန်းထန်တစ်ယောက် တောင်ထိပ်ပေါ်သို့ ချောချောမောမော ရောက်သွားလေတော့သည်။

ထိုအခါမှ အောက်၌ကျန်ခဲ့သော သံပချိုင်နှင့် ဖိုးထင်တို့နှစ်ယောက်မှာ စိတ်ချသွားကြပြီး သင့်တော်သော နွယ်တစ်ချောင်းစီ ဆွဲခိုကာ အပေါ်သို့ တက်သွားကြလေသည်။

ညနေ့ဦးပိုင်းအချိန် ရောက်သောအခါ သုံးယောက်သား တောင်ပေါ်သို့ ရောက်သွားကြသည်။

တောင်၏ပုံသဏ္ဌာန်မှာ ပုပ္ပားတောင်ကလပ်နှင့် များစွာတူသောကြောင့် . . တောင်ထိပ်တစ်ဝိုက်မှာ အတော်ကျယ်သည်။ သစ်ပင်များရှိသလို ကျောက်တုံးကျောက်ခဲများလည်း





နေရာအနှံ့၌ ရှိနေကြသည်။

တောင်ထိပ်ပေါ်တွင် သားရဲတိရစ္ဆာန်ဘေး အပါအဝင် အခြားအန္တရာယ်များ မတွေ့နိုင်သဖြင့် စိတ်သက်သာရာရသွားကာ ဟိုဟိုဒီဒီ လျှောက်ကြည့်ကြသည်။

တစ်နေရာရောက်တော့ ဖိုခနောက်ဆိုင်ဖြစ်နေသော ကျောက်တုံးကြီးသုံးတုံးကို တွေ့ကြရသဖြင့် သံပချိုင်က အိတ်ထဲမှာရှိသော မြေပုံကိုထုတ်ကြည့်ကာ တစ်နေရာသို့ လက်ထောက်ပြသည်။

"ငါတို့ ရှာနေတာ ဒီနေရာပဲ၊ ဒီတွင်းထဲမှာ ငါတို့လိုချင်တဲ့ ရွှေတုံးတွေရှိတယ်"

သံပချိုင်က အောက်သို့ငုံ့ကြည့်ရာ တွင်းမှာနက်သဖြင့် မှောင်နေလေရာ . . ဘာမှ သဲသဲကွဲကွဲ မမြင်ရပေ။

"တွင်းကနက်တယ် ဆင်းလို့ရပါ့မလား"

"နွယ်ကြိုးတွေ အသုံးပြုပြီး ဆင်းရင် . . ရနိုင်ပါတယ်"

"ဖြစ်ပါ့မလား"

"ဘာကြောင့် မဖြစ်ရမှာလဲ"

"ဘယ်သူ ဆင်းမလဲ"

ဇမုန်းထန်က တစ်ချက်ကြည့်ပြီး . . .

"ဖိုးထင် . . မင်း အရင်ဆင်း"

ဟုပြောလိုက်လေရာ ဖိုးထင်မှာ မျက်နှာပျက်သွားလေသည်။

"ကျုပ် . . ကျုပ် . . မဆင်းဝံ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အသံ ကတုန်ကယင်ဖြင့် ပြန်ပြောလေသည်။

"မင်း သတ္တိမရှိဘူးလား၊ ဒီတွင်းထဲမှာ ငါတို့လိုချင်တဲ့ ရွှေတုံးတွေ ရှိတယ်လေ၊ ဒီရွှေတုံးတွေသာရရင် ငါတို့သုံးယောက် စလုံး ဆင်းရဲတွင်းက လွတ်ပြီ"

ဖိုးထင်မှာ အတော်ကြာအောင်စဉ်းစားနေပြီးမှ စိတ်ကို ပြန်တင်းလိုက်သည်။

"ကောင်းပြီလေ. . ဆင်းဆိုတော့လည်း ဆင်းရမှာပေါ့၊ မီးတိုင်တစ်ခုတော့ ပါသွားမှ ဖြစ်မယ်"

အမှန်တော့ ဖိုးထင်မှာ အခြေအနေကို သဘောပေါက် သွားသဖြင့် မာန်လျှော့လိုက်ခြင်းပင်ဖြစ်၏။ သံပချိုင်နှင့် ဇမုန်း ထန်တို့က သူ မဆင်းချင်လည်း တွင်းထဲသို့ ဖွတ်အတင်း ဆင်း ခိုင်းတော့မှာ သေချာနေပြီ။ သို့သော်လည်း. . .

"မနက်လင်းတော့မှ ဆင်းရင်. . ပိုမကောင်းဘူးလား"

"မဖြစ်ဘူး၊ ဟိုလူတွေ နောက်ကရောက်မလာခင် လို ချင်တာယူပြီး ဒီနေရာက အမြန်သွားကြတာ ပိုကောင်းမယ်. . . သူတို့နဲ့တွေ့ရင် မကောင်းဘူး"

ဟုပြောသဖြင့် နောက်ထပ်ထွေထွေထူးထူး ထပ်ပြော မနေတောဘဲ ကျောက်မျက်နှာတွင်းထဲသို့ ဆင်းရန်ပြင်ဆင်ကြ လေသည်။

ဇမုန်းထန်က မနီးမဝေးမှာရှိနေသော သစ်ပင်မှ နွယ် ငန်းတစ်ပင်ကို ဆွဲယူလာသည်။

နွယ်ငန်းပင်ကြီးများမှာ တောင်ထိပ်ပေါ်ရှိ သစ်ပင်များ





ကိုရစ်ပတ်ထားပြီး တောင်ခြေသို့ လျှောဆင်းသွားလိုက်၊ ပြန် တက်လာလိုက် လုပ်နေကြခြင်း ဖြစ်သည်။

အမှန်တော့ ရေသောက်ဆင်းကြခြင်းပင် ဖြစ်သည်။ ဇမုန်းထန်က ရှည်လျားသော နွယ်ငန်းပင်တစ်ပင်ကို ဆွဲယူလာပြီး တွင်းထဲသို့ ချနေသည်။

သံပချိုင်က ဖိုးထင်အတွက် မီးတုတ်တစ်ချောင်း ပြုလုပ် ပေးသည်။

ဖိုးထင်ကတော့ တွင်းထဲမဆင်းခင် ပါလာသောရေနှင့် အစားအစာအချို့ကို ဝမ်းပြည့်အောင် စားသောက်နေသည်။

ထိုသို့စားသောက်နေရင်းမှ စိတ်ထဲမှာလှုပ်ရှားနေသည်။ တောင်ထိပ်ပေါ်မတက်ခင်က တွေ့ခဲ့ရသော တင်မေဝိညာဉ် ပြောလိုက်သော စကားသံတို့ကို ပြန်လည်သတိရနေသည်၊

သို့သော် မတတ်သာတော့ပေ၊ သေမထူး. . နေမထူး အခြေအနေ ရောက်နေသည်မို့ သူတို့စေခိုင်းသည့်အတိုင်း. . ကျောက်တွင်းထဲသို့ ဆင်းရန်မှတစ်ပါး၊ အခြားရွေးစရာ မရှိတော့ ပေပြီ။

အားလုံးပြင်ဆင်ပြီးသောအခါ နွယ်ကြိုးကို လက်တစ် ဖက်ကကိုင်၊ မီးတိုင်ကို လက်တစ်ဖက်ကကိုင်ကာ ကျောက်နံရံကို ခြေဖြင့်ကန်ကာ အောက်သို့စဆင်းလေသည်။

တောင်ခြေမှ လှမ်းကြည့်စဉ်က ကျောက်တောင်၏ ပုံ သဏ္ဍာန်မှာ လေးထောင့်ပုံသဏ္ဍာန်ဆန်သလို တွင်းထဲရောက် တော့လည်း. . လေးဘက်လေးတန် ကျောက်နံရံကြီးတို့ကို တွေ့

www.burmeseclassic.com



မြင်ရသည်။

ကျောက်နံရံကြီးများမှာ အဖုအထစ် မရှိဘဲ ပြောင်ချော လျက်ရှိနေသည်။

ရေနှင့် ရေညှိများကြောင့် ချောနေရာ နွယ်ကြိုးမရှိဘဲ နှင့် အပေါ်သို့ပြန်ရောက်အောင်တက်ဖို့ ဘယ်လိုနည်းနှင့်မှ မဖြစ် နိုင်ပေ။

ဖိုးထင်မှာ စိတ်ထဲမှ တထင့်ထင့်. . .၊

ကြောက်ကြောက် လန့်လန့်နှင့် ဆင်းလာခဲ့ရာ တစ်နေ ရာ ရောက်သောအခါ အောက်ဘက်မှ ရေစီးသံလိုလို၊ လေတိုက် နေသည့်အသံမျိုး ကြားရသည်။

နောက်တော့ ရယ်သံလိုလို၊ စကားပြောသည့် အသံအ ချို့ပါ ကြားလာရသည်။

"ဟီး. . ဟီး. . ဟီး. . ဟီး. . "

"ဟား. . ဟား. . ဟား. . ဟား. . "

ပထမတော့. . တွင်းထဲမှာ လေတိုက်နေသောကြောင့် အသံမျိုးစုံကြားနေရသည်ဟု စိတ်ထဲမှာ ထင်မိသည်။ နောက်မှ ထိုအသံမှာ ရယ်မောနေသည့် အသံများဖြစ်ကြောင်း သိလာ ရသည်။

ထို့ကြောင့် ဆက်မဆင်းသေးဘဲ ရပ်လိုက်သည်။

ဖိုးထင်က ရပ်သော်လည်း သူကိုင်ထားသော နွယ်ကြိုး ကတော့ မရပ်ပေ။ အသက်ဝင်နေသည့် မြွေတစ်ကောင်ကဲ့သို့ သူ့အလိုလို လူးလွန့်လှုပ်ရှားကာ အောက်သို့တဖြည်းဖြည်း လျှော





ကျလာလေသည်။

ပထမ အပေါ်မှာရှိနေကြသော ဇမုန်းထန်နှင့် သံပချိုင် တို့က လျှောချပေးနေသည်ဟု ထင်မိသည်။ နောက်မှ မဟုတ်မှန်း သိရလေသည်။ တစ်နေရာရောက်သောအခါ အသက်အရွယ် ကြီးလှပြီး ကြောက်စရာကောင်းသော ပုံပန်းသဏ္ဌာန်မျိုး ဖြစ်ပေါ် နေသော ကျောက်မျက်နှာကြီးနှင့် မျက်နှာချင်းဆိုင် ရောက်သွား လေသည်။

ကျောက်မျက်နှာကြီးမှာ သူနှင့် မျက်နှာချင်းဆိုင် နီးကပ် စွာရှိနေပြီး အသက်ဝင်လှုပ်ရှားနေလေသည်။

သူ့ကို မြင်တော့. . .

"ဟီး. . ဟီး. . ဟီး. . မင်း ရောက်လာပြီလား. . "

ဟု အသံသြသြကြီး ဖြင့်မေးလိုက်သည်။

"ဟင်"


"သွား. . သွား. . အောက်မှာ အဖော်တွေရှိမယ်. . ဟီး ဟီး. . "

ဟုပြောကာ သွားကြီးဖြဲပြကာ ရယ်မောလိုက်သဖြင့် ဖိုးထင်မှာ ကြောက်လန့်တကြားနှင့် ကိုင်ထားသော နွယ်ကြိုးမှ လွတ်ကာ အောက်သို့ပြုတ်ကျသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၅)

# မြလက်စွပ်နှင့် ဆွေစဉ်မျိုးဆက်သက်သေ

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့ ခရီးထွက်ကြရန် ပြင်ဆြလေသည်။

ဖမုန်းထန်အပါအဝင် လူ(၆)ယောက်တို့မှာ သူတို့ထံမှ ခွာဖောက်ပြီး ထွက်သွားပြီးနောက်. . . လှေပေါ်မှာ လူခုနစ်ယောက် ကျန်နေခဲ့သည်။

ဒေါက်တာမင်းထင်ကျော်၊ ကျော်စွာ၊ ဦးဇန်ကောင်း

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဦးမွန်ထော်၊ စောထီး၊ မေဲအောင်နှင့် လေ့ပိုင်ရှင် ထွန်းခတို့ဖြစ်သည်။

သူတို့ထံမှ သေနတ်နှစ်လက် ကျန်ခဲ့သေးသည်။ ၎င်းတို့ထံမှ မြေပုံကို ဖမုန်းထန်တို့ ယူသွားသဖြင့် မရှိတော့သော်လည်း သူတို့အတွက်တော့ အခက်အခဲ မရှိလှပေ။

ခရီးမထွက်ခင် တစ်နေ့မှာ ဦးသာမောင်ဆိုသူ အဘိုးကြီးတစ်ယောက်ရောက်လာပြီး ထိုနေရာနှင့် ပတ်သက်သော အကြောင်းများကို ပြောပြသွားသောကြောင့် များစွာအားရှိသွားကြလေသည်။

ဦးသာမောင်မှာ အခြားမဟုတ်ပေ။

လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်လောက်က . . ဦးသတ္တ၏ဖခင် ဦးရွှေရှုံထံမှာ အလုပ်လုပ်ခဲ့သူ ဖြစ်လေသည်။ ခရီးထွက်သည့် လမ်းတစ်လျှောက်လုံးတွင် ဦးသာမောင်အား အတူလိုက်ခဲ့ပါရန် တောင်းပန်ပြောဆိုသော်လည်း သူကပြောသည်။

"တျုပ်က . . ဒီနေရာတစ်ဝိုက်မှာ နေတယ်ဆိုပေမယ့် ကိုယ့်နေရာနဲ့ကိုယ်၊ ကိုယ့်စည်းနဲ့ကိုယ် နေကြတာဆိုတော့ နေရာတိုင်းကို လိုက်ခွင့်မရှိတော့ . . မလိုက်တော့ပါဘူး"

ထိုစကားကြားသောအခါ များစွာသဘောပေါက်သွားသဖြင့် နောက်ထပ်မခေါ်တော့ပေ။

နောက်တော့ ဦးသာမောင်က အားလုံးကို နှုတ်ဆက်ပြီး နောက် တောတွင်းသို့ ပြန်သွားလေတော့သည်။





"လောကမှာ ငါတို့လိုသာမန်လူတွေ ဉာဏ်တစ်ထွာ တစ်မိုက်နဲ့ လိုက်မမီနိုင်တဲ့အကြောင်းတွေ . . . မသိနိုင်တဲ့ အကြောင်းအရာတွေ အများကြီး ရှိပါလား"

ဟု ဦးမွန်ထော်က ပြောလိုက်သည်။

"ဒါပေါ့ ဦးမွန်ထော်ရယ်၊ သုံးဆယ့်တစ်ဘုံမှာ ဝိညာဉ်လောကသားတွေနေကြတဲ့ ဘုံတွေက အများကြီးဆိုတော့ ဒီလိုဝိညာဉ်ဘဝ ရောက်နေတဲ့ သနားစရာကောင်းတဲ့ သူမျိုးတွေနဲ့ တွေ့ရတာ ဘာများဆန်းတော့မလဲဗျာ"

ဦးဝန်ကောင်းကပါ ဝင်ပြောလေသည်။

ထို့နောက်မှာ ၎င်းတို့စီးလာလှေကို မြောင်းငယ်တစ်ခုထဲသို့သွင်းကာ သစ်ကိုင်းသစ်ခက်တို့ဖြင့် ဖုံးအုပ်ထားခဲ့ပြီးနောက် စတင်ခရီးထွက်ကြလေသည်။

၎င်းတို့ဦးတည်ချက်က အရှေ့မြောက်စူးစူး အရပ်သို့ဖြစ်သည်။

"တောနက်ထဲရောက်ရင် အလောင်းတစ်လောင်း တွေ့ရလိမ့်မယ် အဲဒီအလောင်း လက်ညှိုးထိုးပြတဲ့ တည့်တည့်ကိုသာ သွားကြပေတော့"

ဦးသာမောင် မှာကြားလိုက်သော စကားဖြစ်သည်။

ထို့ကြောင့် သတိဖြင့်သွားကြလေရာ လမ်းတစ်လျှောက်လုံးမှာတော့ အန္တရာယ်များနှင့် မတွေ့ကြရပေ။

ဒေါက်တာ မင်းထင်ကျော်တို့မှာ တောနက်အတွင်းသို့ သွားလာနေကျဖြစ်သဖြင့် . . . ရှေ့ကသွားသောလူတို့၏ လမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကို ခြေရာကောက်နိုင်ရန် မခဲယဉ်းလှပေ။

လမ်းမလွှတ်သောကြောင့် ခုတ်ချခဲ့သော သစ်ပင်၊ သစ်ကိုင်းများ၊ ခြေရာများ၊ ကွမ်းတံတွေးစက်များ၊ အခြား တောနှင့် မသက်ဆိုင်သော အသုံးအဆောင်ပစ္စည်းတို့ကို သဲလွန်စခံကြည့်ကာ ခြေရာလမ်းကြောင်းအတိုင်းလိုက် သွားကြခြင်း ဖြစ်လေသည်။

ညနေပိုင်း အချိန်ရောက်တော့ ယင်မမဲရိုင်းများ ထပုံနေသောအသံကို အရင်ကြားရပြီးနောက် ချုံကွယ်တစ်ခု ကျော်လိုက်သည်နှင့် ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ သေဆုံးနေသော အလောင်းတစ်လောင်းကို တွေ့ကြရလေသည်။

အဝတ်အစားများ စုတ်ပြဲနေပြီး တစ်ကိုယ်လုံး အဝတ်အစား မရှိတော့သလောက် ဖြစ်နေသော မိန်းမတစ်ယောက်အလောင်းဖြစ်သည်။

"ဒါ တင်မေအလောင်းပဲ"

"ကျွန်တော်တို့ကို သစ္စာဖောက်သွားတဲ့ ဇမုန်းထန်ရဲ့ သမီး မဟုတ်လား"

"ဟုတ်တယ် မောင်ကျော်စွာ၊ သူ့ကြည့်ရတာ လူရိုင်းတွေလက်ချက်နဲ့ သေခဲ့ရတာ ဖြစ်မှာပဲ၊ စိတ်မကောင်းစရာပဲ"

"ဘာစိတ်မကောင်းစရာရှိလဲဆရာရယ်၊ သစ္စာမဲ့တဲ့သူတွေဆိုတာ ဒီလိုပဲ သူ့လမ်းသူသွားကြရတာပဲ"

စောထီးက ဝင်ပြောသည်။

"ဒီအတိုင်း ဆိုရင်တော့ ကျန်တဲ့လူတွေလည်း လူရိုင်း





တွေနဲ့တွေ့ပြီး သေကုန်ကြပြီလား မသိဘူး"

ငမဲအောင်ကပါပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။ တင်မေ သေဆုံးနေသည်မှာ တစောင်းအနေအထားဖြစ်ပြီး လက်တစ်ဖက်က တစ်နေရာသို့ လက်ညှိုးထိုးပြနေသကဲ့သို့ ရှိနေရာ ဒေါက်တာမင်းထင်ကျော်က ထိုနေရာဘက်ကို မှတ်သားထားလိုက်သည်။

ထို့နောက်. . တင်မေအလောင်းပေါ်သို့ သစ်ကိုင်းသစ်ခက်များဖြင့် ဖုံးအုပ်ပေးခဲ့ပြီးနောက်. . ထိုနေရာမှ ခရီးဆက်ကြလေသည်။ နေဝင်ခါနီးအချိန် ရောက်သောအခါ ကျောက်ဂူပေါက်တစ်ခုသို့ ရောက်သွားကြသည်။

ထိုဂူပေါက်ထဲမှာပင် တစ်ညနေကြရန် စိတ်ကူးပြီး ဂူထဲသို့ဝင်ကြည့်တော့ သေဆုံးနေသော အလောင်းနှစ်လောင်းကို တွေ့ရပြန်သည်။

ဇမုန်းထန်နှင့် လိုက်သွားကြသည့် သိန်းဇံနှင့် ရွှေမိုး ဆိုသော လှေထိုးသားနှစ်ယောက်၏ အလောင်းဖြစ်နေသည်။ သို့ကြောင့် ထိုနေရာမှာ စခန်းမချဘဲ အခြားလုံခြုံစိတ်ချရသော နေရာတစ်ခုရှာဖွေပြီး စခန်းချကြလေသည်။

"သူတို့ ထွက်သွားတာ(၆)ယောက်ပဲ၊ အခု လမ်းမှာတင် (၃)ယောက် သေသွားပြီဆိုတော့ (၃)ယောက်ပဲကျန်တော့တယ်"

"လူရိုင်းတွေနဲ့တွေ့ပြီး သေကြတာဖြစ်မယ်၊ သေတဲ့ နှစ်ယောက်ရဲ့ ကိုယ်ပေါ်မှာ မြားစိုက်နေတာတွေ့တယ်"

"ဟုတ်မှာပေါ့. . . ဟိုကောင်မလေးလည်း လူရိုင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သေရတာဖြစ်မယ်၊ ကျန်တဲ့သုံးယောက် အခြေအနေလည်း ဘယ်လိုရှိမယ် မသိဘူး"

"သူတို့ဆီမှာ သေနတ်တစ်လက်ပါသွားတယ်၊ ဒီဘက်က သေနတ်သံကြားတာ လူရိုင်းတွေနဲ့တွေ့လို့ ပစ်တာဖြစ်မယ် လူရိုင်းတွေက သေနတ်ကိုတော့ ကြောက်ကြတယ်"

ဟု အချင်းချင်းပြောဆိုကာ. . ပါလာသော အစားအသောက်များကို စားသောက်ရင်း နားကြသည်။ ညဥ့်နက်ပိုင်းရောက်တော့ အချို့ကအိပ်၊ အချို့ကစောင့်သည်။ ထိုညအတွက်တော့ အန္တရာယ်မတွေ့ကြရပေ။

နောက်တစ်နေ့မှာတော့ ခရီးဆက်ကြ ပြန်လေသည်၊ ဒေါက်တာမင်းထင်ကျော်မှာ မြေပုံမရှိသော်လည်း ဦးသာမောင် ပြောပြလိုက်သော လမ်းအတိုင်း သွားသည်ကတစ်ကြောင်း. . လမ်း၌တွေ့သော လူသေလက်ညှိုးထိုးပြသော နေရာဘက်သို့သော်လည်းကောင်း ဦးတည်ပြီး သွားကြရာ. . သုံးရက်မြောက်သောနေ့မှာတော့ သူတို့ရှာဖွေနေသော ကျောက်မျက်နှာတောင်ရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားကြလေတော့သည်။

တောင်၏ ပုံပန်းသဏ္ဍာန်ကို မြင်တော့ ဦးဗန်ကောင်က ရေရွတ်လိုက်သည်။

"ပုပ္ပားတောင်ကလပ်နဲ့ တူလှပါလား"

"ဟုတ်တယ် အဘ၊ ကျောက်တောင်ဖြစ်နေပုံရော. . ကျောက်နံရံမှာ နွယ်ငန်းပင်တွေ ရှိနေတာရော အားလုံးတူနေတယ်"





ရှေးအခါက ပုပ္ပားတောင်ကလပ်တွင် နွယ်ငန်းပင်ကြီးများရှိခဲ့ပြီး တောင်ထိပ်ပေါ်သို့ တက်လိုသူများက ထိုနွယ်ငန်းပင်တို့ကိုအသုံးပြုပြီး တက်ကြဆင်းကြရသည်။

"ထူးဆန်းလိုက်တာ၊ ဘာကြောင့် ဒီလောက်တောင်တစ်ထေရာတည်း တူနေရတာလဲ"

"ဟိုက အထက်ပုပ္ပားဆိုရင်. . ဒါက အောက်ပုပ္ပားလို့ပဲ ခေါ်ရမှာပေ့ါ၊ နှစ်နေရာစလုံးကတော့ ဂမ္ဘီရဆန်တဲ့ အစီကရနေရာတွေချည်းပါပဲ"

ဟုပြောဆိုကာ တောင်ခြေတစ်ဝိုက်သို့ လိုက်လံကြည့်ရှုသောအခါ အချို့နေရာများတွင် ဓားဖြင့်ခုတ်ချထားသည့် သစ်ပင်ရှိနေသေးသည်။

"ဇမုန်းထန်တို့ ဒီနေရာအထိ ရောက်လာခဲ့ပုံရတယ်"

"ဒီလိုဆို တောင်ထိပ်ပေါ်မှာများ ရောက်နေကြသလား"

"သူတို့ တောင်ထိပ်ပေါ်မှာရှိနေရင် ကျွန်တော်တို့အတွက် အန္တရာယ်မကင်းနိုင်ဘူး"

"ဒီတော့ ဘယ်လိုလုပ်မလဲ"

"ဒီအတိုင်းနေပြီး ညမှောင်တော့မှ အပေါ်တက်ကြရင် ပိုမကောင်းဘူးလား"

"ဒါလည်း ကောင်းတာပဲ"

ထိုသို့ပြောဆိုတိုင်ပင်ပြီးနောက် တောင်ခြေတစ်နေရာ၌ပင် ညအချိန်ရောက်သည်အထိ စောင့်နေကြသည်။

ညဥ့်ဦးပိုင်းအချိန်ကျော်ပြီး ပတ်ဝန်းကျင်တစ်ဝိုက်မှာ



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ရိပ်များ ဖုံးလာတော့မှ တောင်ခြေသို့ တစ်ကျော့ပြန်ကာ ချဉ်းကပ်သွားကြလေသည်။

ယခုအချိန်ထိတော့ ပတ်ဝန်းကျင်မှ အနှောင့်အယှက် အန္တရာယ်များ မတွေ့ကြရသေးပေ။ တောင်ကမ်းပါးယံ၌ ရှိနေကြသော နွယ်ရှင်များကတော့ အပေါ်တက်သွားလိုက်၊ အောက်ဆင်းသွားလိုက်နှင့် အတက်အဆင်း ပြုလုပ်နေကြသည်။

သူတို့ ခုနစ်ယောက်မှာ အားလုံးအတွေ့အကြုံ ရှိကြသည့်အပြင် သတ္တိကောင်းသူများ ဖြစ်ကြသောကြောင့် နွယ်ငန်းပင်များကိုခိုတွယ်ပြီး အပေါ်တက်ရမှာကိုပင် စိတ်ဝင်စားနေကြသည်။ ဦးစွာ ဒေါက်တာ မင်းထင်ကျော်နှင့် ဦးဗန်ကောင်းက အရင်တက်သည်။

အောက်မှ ကျန်သူများကို ကျော်စွာက သေနတ်တစ်လက်ဖြင့် စောင့်ပေးသည်။

နွယ်ငန်းပင်ကြီးများခိုကာ တအိအိနှင့် အပေါ်တက်သွားရာ တောင်ထိပ်ပေါ်ရောက်ခါနီးတော့ ဒေါက်တာ မင်းထင်ကျော်က ခြောက်လုံးပြူးသေနတ်ကို အဆင်သင့် ပြင်ထားလေသည်။ အကယ်၍ တောင်ထိပ်ပေါ်တွင် ဇမုန်းထန်တို့ရှိနေပါက လက်ဦးမှုရအောင် ကြိုတင်ပြင်ဆင်ထားခြင်း ဖြစ်သည်။

တောင်ထိပ်ပေါ်ရောက်သွားပြီးနောက်. . ချက်ချင်းမတက်သေးဘဲ အခြေအနေကို အရင်ကြည့်သည်။ ညဉ့်ဦးပိုင်းအချိန်ရောက်နေသော်လည်း တောင်ထိပ်ပေါ်မှာ အလင်းရောင်အချို့တော့ ရှိနေသေးသည်။





အခြေအနေကတော့ ထူးထူးခြားခြား မတွေ့ရပေ။ အကယ်၍ ဇမုန်းထန်တို့ ရှိနေလျှင်လည်း. . ကျောက်တုံးများနောက်၊ သစ်ပင်များနောက်ဘက်တွင် ရှိနေပေလိမ့်မည်။

သို့ကြောင့် နှစ်ယောက်သား တောင်ပေါ်သို့ တက်လိုက်သည်။ သူတို့ ရောက်သွားပြီးမှ တောင်ခြေမှာကျန်နေသူတို့က နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ တက်လာကြရာ ခုနစ်ယောက်စလုံး အပေါ်သို့ရောက်ကြလေသည်။

"သူတို့ အပေါ်မှာမတွေ့ဘူးလား"

"အခုထိတော့ ဘယ်သူမှ မတွေ့သေးဘူး"

"ဒါဖြင့် ဇမုန်းထန်တို့ ဘယ်ရောက်သွားပြီလဲ"

"တစ်နေရာမှာတော့ ရှိချင်ရှိမှာပေါ့၊ ရွှေတုံးတွေ ရပြီးလို့ ပြန်သွားကြတာလည်း ဖြစ်နိုင်တယ်"

ထို့နောက်မှာတော့ သတိကြီးစွာထားပြီး တောင်ပေါ်မှာရှိသောနေရာများကို လိုက်လံကြည့်ကြသော်လည်း ဘွင်းနက်ကြီးတစ်တွင်းမှလွဲပြီး အခြားဘာမှတော့ မတွေ့ရပေ၊

"ဒီတွင်းထဲမှာပဲ ရွှေတုံးတွေရှိတယ်၊ မနက်ပိုင်း အလင်းရောင်ရတော့မှပဲ အခြေအနေ ဆင်းကြည့်ကြတာပေါ့"

ဟုပြောပြီး. . တွင်းနက်ကြီးနှင့် မနီးမဝေးမှာရှိသော ကျောက်တုံးများနောက်မှာ ဝင်ပြီးနားကြလေသည်။

ထိုသို့နားနေကြစဉ် ညဉ့်နက်ပိုင်းရောက်တော့ တောင်ထိပ်ပေါ်သို့တက်လာသော လူအချို့ကို လှမ်းမြင်ရသည်။ ပထမတော့ ဇမုန်းထန်တို့များလားဟု ထင်မိသေးသည်။ မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဇမုန်းထန်တို့က လူနှစ်ယောက်သုံးယောက်သာ ကျန်တော့သည်။ ယခုတက်လာသူများက. . လူအတော်များသည်။ ယောကျ်ားရော အမျိုးသမီးများပါ ပါလာကြသည်။ ရှေ့ဆုံးမှလာသောလူကြီးက လက်ဆွဲမီးအိမ်တစ်လုံးကိုဆွဲကာ သူတို့ရှိနေသော နေရာဘက်သို့ လျှောက်လာကြသည်။ မနီးမဝေးရောက်တော့ အသံပြုသည်။

"ဆွေစဉ်မျိုးဆက်တွေ ရောက်လာကြပြီလား"

ထိုအသံကြားတော့ ဒေါက်တာမင်းထင်ကျော်မှာ များစွာအံ့ဩသွားလေသည်။

ထိုအသံမျိုး တစ်နေရာမှာ ကြားဖူးသလိုလိုလည်း စိတ်ထဲ၌ ထင်မိလေသည်။

မနီးမဝေးရောက်ပြီး သဲသဲကွဲကွဲ မြင်ရတော့မှ ကောင်းစွာမှတ်မိသွားသည်။ ရောက်လာသူများမှာ အခြားမဟုတ်ပေ၊ စောမြဝတီနှင့် မင်္ဂလာပွဲကျင်းပ[illegible]ည့်ခံစဉ်က ရောက်လာကြသော မြယာကုန်းရွာမှ ဦးဒီပနှင့်အတူ လာကြသူများ ဖြစ်ကြလေသည်။

"အခုလို ပြန်တွေ့ရတာ ကျုပ်တို့က ဝမ်းသာပါတယ်"

"ဟုတ်. . ဟုတ်ကဲ့. . ကျွန်တော်ကလည်း ဝမ်းသာပါတယ်"

"ဆွေစဉ်မျိုးဆက် အထောက်အထားရော. . ပါလာရဲ့လား"

ချက်ချင်းတော့. . မေးသည့်အဓိပ္ပာယ်ကို မသိသလို





ဖြစ်သွားသော်လည်း နောက်တော့ သတိရသွားလေသည်။

"ပါပါတယ် ခင်ဗျာ. . ၊ ဒီမှာပါ"

ဒေါက်တာ မင်းထင်ကျော်က သူ့လက်မှာ ဝတ်ဆင်ထားသော ဒေါ်စောမြ ပေးလိုက်သည့် မြလက်စွပ်ကို ထောင်ပြလိုက်သည်။ ထိုမြလက်စွပ်ကို မြင်တော့ ဦးဒီပက ခေါင်းတစ်ချက်ညိတ်ပြလေသည်။

"မှန်ပါပေတယ်၊ ဒါ ကျုပ်သမီး အမြဲဝတ်ဝတ်ဆင်တဲ့ လက်စွပ်ပါပဲ၊ ဒီလို ဆွေစဉ်မျိုးဆက် ပိုင်ဆိုင်ခဲ့တဲ့ လက်ဝတ်ရတနာ ပါလာရင်တော့. . . ဒီမှာရှိတဲ့ပုဂ္ဂိုလ်တွေက အနှောင့်အယှက် မပေးကြတော့ပါဘူး၊ ရွှေထွေကိုယူသွားပြီး ကုသိုလ်ကောင်းမှုပြုပြီးရင်သာ ကျုပ်တို့ကို အမျှအတန်းဝေပေးဖို့ မမေ့ပါနဲ့၊ သူတို့ မေ့နေရင်လည်း သတိပေးလိုက်ပါ"

"စိတ်ချပါ ကျွန်တော်ဆောင်ရွက်ပေးပါမယ်"


ဟု ကတိပေးလိုက်သောအခါမှ ကျေနပ်သော အမူအရာဖြင့် နှုတ်ဆက်ပြောဆိုပြီး ပြန်သွားကြလေတော့သည်။

ဦးဗန်ကောင်း ပြောသကဲ့သို့ပင် (၃၁)ဘုံတွင် လူ့ဘုံထက် အခြားပရလောက ဘုံသားများက ပိုများသည်ဆိုသော စကားမှာ အငြင်းပွားစရာ မလိုတော့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း [၁၆]

# မရဏာကျိန်စာကျောက်မျက်နှာ

တစ်ညလုံး အနှောင့်အယှက်ကင်းစွာဖြင့် နေခဲ့ကြရပြီး နောက်မှာတော့ နောက်တစ်နေ့ နံနက်ပိုင်းအချိန် အလင်းရောင်ရသောအချိန်မှာတော့ ကျောက်တွင်းထဲသို့ဆင်းရန် ပြင်ကြလေသည်။

"မောင်ကျော်စွာရယ် . . ကိုထွန်းခရယ် . . အဘတို့ နှစ်ယောက်က အပေါ်ကစောင့်ကြ၊ ကျွန်တော်တို့ သုံးယောက်က တွင်းထဲ ဆင်းကြည့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ထင်ကျော်တို့ သုံးယောက်ချည်းဖြစ်ပါ့မလား"

"စိတ်မပူပါနဲ့ ဖြစ်ပါတယ်"

"ကျွန်တော်ပါ လိုက်ခဲ့ရမလား"

"မောင်ကျော်စွာ လိုက်လို့မဖြစ်ဘူး၊ ဗမုန်းထန်တို့ဆီမှာ သေနတ်တစ်လက် ပါသွားတယ်၊ အကယ်၍ သူတို့ရောက်လာရင် သေနတ်ပစ်တတ်တဲ့သူတစ်ယောက် ရှိနေမှဖြစ်မယ်"

ထိုသို့ပြောတော့မှ ကျော်စွာလည်း သဘောပေါက်သွားလေသည်။

" တွင်းထဲဆင်းဖို့ နွယ်ကြိုးတွေ သုံးမှာလား ဆရာ" စောထီးက မေးသည်။

"နွယ်တွေက နွယ်ရှင်တွေဆိုတော့ သုံးလို့မဖြစ်ဘူး၊ သူတို့က ဆင်းလိုက်တက်လိုက် လုပ်နေတော့ ကိုယ်ဆင်းချင်တဲ့အချိန်ဆင်း. . တက်ချင်တဲ့အချိန် တက်လို့မရနိုင်ဘူး၊ ဒီတော့ စိတ်ချရအောင် ငါတို့မှာပါလာတဲ့ကြိုးတွေပဲ ဆက်ပြီးဆင်းမယ်၊ ရှိတဲ့ကြိုးတွေကိုသာ ခိုင်အောင်ဆက်ကြပေတော့ "

ဟု ပြောလိုက်ရာ စောထီးနှင့် ငမဲအောင်က ကြိုးခွေများ ဆက်ပေးကြသည်။

ဦးမွန်ထော်နှင့် ထွန်းခတို့က တွင်းထဲဆင်းသောအခါ အသုံးပြုနိုင်ရန် မီးတုတ်များ လုပ်ပေးကြသည်။ အသင့်သယ်လာသော ဖယောင်းခဲ၊ ကညင်ဆီ၊ အဝတ်စုတ်တို့ဖြင့် ပြုလုပ်ကြခြင်းဖြစ်သည်။

ထိုကဲ့သို့ ပြုလုပ်ပြီးသောအခါ ဒေါက်တာမင်းထင်ကျော်





က မီးတုတ်တစ်ချောင်းကိုမီးရှို့ပြီး တွင်းထဲသို့ ပစ်ချလိုက်သည်။

တွင်းထဲတွင် အသက်ရှူရန် လေရမရ သိစေရန်နှင့်. . တွင်းအနက်ကို သိစေရန်. . ထိုကဲ့သို့ ပစ်ချလိုက်ခြင်း ဖြစ်ပေသည်။

ပစ်ချလိုက်သောမီးတိုင်က အောက်ခြေအထိ ရောက်သွားသော်လည်း မီးမငြိမ်းပေ။

မီးတောက်ကို အပေါ်မှမြင်နေရသည်။

သို့ကြောင့် သုံးယောက်သား အိတ်တစ်လုံးစီနှင့် အခြားလိုအပ်မည်ထင်သော ပစ္စည်းအချို့ကိုပါ ထိုအိတ်ထဲထည့်သည်။

စောထီးနှင့်ငမဲအောင်မှာ ဓားတစ်လက်စီပါပြီး၊ ဒေါက်တာမင်းထင်ကျော်ထံမှာ ခြောက်လုံးပြူးသေနတ်တစ် လက်ပါသည်။

အားလုံးအဆင်သင့် ဖြစ်ပြီးသောအခါ သုံး ယောက်တစ်ပြိုင်တည်း တွင်းထဲဆင်းကြလေသည်။

အပေါ်မှာကျန်နေသူတို့က ကြိုးစကို တစ်နေရာမှာချည်ထားပြီး အလျော့အတင်း ပြုလုပ်ပေးကြသည်။

ကျောက်နံရံမှာ ပြောင်ချောကြီး ဖြစ်နေသော်လည်း အချို့နေရာများ၌ အပြင်သို့ ထိုးထွက်နေသော ကျောက်ဖွန်းအချို့ရှိသည်။

ထိုကျောက်စွန်းများပေါ် ရောက်လျှင် ခဏဝင်နားပြီးမှ ဆက်ဆင်းလေသည်။

ကျောက်နံရံ၌ အချို့နေရာများ၌ ရေများစိုစွတ်နေသာ



www.burmeseclassic.com

www.burmeseclassic.com



ချောနေသည်။ သူတို့သုံးယောက်မှာ မီးတိုင်တစ်တိုင်သာ အသုံးပြုသောကြောင့် အချို့နေရာများကို မမြင်ရပေ။

တစ်နေရာရောက်သောအခါ အပြင်သို့ ထွက်နေသော ကျောက်စွန်းတစ်ခုပေါ်မှာ ခဏဝင်နားပြီး အောက်သို့ဆက်ဆင်းလိုက်သောအခါ ကျောက်နံရံမှာပေါ်နေသော ကျောက်မျက်နှာကြီးတစ်ခုနှင့် မျက်နှာချင်းဆိုင် ဖြစ်သွားသည်။

"ဟီး. . ဟီး. . ဟီး. . ဟီး. . ရောက်လာပြီလား"

အသံသြသြကြီးဖြင့်မေးရာ ပထမတော့ ဘာပြန်ပြောရမှန်း မသိပေ။

"ဒီမှာနေဖို့ လာတာလား၊ ကောင်းတာပေါ့ အဖော်ရတာပေါ့"

"နေဖို့လာတာ မဟုတ်ပါဘူး၊ ရွှေတွေကို လှူဖို့ လာယူတာပါ"

ထိုသို့ပြောတော့ မျက်လုံးပြူးကြီးနှင့် ကြည့်နေသည်။

"ရွှေတွေလှူပြီးရင် အားလုံးကိုအမျှဝေပေးပါမယ်၊ ကျွန်တော်က သက်ဆိုင်သူတစ်ယောက်ပါပဲ ဒီမှာ အထောက်အထားပါပါတယ်"

ဟု ဝတ်ထားသော မြလက်စွပ်ကို ထောင်ပြလိုက်သည်၊ ထိုသို့ပြသောအခါ မျက်လုံးပြူးကြီးနှင့် ကြည့်နေရာမှ ကျောက်မျက်နှာကြီးမှာ တဖြည်းဖြည်း ပုံသဏ္ဌာန် ပြောင်းသွားပြီးနောက် ကျောက်သားနံရံအတိုင်း ပြန်ဖြစ်သွားလေတော့သည်။

သို့ကြောင့်. . . အောက်သို့ ဆက်ဆင်းသည်။





နောက်တစ်နေရာရောက်တော့ ကျောက်မျက်နှာကြီး အချို့နှင့် ထပ်တွေ့သော်လည်း ရှေးနည်းအတိုင်းကို ပြောပြီး. . မြလက်စွပ်ကို ပြသောအခါ ပြန်ပျောက်သွားကြလေသည်။

ဤသို့ဖြင့် တစ်ဆင့်ပြီးတစ်ဆင့်၊ တစ်ထစ်ပြီးတစ်ထစ် ဆင်းသွားကြရာ နောက်ဆုံးတော့ အောက်ခြေသို့ ရောက်သွားကြလေသည်၊

ထိုနေရာတွင် သူတို့ပစ်ချလိုက်သော မီးတိုင်ပင် မီးမသေသေးပေ။

တစ်နေရာမှ ဝင်လာသောလေကိုလည်း ကောင်းစွာ ရနေသည်။ အောက်တွင် အလောင်းတစ်လောင်း ရှိနေသည်။ လှေသမား ဖိုးထင်၏အလောင်းပင် ဖြစ်သည်။ ကျောက်တုံးကြားမှာ ဦးခေါင်းညပ်ကာ သေဆုံးနေခြင်း ဖြစ်သည်။

ထိုနေရာရောက်ပြီး လိုက်လံကြည့်သောအခါ တွင်း၏ အောက်ခြေတွင် သဘာဝအတိုင်းဖြစ်နေသော ကျောက်လိုဏ်ခေါင်းကြီးရှိနေသည်။

တစ်နေရာမှာလည်း တသွင်သွင်စီးနေသော ချောင်းတစ်ချောင်းလည်း ရှိသည်။

ဒေါက်တာ မင်းထင်ကျော်က မီးရောင်ဖြင့် ထိုကျောက်လိုဏ်ခေါင်းကြီးအတွင်းသို့ လိုက်လံကြည့်ရာ. . အချို့နေရာတွင် ဒီးကျောက်များကြောင့် ပုံသဏ္ဌာန် မပျက်ရှိနေသော လူအရိုးစုအတော်များများကို တွေ့ရသည်။ နှစ်ပေါင်းများစွာ ကြာခဲ့ဟန်ဖြင့် ကျောက်ဖြစ်ရုပ်ကြွင်းဘဝ ရောက်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် နောက်မှာရှိနေသော စောထီးက လှမ်းပြောလိုက်သည်။

"ဆရာ . . ဆရာ . . ဒီမှာ လာကြည့်ပါဦး"

ဟုခေါ်သဖြင့် သူတို့ရှိနေသော စမ်းချောင်းနံဘေးသို့ လျှောက်သွားသောအခါ စောထီးက အတုံးတစ်တုံးကို လှမ်းပေးသဖြင့် ယူကြည့်လိုက်သည်။

"ဟင် . . ရွှေတုံးကြီးပါလား"

"ချောင်းကမ်းစပ် တစ်လျှောက်မှာ ဒီလို ရွှေတုံးမျိုးတွေ အများကြီး ရှိနေတယ်"

"ဟန်ကျပြီပေါ့ကွာ . . ငါတို့ ကြိုးစားရကျိုး နပ်ပြီပေါ့"

ဟုပြောဆိုကာ ထိုနေရာတစ်ဝိုက်သို့ လိုက်လံရှာဖွေကြရာ . . စမ်းချောင်းကမ်းဘေး တစ်ဖက်တစ်ချက်တွင် အရွယ်အစား အမျိုးမျိုးဖြင့် ရွှေတုံးအမြောက်အမြားကို တွေ့ကြရလေသည်။

အချို့ရွှေတုံးများမှာ ထန်းသီးလုံး၊ ပန်းသီးလုံးခန့် အရွယ်အစားရှိပြီး၊ အချို့ကျတော့ အရွယ်အစားသေးသည်၊ လောက်စာလုံးအရွယ်၊ ကျောက်ဒိုးအရွယ်စားခန့်၊ ဆီးသီးအရွယ်၊ မန်ကျည်းသီးအရွယ်မျှသာရှိသော ရွှေတုံးများကလည်း နေရာအနှံ့အပြားတွင် တစ်ပုံတစ်ပင် ရှိနေကြသည်။

အချို့ရွှေတုံးများမှာ ရေညှိများ တက်နေသဖြင့် . . အရောင်အဆင်း မပေါ်သော်လည်း ရေနှင့်နီးသောနေရာမှာရှိသည့် ရွှေတုံးများကတော့ ရေတိုက်စားမှုကြောင့် . . ဝင်းလက်





တောက်ပနေကြသည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ ထိုအနီးတစ်ဝိုက်မှာ ရှိနေသော ရွှေတုံးများကို ရသမျှကောက်ယူပြီး အပေါက်ဝနေရာတွင် စုပုံထားသည်။

အတော်များများရတော့မှ အိတ်များဖြင့်ထည့်ကာ ကြိုးဖြင့်ချည်ပြီး အပေါ်မှ ဆွဲတင်စေသည်။

အပေါ်မှ စောင့်နေကြသူများမှာလည်း ဒေါက်တာမင်းထင်ကျော်တို့အတွက် များစွာစိတ်ပူနေကြရာ ရွှေတုံးအိတ်များ ရောက်လာတော့မှ စိတ်ချမ်းသာသွားကြသည်။

ရွှေအိတ်များ အတော်များများရောက်သွားသောအခါမှ သုံးယောက်စလုံး အပေါ်သို့ပြန်တက်ကြလေသည်။

အပေါ်ပြန်ရောက်တော့ နေ့လယ်ပိုင်း အချိန်ပင် ရှိနေသေးသည်။

"တော်ပါသေးရဲ့ မောင်ထင်ကျော်ရယ်၊ ကျုပ်တို့ဖြင့် အပေါ် ပြန်ရောက်မလာမချင်း စိတ်ပူနေကြတာ၊ ဒါထက် တွင်းထဲမှာ ဘာတွေတွေ့ခဲ့ရသေးသလဲ"

ဦးဗန်ကောင်းကမေးသဖြင့် . . ဖိုးထင်အလောင်းနှင့် ကျောက်မျက်နှာကြီးများ တွေ့ခဲ့ရပုံတို့ကို ပြန်ပြောလိုက်သည်။

"စေတနာမှန်သော ကံတရားလို့ပဲ ပြောရတော့မှာပဲ၊ ကျုပ်တို့က ကောင်းမှုကုသိုလ်ပြုဖို့ ရည်ရွယ်ချက်နဲ့ လာကြတာဆိုတော့ အနှောင့်အယှက်တွေနဲ့ သိပ်မတွေ့ရဘဲ အောင်မြင်ခဲ့ကြတာဖြစ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် အချိန်လည်း ရှိသေးတယ်ဆိုတော့ ဘာလုပ်ကြမလဲ"

"တောင်အောက် ပြန်ဆင်းကြရမှာပေါ့"

ဟု ပြောဆိုတိုင်ပင်ကာ လူအချို့က အောက်သို့ အရင်ဆင်းသွားသည်။

နောက်မှ ရွှေထုပ်များကို တစ်ထုပ်ပြီး တစ်ထုပ်ချသည် ရွှေထုပ်များကုန်တော့မှ ကျန်သည့်လူများက ဆင်းလာကြသည်၊ သူတို့အားလုံး တောင်ခြေရောက်သောအခါ မနီးမဝေး နေရာမှ သေနတ်သံ နှစ်ချက်သုံးချက် ကြားလိုက်ရသည်။ နောက်တော့ မကြားရတော့ပေ။

"သေနတ်သံကြားတယ် သံပချိုင်တို့ပဲ ဖြစ်လိမ့်မယ်"

"မသွားသေးဘဲ ဒီနေရာကပဲ အခြေအနေ စောင့်ကြည့်ကြသေးတာပေါ့၊ ကျောက်တုံး နောက်ကွယ်တွေမှာနေပြီး လက်နက်တွေကို အဆင်သင့် ပြင်ထားကြပါ"

ဟုပြောသဖြင့် လေးမြားလက်နက် ပြင်သူကပြင်၊ ဓားလှံ၊ သေနတ်တို့ကို အကြောင်းရှိပါက အသုံးချနိုင်ရန် အဆင်သင့်ပြင်ထားကြသည်။

မကြာမီ တောတိုးလာသောအသံများ စတင်ကြားလာရသည်။ အသံကြားရာဘက်သို့ စောင့်ကြည့်နေစဉ် တောထဲမှ လူနှစ်ယောက် ပြေးထွက်လာသည်။

ဇမုန်းထန်နှင့် သံပချိုင်တို့နှစ်ယောက် ဖြစ်သည်။

သံပချိုင်မှာ ဒဏ်ရာရလာဟန်ရှိပြီး ဇမုန်းထန်ကတော့





ကျည်ဆန်မရှိတော့သည့် သေနတ်ကိုကိုင်ပြီး ဒရောသောပါး ပြေးထွက်လာကြခြင်း ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့က. . ကျောက်တုံးများ နောက်၌ ရှိနေကြသောကြောင့် ရုတ်တရက် မမြင်ကြသေးပေ။

သူတို့နှစ်ယောက် ထွက်လာပြီး မရှေးမနှောင်းမှာပင် နောက်မှ လူရိုင်းအချို့ ပြေးလိုက်လာကြသည်။

စုစုပေါင်း (၁၀)ယောက်ခန့်ရှိပြီး ဓားလှံများ ကိုင်ထားကြလေသည်။

သံပချိုင်နှင့် ဇမုန်းထန်တို့နှစ်ယောက် ပြေးလာသောဘက်မှာ ဒေါက်တာမင်းထင်ကျော်တို့ ရှိနေသော နေရာဘက်ဖြစ်သည်။ မနီးမဝေး ရောက်သောအခါ. . နောက်မှလိုက်လာသော လူရိုင်းများကို သေနတ်ဖြင့် ပစ်သူကပစ်၊ လေးမြားဖြင့် ပစ်သူကပစ်ရာ. . ရှေ့ဆုံးမှပြေးလာသော လူရိုင်းအချို့ လဲကျသွားလေသည်။

လူရိုင်းများမှာ မမျှော်လင့်ဘဲ သေနတ်ဖြင့် အပစ်ခံရသဖြင့် အံ့ဩသွားဟန်ဖြင့် တန့်သွားသည်။ နောက်တစ်ကြိမ် ထပ်ပစ်တော့ သုံးလေးယောက် လဲကျသွားရာ. . ကျန်နေသည့် လူရိုင်းအချို့မှာ တောထဲသို့ ပြန်ဝင်ပြေးကြလေသည်။

ဇမုန်းထန်နှင့် သံပချိုင်တို့လည်း ဒေါက်တာ မင်းထင်ကျော်တို့နှင့် ပြန်တွေ့ရသဖြင့် ကြောက်ရွံ့နေကြသည်။

၎င်းတို့ထံမှ ကျည်ဆန်မရှိတော့သောသေနတ်ကို ကျော်စွာက ပြန်ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ မှားခဲ့ပါတယ်ဗျာ၊ ကြိုက်သလိုသာ အပြစ်ပေးပါတော့၊ အခုတော့ ကျုပ်ရဲ့မိုက်မဲမှုကြောင့် သမီးတင်မေလည်း ဆုံးခဲ့ရပါပြီ"

ဟု ဇမုန်းထန်က တောင်းပန်သည်။

"တွင်းထဲမှာ ဖိုးထင်အလောင်း တွေ့ခဲ့တယ်၊ ခင်ဗျားတို့ နှစ်ယောက်က ဘယ်လိုကဘယ်လို တောထဲရောက်နေကြတာလဲ"

ဒေါက်တာ မင်းထင်ကျော်က မေးလိုက်သည်။

"သူ့ကို တွင်းထဲဆင်းခိုင်းပြီး. . ကျုပ်တို့က အပေါ်က စောင့်နေတုန်း မကောင်းဆိုးဝါးတွေ ရောက်လာပြီး ခြောက်လှန့်ကြလို့ တောင်အောက်ပြန်ဆင်း ပြေးရတာပါပဲ၊ တောထဲ ရောက်တော့လည်း လူရိုင်းတွေလိုက်လို့ ပြေးခဲ့ရတာပါ။ ဆရာတို့နဲ့တွေ့လို့သာပေါ့. . . မဟုတ်ရင် သေလောက်ပါပြီ"

"ဒီရွှေတုံးတွေက မထိုက်တဲ့သူတွေ ယူလို့မရဘူးဆိုတာ ခင်ဗျားတို့က သိမှမသိပဲကိုး၊ လောဘစိတ်နဲ့ မဆင်မခြင်လုပ်ခဲ့ကြတော့ အခု မသေသင့်ဘဲ ခင်ဗျားသမီးနဲ့ အခြားသူတွေ သေခဲ့ရတယ်"

"မှားပါပြီဗျာ၊ အခုတော့ ဒီရွှေတွေလည်း မလိုချင်တော့ပါဘူး"

"ဟုတ်ပါတယ် ဆရာရယ်၊ ကျွန်တော်တို့နှစ်ယောက်ကို သနားသောအားဖြင့် ပြန်ခေါ်သွားပေးပါဗျာ"

ဟု သံပချိုင်ကပါ ဝင်ပြောလေသည်။





"ကျွန်တော်က ခင်ဗျားတို့ နှစ်ယောက်အပေါ်မှာ ခွင့်လွှတ်ပါတယ်၊ အတူတူ ပြန်လိုက်ခဲ့ကြပေတော့"

ဟုပြောဆိုကာ ၎င်းတို့နှစ်ယောက်ကိုပါခေါ်ပြီး လှေရှိသောနေရာသို့ ပြန်ဆင်းကြလေသည်။ ဝှက်ထားခဲ့သော လှေနေရာ ပြန်ရောက်သောအခါ ခြေရာလက်ရာမပျက် ပြန်တွေ့ကြရသဖြင့် များစွာဝမ်းသာသွားကြလေသည်။

ထို့နောက် လှေကိုရေထဲပြန်ချပြီးနောက် ရေစုန်အတိုင်း အောက်ဘက်သို့ ပြန်စုန်ခဲ့ကြလေသည်။ လမ်းတစ်လျှောက်လုံး ရေစုန်ဆင်းရသဖြင့် အဆန်ခရီးလောက် မပင်ပန်းတော့ပေ။

လမ်းတစ်လျှောက်လုံး အနှောင့်အယှက် မတွေ့ရဘဲ ပြန်လာခဲ့ရာ ရက်အတန်ကြာသောအခါ ဦးမွန်ထော်တို့နေရပ်ဖြစ်သော ဘားအံသို့ ပြန်လည်ရောက်ရှိလေသည်။ ထိုနေရာ ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်က ယူလာသော ရွှေတုံးများမှ အချို့တစ်ဝက်ကို ဦးမွန်ထော်၊ သံပချိုင်၊ ဇမုန်းထန်၊ စောထီး၊ ငမဲအောင်၊ လှေသမား ထွန်းခတို့အား. . . ခွဲဝေပေးလိုက်ရာ များစွာဝမ်းမြောက်ဝမ်းသာ ရှိကြလေတော့သည်။

ဒေါက်တာ မင်းထင်ကျော်တို့လည်း ဘားအံ၌ တစ်ရက်နှစ်ရက်လောက်သာ နားနေပြီးနောက် ရန်ကုန်သို့ ပြန်လာကြလေတော့သည်။






www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၇)

# အချိုမြဆုံးအပြုံးမျက်နှာ

တစ်နေ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်တော် စနေထောင့်၌ရှိသော ပုညကုသလ ဗဟုကုရအသင်း(စီအမ်အေ တန်ဆောင်း)တန်ဆောင်းအတွင်း၌ အလှူပွဲတစ်ခု ကျင်းပနေလေသည်။

အလှူပွဲကျင်းပသောအကြောင်းမှာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေစင်ရွှေသားများ ကပ်လှူသောပွဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကာ ရေစက်ချ အခမ်းအနား ကျင်းပနေကြခြင်း ဖြစ်သည်။ အလှူ့ဒါယကာမှာ နတ်မောက်လမ်း၌ နေထိုင်သော သူဌေးကြီး ဦးသက္ကနှင့် ဒေါ်စောမြတို့ပင် ဖြစ်ပေသည်။

ဦးသက္ကမှာ ခင်မင်ရင်းနှီးသော မိတ်ဆွေများသူဖြစ်ရာ ရေစက်ချပွဲသို့ ၎င်းနှင့်ခင်မင်ရင်းနှီးသော မိတ်ဆွေအချို့ကိုပါ ဖိတ်ကြားထားလေသည်။

၎င်းတို့မှာ ပွဲစားကြီး ဦးဘဆင်၊ ပုလိပ်မင်းကြီး ဟောင်း ဦးဘိုးထင်၊ စက်ရှင်တရားသူကြီး ဦးစိန်မောင်၊ ဆရာဝန်ကြီး ဦးမောင်လေး၊ ဝတ်လုံတော်ရ ဦးဘကျော် စသောပုဂ္ဂိုလ်များ ဖြစ်ကြလေသည်။

မိတ်ဆွေဟောင်းများ တွေ့ကြုံခဲ့ကြသောအခါ စကား လက်ဆုံ၊ ပြောမကုန်အောင် ရှိနေကြသည်။

"ပွဲစားကြီး ဦးဘဆင်ရဲ့အလှူပွဲမှာ တွေ့ကြတုန်းက ကျုပ် ပြောဖူးတဲ့ စကားတစ်ခွန်းရှိပါတယ် တခြားတော့ မဟုတ်ပါဘူး။ ကျုပ်တို့လူမျိုးတွေဟာ ကံကိုတော့ အလွန်ပဲ ယုံကြည်ကြတယ်၊ ဉာဏ်နဲ့ဝီရိယကိုတော့ သင့်သလောက်ပဲ အသုံးပြုကြတယ်ဆိုတဲ့ စကားပါပဲ"

ဟု ဦးဘကျော် က စကားစသည်။

"ဒါကလည်း ခင်ဗျားပြောဖူးသားပဲ ကိုယ့်တိုင်းပြည်မှာ မြေပေါ်မြေအောက်မှာရှိတဲ့ သယံဇာတတွေ ရွှေငွေရတနာတွေ ဒီလောက်ပေါနေတာကို ဝီရိယနဲ့ ရှာဖွေဖို့မကြိုးစားဘဲ ကံပေးသမျှနဲ့ပဲ ကျေနပ်နေကြတာဗျ"





"ဒီလိုလည်း တစ်ထစ်ချတော့ မဟုတ်သေးဘူးဗျ. . ၊ ခင်ဗျားပြောတဲ့ ရွှေငွေရတနာတွေ၊ သယံဇာတတွေက ရထိုက် ရတာမျိုးတွေလည်း ရှိပါတယ် "

ဦးဘဆင်က ဝင်ပြောသည်။

"ဦးဘဆင်ပြောတာ မှန်တယ်၊ တချို့ ရွှေငွေရတနာ တွေက ကျိန်စာဆိုထားတာတွေ၊ အစောင့်အရှောက်တွေ ရှိနေ တော့ ယူချင်တိုင်း ယူလို့မရဘူးဗျ"

ဦးဘိုးထင် စကားကို ဦးစိန်မောင်ကလည်း ထောက်ခံ လေသည်။

"ဟုတ်တယ်ဗျ. . . ဒါကြောင့် ကျုပ်တို့တိုင်းပြည်မှာ ဥစ္စာသိုက်တွေအများကြီး ရှိနေတာပေါ့"

ထိုစကားဝိုင်းနှင့် မနီးမဝေးတွင် ဦးသက္ကလည်း ရှိနေ သောကြောင့် ဦးမောင်လေးက လှမ်းမေးလိုက်သည်။

"အရင်တစ်ခါက ဦးသက္ကပြောခဲ့ဖူးတဲ့ စကားတစ်ခွန်း ရှိတယ်၊ အချို့ရတနာပစ္စည်းတွေက. . သုံးထိုက်မှ သုံးရတယ်၊ ရထိုက်မှ ရတယ်၊ ကံဉာဏ်ဝီရိယတွေ မဆိုင်ဘူးလို့ ပြောခဲ့တယ် မဟုတ်လား"

"မှန်ပါတယ်ဗျာ"

"ဘယ်လို အဓိပ္ပာယ်လည်းဗျ တစ်ဆိတ်လောက် ရှင်းပြ ပါဦး"

"ဒါကတော့ အစောင့်အရှောက်တွေနဲ့ သက်ဆိုင်တဲ့ ကျိန်စာတွေ အမိန့်ဒွာန်ပြုထားခဲ့တာတွေ ကြောင့်ဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်. . ခင်ဗျားပြောတဲ့ ရွှေတွေရတနာတွေက ဘယ်သူမှယူလို့ မရနိုင်တဲ့သဘောမျိုးပေါ့ ဟုတ်ပါသလား"

"ဒီလိုတော့ တစ်ထစ်ချ ပြောလို့မရပါဘူး၊ သက်ဆိုင်တဲ့သူတွေ၊ ပဋ္ဌာန်းဆက်ရှိတဲ့ သူတွေကို ယူခွင့်ပေးပါတယ်"

"သာဓက တစ်ခုလောက် ပြောပြပေးပါလားခင်ဗျ"

ထိုအခါ ဦးသက္ကက ၎င်းတို့ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြောပြလိုက်လေသည်။ ထိုအကြောင်းအရာများကို ကြားသောအခါ. . အားလုံးမှာ များစွာအံ့သြကြလေတော့သည်။

"အခု. . . ဘုရားမှာ ရွှေစင်ရွှေပြား ကပ်လှူတဲ့ ရွှေပိဿာချိန်ပေါင်းများစွာက ကျောက်မျက်နှာတောင်ကြားက ယူခဲ့တဲ့ ရွှေတွေပေါ့. . . ဟုတ်လား"

"မှန်ပါတယ်. . သက်ဆိုင်သူတစ်ယောက်ကို လွှတ်ပြီး ယူခိုင်းခဲ့တာပါပဲ၊ သွားယူခဲ့တဲ့ သူကလည်း တခြားသူမဟုတ်ပါဘူး၊ ကျုပ်ရဲ့သားသမက်ဖြစ်တဲ့ ဒေါက်တာ မင်းထင်ကျော်ပါပဲဗျာ"

လွန်ခဲ့သောသုံးလခန့်က. . ဦးသက္ကသမီးဖြစ်သူ စောမြဝတီနှင့် ဒေါက်တာမင်းထင်ကျော်တို့ ရုတ်တရက် လက်ထပ်လိုက်သောသတင်းကို ကြားသိရသဖြင့် အံ့သြနေကြရာ ယခုဦးသက္ကပြောပြသော အကြောင်းအရာများကို ကြားရသောအခါ ထိုအံ့သြမှုများ ပြေပျောက်သွားကြလေတော့သည်။

ထို့နောက်မှာတော့ မိတ်ဆွေများသည် တွေ့ကြုံရခိုက်





အခြားအကြောင်းများကိုလည်း ဆက်လက်ပြောဆိုနေကြလေသည်။

ထိုအချိန်မှာပင် ဓမ္မာရုံနှင့် မနီးမဝေးမှာရှိသည့် လူသူရှင်းသော ဓမ္မာရုံတစ်ရုံပေါ်မှာတော့ လူနှစ်ယောက်ရှိနေလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် စောမြဝတီတို့နှစ်ယောက်ပင်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော် လက်ထဲမှာ စာရွက်လိပ်တစ်လိပ် ပါလာလေသည်။

စောမြဝတီကတော့ ထိုစာရွက်လိပ်ကို မြင်ကတည်းက မျက်နှာသိပ်မကောင်းပဲ ရင်ထဲမှာလည်း စိုးရိမ်စိတ်အနည်းငယ် ဝင်နေလေသည်။

"ခင် ဒီစာရွက်ကို မှတ်မိတယ် မဟုတ်လားဟင်"

"မှတ်မိပါတယ် မောင်၊ ကွာရှင်းစာချုပ် မဟုတ်လားဟင်"

"ဟုတ်ပါတယ် ခရီးမထွက်ခင်က ဦးပေးထားခဲ့တာပါ"

"မှန်ပါတယ် ကျွန်မဘက်ကတော့ ထွေထွေထူးထူး ပြောစရာအကြောင်း မရှိပါဘူး၊ မောင်ဆုံးဖြတ်တာကိုပဲ လက်ခံမှာပါ"

"တကယ်လို့. . မောင့်ဘက်က ခင်နဲ့ တစ်သက်လုံးပဲ လက်တွဲသွားဖို့ ရည်ရွယ်ထားတယ် ဆိုရင်တော့ ခင်သဘောက ဘယ်လိုထားမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မဘက်ကတော့ မောင်သာ အဲသည်လို ဆုံးဖြတ်ပေးမယ်ဆိုရင် ကျေကျေနပ်နပ်နဲ့ လက်ခံပေးမှာပါ"

ဒေါက်တာ မင်းထင်ကျော်က ကျေနပ်စွာဖြင့် ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

"မောင်က ဒီလိုဆုံးဖြတ်ထားရင်တော့ ကျွန်မသိချင်တာ မေးချင်ပါတယ်"

"မေးပါ"

"တခြားတော့ မဟုတ်ပါဘူး၊ ကျွန်မအပေါ်မှာ တကယ်ချစ်နိုင်ပြီလားလို့ သိချင်တာပါ"

"ခင်နဲ့ တွေ့ရတာ အချိန်မကြာသေးပေမယ့်၊ အတူတူနေခွင့်ရတာ မကြာသေးပေမယ့် မေတ္တာစစ်နဲ့ တကယ်ပဲချစ်နေမိပါပြီ"

"ဒီစကားကြားရတာ ဝမ်းသာလှပါတယ်"

"ခင်ကရော မောင့်အပေါ်မှာ ဘယ်လိုသဘောထားသလဲဟင်"

"ကျွန်မလည်း မောင်နဲ့ထပ်တူပါပဲ၊ ရှေးဘဝရေစက်ကြောင့်ပဲ ထင်ပါရဲ့၊ မြင်တွေ့ကတည်းက ဘဝဟောင်းကတည်းက ချစ်ခဲ့ရသူတစ်ယောက်ကို ပြန်တွေ့ရသလိုပဲ စိတ်ထဲက ခံစားမိပါတယ်"

"ဒါဖြင့် . . ဘဝတစ်လျှောက်လုံး သစ္စာရှိရှိနဲ့ ချစ်ကြပြီး အတူတူ လက်တွဲသွားကြမယ်နော်"

စောမြဝတီက ချိုမြသောအပြုံးဖြင့် ခေါင်းညိတ်ပြလေ





သည်။

"မောင်တို့နှစ်ယောက်အတွက် ဒီစာချုပ်က မလိုအပ်တော့ပါဘူး"

ဟုပြောဆိုကာ ဒေါက်တာ မင်းထင်ကျော်က လက်ထဲမှာကိုင်ထားသော ကွာရှင်းစာချုပ်ကို အစိတ်စိတ် အမွှာမွှာ ဖြစ်အောင် ဆုတ်ဖြဲကာ အောက်သို့ကြဲချလိုက်လေတော့သည်။

စာရွက်အပိုင်းအစကလေးများက မြေပေါ်သို့ ပြန့်ကျဲကာကျသွားလေသည်။

လေတိုက်နေသောကြောင့် စာရွက်အပိုင်းအစလေးများမှာ ဝဲပျံလူးပ်ရှားနေကြရာ စောမြဝတီ မျက်စိထဲမှာတော့ လှပသော လိပ်ပြာတလေးများ ပျံသန်းနေသည်ဟု ထင်မိလေသည်။

ထိုအခိုက်မှာပင် ရင်ထဲမှာ ခိုတွယ်နေခဲ့သော စိုးရိမ်စိတ်ကလေးများမှာလည်း လွင့်ပါးပျောက်ကွယ်သွားလေသည်။ ရင်ထဲမှာရှိသော စိုးရိမ်ကြောင့်ကျမှုများ၊ သောကတို့သည် အပြုံးကို အနှောင့်အယှက်ဖြစ်သော အရာများဖြစ်ကြသည်။

ယခု သူမရင်ထဲမှာ ထိုအရာများ လွင့်ပါးပျောက်ကွယ်သွားခဲ့ပြီဖြစ်သောကြောင့် နှုတ်ခမ်းစွန်းတစ်ဝိုက်မှာ လှပသော အပြုံးရိပ်ကလေးများ ပေါ်လာလေသည်။

ထိုအပြုံးတို့မှာ နှင်းရည်စက်တို့ဖြင့် ထိတွေ့ခွင့်ရသော ပန်းပွင့်ကလေးများပမာ လန်းဆန်းတက်ကြွမှု ရှိလှသည်။

ရင်ထဲမှာ အချစ်စိတ်ဖြစ်ပေါ်လာသော အနှိုင်းသည်



www.burmeseclassic.com

www.burmeseclassic.com



နွေဦးရာသီတစ်ခုကို အစပျိုးခြင်းဖြစ်သည်။

ထိုကဲ့သို့သောအချိန်မျိုးမှာ အချိန်နဲ့နေ့ရက်တွေကို သတိပြုမိတော့မှာမဟုတ်ဘဲ သူ့အလိုအလျောက် ကုန်ဆုံးသွားကြပေလိမ့်မည်။

ဒေါက်တာမင်းထင်ကျော်က စောမြဝတီမျက်နှာကို ကြည့်ပြီး ပြုံးပြလိုက်သည်။

"ခင်. . ကျေနပ်သွားပြီ မဟုတ်လား"

သူမက ပြုံးနေရင်းနှင့်ပင် ခေါင်းညိတ်ပြသည်။

ပါးစပ်က ဖွင့်မပြောစေကာမူ သူမ အမူအရာများကို မြင်ရုံဖြင့် ဘယ်လောက်ဝမ်းသာပျော်ရွှင်နေမည်ကို သိသာနိုင်ပေသည်။

"ဒီကနေ့ကစပြီး. . မောင်နဲ့ ခင်တို့နှစ်ယောက် တစ်ဦးအပေါ် တစ်ဦး သစ္စာရှိရှိနဲ့ ချစ်သွားကြဖို့ စေတီတော်ကြီးမှာ ဆုတောင်းကြရအောင်နော်"

ဟုပြောဆိုကာ ဒေါက်တာမင်းထင်ကျော်က စောမြဝတီ လက်ကလေးကိုဆွဲကာ ဇရပ်ပေါ်မှ ဆင်းလာကြလေသည်။ လေ တဖြူးဖြူး တိုက်နေသောကြောင့် ညောင်ရွက်လှုပ်ခတ်သံများ ကြားနေရသည်။

ဆွဲလည်းသံလေးများကလည်း နေရာအနှံ့မှ သာယာ ကြည့်နူးဖွယ်ရာ ပေါ်ထွက်နေလေရာ. . ချစ်သူနှစ်ဦးအတွက် ကောင်းချီးပေးနေသကဲ့သို့ ရှိနေပေတော့သည်။

ယခုတော့ အရာအားလုံးတို့သည် လောကအတွက်






အလှဆုံး အသွင်သဏ္ဌာန်ကို ဆောင်နေကြပေပြီ။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (သုဝဏ္ဏကျိန်စာ ကျောက်မျက်နှာ)အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်သည် လည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။ ။

အနိယာ ဟောန္တု သုခီအတ္တာနံ ပရိဟရန္တု



စာပြီးချိန်။ ။၂၀၁၃ ခုနှစ်၊ အောက်တိုဘာ(၁၄)ရက်၊ တနင်္လာနေ့၊ နံနက်(၄)နာရီ



www.burmeseclassic.com